

စိတ်ကူးချိုချိုအနုပညာ

# ဟိမဝန္တာ ယောဂီ ပါရဂူ

ဆရာပါရဂူ၏ပုံမနှိပ်ရသေးသော
နောက်ဆုံးလက်ရာတစ်ခု





mgyne.com

mgyoe.com

# ဟိမဝန္တာယောဂီ

ပါရဂူ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၆၀၀ ကျပ်

၈၀၈ · ၈၃

ဟိမဝန္တာယောဂီ
ပါရဂူ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၃၄၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ဟိမဝန္တာယောဂီ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဟိမဝန္တာယောဂီ

ပါရဂူ

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | က |
| ၁။ | ကျား၏ဂူတွင်း၌ | ၁ |
| ၂။ | ကမ္ဘသည် ပြုသူ | ၃ |
| ၃။ | ကျက္ကရ(စက္က) | ၉ |
| ၄။ | ကျောက်စရစ်ခဲဟာဟာ | ၁၂ |
| ၅။ | ကမ္ဘာချဉ်းအောင်တည်မည့်. . . | ၁၅ |
| ၆။ | ကမ္ဘာလောက၏အလှ | ၂၀ |
| ၇။ | ကျွန်ုပ် လက်ထပ်ရမလား | ၂၄ |
| ၈။ | ကျွန်ုပ်၏ဂုရုဒေဝနှင့် မိဘနှစ်ပါး | ၂၈ |
| ၉။ | ကျွန်ုပ်၏ဂုရုနှင့် သားတော်ဆွာမိ | ၃၈ |
| ၁၀။ | ကျွန်ုပ်၏တိဗက်ဆရာ့ဆရာ (၁) | ၄၂ |
| ၁၁။ | ကျွန်ုပ်၏တိဗက်ဆရာ့ဆရာ (၂) | ၄၆ |
| ၁၂။ | ကျွန်ုပ်၏တိဗက်ဆရာ့ဆရာ (၃) | ၅၀ |
| ၁၃။ | ကျွန်ုပ်၏တိဗက်ဆရာ့ဆရာ (၄) | ၅၃ |
| ၁၄။ | ကျွန်ုပ်၏တိဗက်ဆရာ့ဆရာ (၅) | ၅၆ |
| ၁၅။ | ကျွန်ုပ်၏တိဗက်ဆရာ့ဆရာ (၆) | ၅၉ |


mgyoe.com

mgyoe.com

၁၆။ ကျိန်စာနှင့် ဆုမွန် ၆၃
၁၇။ ခရစ်တော်ကိုးကွယ်သော ဟိန္ဒူဆာဓူး ၆၈
၁၈။ ခါးသီးသော အမှန်တရားနှင့် ကောင်းကျိုးမင်္ဂလာ ၇၁
၁၉။ ခန္ဓာကိုယ်အပြောင်းအလဲ ၇၉
၂၀။ ခန္ဓာဝန်စွန့်နည်း ၈၂
၂၁။ ဂါထာမန္တရား ၈၇
၂၂။ ဂါထာမန္တရားကို အလွဲသုံးစားပြုခြင်း ၉၄
၂၃။ ဂုရုနှင့် ဆရာ ၁၀၀
၂၄။ ဂူထဲက မထွက်ရ ၁၀၅
၂၅။ ငါ့ကိုပိုင်သူမှာ လူသားအားလုံး ၁၁၀
၂၆။ စိတ်တန်ခိုးနှင့် သဘာဝလောက ၁၁၃
၂၇။ ဆရာဝန်တစ်ယောက်ရဲ့ အမြင်အကြား ၁၁၆
၂၈။ ဆွာမိဘဝ၏ ပထမဦးဆုံးနေ့ ၁၁၉
၂၉။ ဆွာမိ၏ ဘဝ ၁၂၄
၃၀။ ဆွာမိနှင့်ကချေသည် ၁၂၇
၃၁။ ဆွာမိနှင့်ဘုရားသခင် ၁၃၂
၃၂။ ဇာတိနှင့် မရဏသည် ကော်မာနှစ်ခုသာ(၁) ၁၃၉
၃၃။ ဇာတိနှင့် မရဏသည် ကော်မာနှစ်ခုသာ(၂) ၁၄၃
၃၄။ ဇာတိနှင့် မရဏသည် ဘဝဂ်ပုဒ်မနှစ်ခု (၃) ၁၄၈
၃၅။ တစ္ဆေသရဲ ၁၅၁
၃၆။ တရားလမ်းပေါ်က အနှောင့်အယှက် ၁၅၅
၃၇။ တန္တရဂိုဏ်း ၁၅၈
၃၈။ တန္တရလား ပဉ္စလက်လား ၁၆၁

mgyoe.com

mgyoe.com


၃၉။ တစ်ဝက် 'သည်မှာ' တစ်ဝက် 'ဟိုမှာ' ၁၆၅

၄၀။ တိုက်ရိုက်အသိပညာ ၁၆၉

၄၁။ နာမည်ကျော် အမျိုးသမီးယောဂီ ၁၇၅

၄၂။ ပန်းတောထဲက ရသေ့ တပသီ ၁၈၀

၄၃။ ပြီးပြည့်စုံသူ ၁၈၈

၄၄။ ဖူးရောင်နေသော မာန်မာန ၁၉၅

၄၅။ ဘဂဝတ်ဂီတာနှင့် သမ္မာကျမ်းစာ ၁၉၈

၄၆။ ဘယ်မှာလဲ ငါ့မြည်း ၂၀၂

၄၇။ ဘယ်သူက အစစ်လဲ ၂၀၇

၄၈။ မဟာရိရှိရာမန် ၂၁၁

၄၉။ မာယာ ၂၁၄

၅၀။ မိခင်ဆရာမကြီး ၂၁၉

၅၁။ မျက်ရည်ကျသောရုပ်တု ၂၂၄

၅၂။ မဟာတ္တမဂန္ဒီ၏ သင်္ခမ်းကျောင်း၌ ၂၂၇

၅၃။ မျက်နှာဖုံးကိုခွာပါ ၂၃၁

၅၄။ မောဟ၏ခြေရာများ ၂၃၆

၅၅။ မုဆိုးမလေး၏ ကံကြမ္မာ ၂၄၀

၅၆။ မြွေကို မကြောက်ပါနှင့် ၂၄၃

၅၇။ ယောဂီများ စံပျော်ရာ ၂၅၁

၅၈။ ရေနစ်သူကို ဆယ်သော ဆွာမိ ၂၅၄

၅၉။ ရတနာလား မီးလား ၂၅၇

၆၀။ လူတစ်ကိုယ်လုံးမျက်စိ ၂၆၀

၆၁။ လူသတ်သမားမှ ယောဂီသို့ ၂၆၃


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၆၂။ | လောကထဲတွင်နေသော်လည်း လောကအထက်က | ၂၆၇ |
| ၆၃။ | လောကအရသာခံစားပြီးမှ တောထွက်ပါ | ၂၇၀ |
| ၆၄။ | သမိုင်းကိုတည့်မတ်အောင် ပြုလုပ်ခြင်း | ၂၇၄ |
| ၆၅။ | သတ္တိပါတ | ၂၇၉ |
| ၆၆။ | သံယောဇဉ်ကင်းရေး သင်ခန်းစာ | ၂၈၄ |
| ၆၇။ | သဲပေါ်က သင်ခန်းစာ | ၂၈၈ |
| ၆၈။ | သေမင်းနှင့်ချိန်းထားခြင်း | ၂၉၃ |
| ၆၉။ | သေရမှာမကြောက်ပါနှင့် | ၂၉၉ |
| ၇၀။ | သိဒ္ဓိတန်ခိုးလား၊ ရာဇဝတ်မှုလား | ၃၀၆ |
| ၇၁။ | ဟိမဝန္တာဂူကျောင်း | ၃၁၀ |
| ၇၂။ | ဟိမဝန္တာတောင်က ခရစ်တော် | ၃၁၄ |
| ၇၃။ | ဟိမဝန္တာမှ ခရစ်ယာန်ရသေ့ | ၃၁၉ |
| ၇၄။ | အရှုံးသည် အမြတ် | ၃၂၄ |
| ၇၅။ | လိုက်လေဝေးလေ | ၃၂၇ |
| ၇၆။ | အဇ္ဈတ္တိကအရည်အသွေး | ၃၃၀ |
| ၇၇။ | အသက်ရာကျော်နေနည်း | ၃၃၄ |
| ၇၈။ | အဝတ်မဝတ်သော ဆာဓူးနှစ်ပါး | ၃၃၉ |
| ၇၉။ | အံ့ဖွယ်တန်ခိုးရှင် | ၃၄၂ |
| ၈၀။ | ဟိမဝန္တာဘုရားကျောင်း၌ ဆေးကုခြင်း - ၂ | ၃၄၆ |


mgyoe.com

mgyoe.com

## အမှာစကား

အိန္ဒိယ၌ နှစ်ပေါင်းများစွာနေခဲ့ဖူးသော မိမိကို အိန္ဒိယ၌ နေစဉ်က ဟိမဝန္တာဂူအောင်း ဟိန္ဒူယောဂီများကို တွေ့ခဲ့ဖူးသလားဟု မေးကြသည်။ အိန္ဒိယ၌နေစဉ်က မိမိတို့မှာ မြို့ပြ၌သာအနေများသောကြောင့် ဟိမဝန္တာဂူအောင်း ယောဂီများကို မတွေ့ခဲ့ဖူးကြောင်း ပြောပြရသည်။ အိန္ဒိယ၌နေစဉ်က ဟိမဝန္တာဂူအောင်း ယောဂီများကို မတွေ့ရသော်လည်း မြန်မာနိုင်ငံပြန်လာပြီး နှစ်အတန်ကြာသောအခါ ရန်ကုန်မြို့၌ ဟိမဝန္တာဂူအောင်းယောဂီတစ်ဦးကို တွေ့ရသည်။ မိမိတို့အသိ ဟိန္ဒူအမျိုးသားတစ်ဦး၏အိမ်၌ ဟိမဝန္တာဂူအောင်း ယောဂီကြီးတစ်ယောက် ရောက်နေသည့်သတင်းကြားရသည်ဖြစ်၍ မိမိတို့ သွားတွေ့ကြသည်။ မိမိနှင့်အတူ ဆရာမာဃနှင့် ငွေဥဒေါင်းတို့လည်း ပါလာသည်။

ဟိမဝန္တာဂူအောင်းယောဂီကြီးသည် ကမ္ဘာတစ်ခွင်လည်ပတ်ပြီး မြန်မာနိုင်ငံရောက်ရှိလာခြင်း ဖြစ်သည်။ ဟိန္ဒူဆံနွယ်ဆိများဝတ်ရုံလေ့ရှိသော ယောဂီရောင်အဝတ်အစားကို ဝတ်ထားပြီး ယောဂီရောင်ဖျင်ဦးထုပ် ဆောင်းထားသည်။ ဟိမဝန္တာဂူအောင်းယောဂီကြီးသည် ဟိန္ဒူဘာသာနှင့်ပတ်သက်သော ဓမ္မကျမ်းဂန်အတော်များများကို ရေးသားသည့်အပြင် ဟိမဝန္တာဂူအောင်း ယောဂီပုဂ္ဂိုလ်များ ရရှိသော စူပါနထရယ် ပါဝါနှင့်ပတ်သက်၍လည်း ထင်ရှားကျော်ကြားနေသော ယောဂီပုဂ္ဂိုလ်ကြီးဖြစ်သည်။ သူတည်းခိုနေသော မိမိတို့၏အသိ အိမ်ရှင်က တစ်ဆင့် ယောဂီပုဂ္ဂိုလ်ကြီးသည် နှလုံးသွေးခုန်နှုန်း ရပ်ထားနိုင်သူဖြစ်ကြောင်း သိရှိရသည်။ ယင်းသို့ နှလုံးသွေးခုန်ရပ်

mgyoe.com

mgyoe.com



သွားခြင်း၏ အခိပ္ပာယ်မှာ အသက်ပျောက်သွားခြင်းပင်ဖြစ်သည်။ ယောဂီပုဂ္ဂိုလ်ကြီး နှလုံးသွေးခုန်ခြင်းကို ရပ်ထားချိန်၌ ဆရာဝန်များ ကိုယ်တိုင် စမ်းသပ်စစ်ဆေးခဲ့သည် ဟူ၍လည်း ကြားသိခဲ့ရသည်။ ယောဂီကြီးနှင့်မိမိတို့တွေ့ဆုံသည့်အခါ မိမိတို့က ယောဂီကြီးအား "ယောဂီကြီး နှလုံးသွေးခုန်ခြင်းကို ရပ်ထားနိုင်သည်ဟူ၍ ကြားသိရပါသည်။ ကျွန်ုပ်တို့ ကြားသိရသည့် အတိုင်းမှန်ပါသလား" ဟု မေးကြည့်သည်တွင် ယောဂီပုဂ္ဂိုလ်ကြီးက ယခင် ဟိမဝန္တာ ဂူအောင်းစဉ်ကတော့ နှလုံးသွေးခုန်ခြင်းကို မိနစ်ပေါင်းများစွာ ရပ်ထား နိုင်ကြောင်း၊ ယခု အလေ့အကျင့် မရှိတော့သည်ဖြစ်၍ ယခင်ကလို အချိန်ကြာကြာ ရပ်တန့်မထားနိုင်သော်လည်း မိနစ်အတန်ငယ်ကြာမျှမူ ရပ်တန့်နိုင်သေးကြောင်း ပြောပြီးလျှင် မိမိတို့အား သူ၏နှလုံးသွေးခုန်နှုန်းကို စမ်းသပ်ကြည့်နိုင်ကြောင်း ပြောပြသည်။ မိမိတို့က စမ်းသပ်ကြည့်သောအခါ ယောဂီကြီးပြောသည့် အတိုင်း နှလုံးသွေးခုန်နှုန်း မိနစ်အတန်ကြာ ရပ်တန့်သွားသည်ကို တွေ့ရသည်။ ထိုအချိန်ကျမှပင် အိမ်ရှင်များပြောသည့်အတိုင်း ဂူအောင်းယောဂီကြီး၏ စူပါနထရယ် ပါဝါကို သိရှိသွားကြသည်။

ဂူအောင်းယောဂီ ပုဂ္ဂိုလ်ကြီးသည် မိမိတို့နှင့်တွေ့ဆုံသောအခါ မန္တလေးမြို့သို့လည်း ရောက်ပြီးနေပြီ။ မန္တလေးရောက်စဉ် အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသနှင့်လည်း တွေ့ဆုံခဲ့ပြီးပြီ။ ရန်ကုန်ရောက်စကလည်း မဟာစည် ဆရာတော်ကြီးကို သွားရောက်ဖူးပြီးပြီ။ ဂူအောင်းပုဂ္ဂိုလ်ကြီးသည် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသနှင့် စကားဆွေးနွေးပြောခဲ့ရသည်ကို အလွန် ကျေနပ်မှု ရှိလာသည်။ မဟာဂန္ဓာရုံဆရာတော်ကြီးအား "အရှင်ဘုရားက တရားထူး တွေ့တယ် ဆိုရင်လည်း တပည့်တော်ကို အကြောင်းကြားပါ" ဟု လျှောက်ထားခဲ့ကြောင်း မိမိတို့ကို ပြောပြသည်။ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဟိမဝန္တာယောဂီ ပုဂ္ဂိုလ်ကြီးတို့ တွေ့ဆုံခန်းကို မိမိဆောင်းပါး ရေးသားလိုက်သည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးနှင့် ပတ်သက်ပြီး ဆရာတော် ဦးဃောသိတရေးသော 'တစ်ဘဝ သာသနာ' စာအုပ်တွင် မိမိရေးသော ဆောင်းပါး ကိုးကားရေးသားထားသည်ကို တွေ့ရသည်။

ဟိမဝန္တာဂူအောင်း ယောဂီပုဂ္ဂိုလ်ကြီးနှင့် တွေ့ဆုံသည့်အချိန်နှင့် မရှေးမနှောင်း မိမိတို့ထံ စာအုပ်တစ်အုပ် ရောက်ရှိလာသည်။ ယင်းစာအုပ်၏ အမည်မှာ 'Living With HImalayan Master' ဖြစ်သည်။ စာအုပ်ရေးသူပုဂ္ဂိုလ်မှာ ဆွာမိရာမ ဖြစ်သည်။ ယင်းစာအုပ်သည် Super Natural Power ရှိသော ဟိမဝန္တာယောဂီများ အကြောင်း ရေးထားသည်ဖြစ်၍ အိန္ဒိယပြည်တွင်း၌သာမက ပြည်ပ၌ပင် ထင်ပေါ်ကျော်ကြားသွားသော စာအုပ်ဖြစ်သည်။ မြန်မာနိုင်ငံသို့လည်း ရောက်ရှိလာသည်ဖြစ်၍

mgyoe.com

mgyoe.com



မြန်မာ့စာဖတ် ပရိသတ်ထဲတွင်လည်း ဂယက်ရိုက်သွားသော စာအုပ်ဖြစ်သည်။ ယင်း စာအုပ်ကို ဖတ်ကြည့်သောအခါ Super Natural Power နှင့် ပတ်သက်သော အရေး အသားတော်တော်များများကို တွေ့ရသော်လည်း သူ၏ရေးသားချက်များသည် မျက် ကန်းရေးသားခြင်းမျိုး မဟုတ်ဘဲ သိပ္ပံနည်းကျအောင် ကြိုးစားပြီး ရေးထားသော ဆောင်းပါးဖြစ်သည်ကို တွေ့ရသည်ဖြစ်၍ ယင်းဆောင်းပါးများကို ထိုအချိန်က ပုံနှိပ်ထုတ်ဝေသော စာစောင်အချို့တွင် မိမိ၏ကလောင်ခွဲအမည်တစ်ခုဖြစ်သော ပုဏ္ဏာရိက ကလောင်အမည်ဖြင့် မြန်မာပြန် ရေးသားထားဖူးသည်။ ယင်းဆောင်းပါး များကို စုပေါင်းလျက် စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေရန် ပြောဆို သံကြားနေရသော် လည်း စာအုပ်အဖြစ် ရောက်မလာခဲ့ပေ။ နှစ်ပေါင်း အတန်ကြာလာပြီးသည့် ယခု အချိန်ကျမှ 'ဟိမဝန္တာယောဂီ' စာအုပ်အမည်ဖြင့် စာဖတ် ပရိသတ်ရှေ့ ရောက်ရှိလာခြင်း ဖြစ်သည်။

ပါရဂူ

၁၉၊၂၀၀၈

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျား၏ ဂူတွင်း၌

ကျွန်ုပ်သည် တစ်ခါတုန်းက နီပေါတောတန်းဒေသ တရာအိဘဝါသို့ တစ်ယောက်တည်း ခရီးထွက်သွားသည်။ နီပေါနိုင်ငံမြို့တော် ကတ်မန္ဒူသို့ အရောက်သွားရမည်ဖြစ်သည်။ တစ်နေ့ မိုင်နှစ်ဆယ်၊ သုံးဆယ် ခရီးပေါက်အောင်လျှောက်သည်။ နေဝင်ပြီးသည့်နောက်တွင် မီးဖိုဖိုပြီး တရားထိုင်သည်။ ထို့နောက် အိပ်သည်။ နောက်တစ်နေ့ လေးနာရီတွင် ခရီးဆက်ပြီး ဆယ်နာရီထိုးသည်အထိလျှောက်သည်။ ထို့နောက် ရေနှင့်နီးသော သစ်ပင်တစ်ပင်အောက်တွင် ထိုနေ့ နေ့ခင်းအချိန် တစ်ချိန်လုံး ထိုင်နေသည်။ တစ်ဖန် သုံးနာရီခွဲမှ ညနေ ၇ နာရီအထိ ဆက်လျှောက်ပြန်သည်။ ကျွန်ုပ်ဖိနပ်မစီးပေ။ ကျွန်ုပ်တွင် စောင်တစ်ထည်၊ ကျားရေတစ်ခု၊ ရေကရားတစ်ခုသာပါသည်။

တစ်ညနေ ခြောက်နာရီလောက်တွင် မောပန်းလာသည်ဖြစ်၍ ကျွန်ုပ်သည် အနီးဆုံးလမ်းမှ နှစ်မိုင်လောက်ဝေးသော လိုဏ်ဂူတစ်ခုတွင် ခေတ္တခဏ နားမည်ဟု ဆုံးဖြတ်လိုက်သည်။ ဂူအတွင်း၌ အတန်ငယ်စိုထိုင်းနေသဖြင့် ဂူအတွင်းရှိ မြေပြင်ပေါ်တွင် စောင်ကိုဖြန့်ခင်းလိုက်သည်။ စောင်အခင်းပေါ်တွင် လဲလျောင်းပြီး မျက်လုံးမှိတ်လိုက်သည်နှင့်တစ်ပြိုင်နက် ကျားပေါက်ကလေးသုံးကောင်သည် သံသေးသံကြောင်ကလေးများဖြင့်အော်ပြီး ကျွန်ုပ်ကိုယ်ကို ကုတ်ခြစ်ကြသည်။ ကျားပေါက်ကလေးများသည် ဆာလောင်နေကြသည်။ ကျွန်ုပ်ကို သူတို့၏ မိခင်ကျားမကြီးဟု ထင်မှတ်နေပုံရသည်။ ကျားပေါက်ကလေးများသည် ၁၂ ရက်သား၊ ၁၅ ရက်သားလောက်သာ ရှိဦးမည်။ မိနစ်အတန်ကြာမျှ လဲလျောင်းနေရင်းက ကျွန်ုပ်သည် ကျားပေါက်ကလေးများနှင့် ကစားနေသည်။

mgyoe.com

mgyoe.com


ကျွန်ုပ် ထထိုင်လိုက်သောအခါ ကျားပေါက်ကလေးများ၏ မိခင် ကျားမကြီး ဂူဝ၌ ရပ်နေသည်ကို တွေ့မြင်ရသည်။ အစပထမ၌ ကျားမကြီး ကျွန်ုပ်ကို ကိုက်သတ်တော့မည်ဟု ကြောက်ရွံ့ထိတ်လန့်သွားသည်။ သို့သော်လည်း ချက်ချင်း အားတင်းပြီးလျှင် "ငါ ကျားပေါက်ကလေးများကို ရန်ပြုလိုသည့် စိတ်မရှိ။ ကျားမကြီး ဂူဝက ဖယ်ပေးလျှင် ငါ ဂူအပြင်ထွက်သွားမည်" ဟု အကြံပြုလိုက်သည်။

ထို့နောက် စောင်နှင့် ရေကရားကို ကောက်ယူလိုက်သည်။ မိခင် ကျားမကြီးသည် ဂူဝမှ ဆုတ်ခွာသွားသည်။ ကျွန်ုပ်လည်း ဂူအပြင်ဘက်ထွက်လာခဲ့သည်။ ကျွန်ုပ် ဂူဝမှ ဆယ့်ငါးကိုက်လောက်အဝေးသို့ ရောက်သွားသောအခါ မိခင်ကျားမကြီးသည် ငြိမ်သက်စွာ သူ့ကျားပေါက်ကလေးများရှိရာ ဂူတွင်းသို့ ဝင်ရောက်သွားသည်။ ယင်းကဲ့သို့သော အတွေ့အကြုံများသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား ထိတ်လန့်ကြောက်ရွံ့ခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် အကူအညီပေးသည့်အပြင် တိရစ္ဆာန်နှင့် လူသားတို့၏အကြား၌ ရှိနေသော စည်းလုံးညီညွတ်မှုကို နားလည်သဘောပေါက်စေသည်။ တိရစ္ဆာန်တို့သည် အကြမ်းဖက်ခြင်းကို လည်းကောင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်းကိုလည်းကောင်း အလွယ်တကူ အနံ့ ခံတတ်သည်။ ထို့နောက် အပြင်းအထန် ခုခံသူ ဖြစ်လာနိုင်သည်။ သို့ရာတွင် လူများနှင့် ရင်းနှီးခင်မင်မှုရှိလာသည့်အခါတွင်ကား တိရစ္ဆာန်တို့သည် လူတို့ကို ကာကွယ်သူ၊ စောင့်ရှောက်သူ ဖြစ်လာနိုင်သည်။

လူသားတစ်ယောက်သည် အခြားလူသားတစ်ယောက်အား အန္တရာယ်ထိတွန်းပို့နိုင်သည်။ သို့ရာတွင် တိရစ္ဆာန်များအနေနှင့်မူ ထိုကဲ့သို့လုပ်သည်မှာ အလွန်ရှားသည်။ သတ္တဝါအားလုံး၏ မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်ခြင်း အသိသည် အလွန်တရာ ထက်သန်အားကောင်းသည်။ သို့ရာတွင် တိရစ္ဆာန်တို့သည် လူတို့ထက် ပင် ချစ်ခင်သူများသည့်အတွက် အကျိုးပြုကြသည်။

တိရစ္ဆာန်များ၏ ခင်မင်ရင်းနှီးမှုသည် စိတ်ချရသည်။ နှောင်ကြိုး မရှိပေ။ လူလူချင်းဆက်ဆံရေးမှာ နှောင်ကြိုးအပြည့်ရှိသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ပတ်လည်၌ နံရံများကို ကာရံထားကြပြီးလျှင် မိမိတို့၏ အတွင်းသန္တာန်နှင့်လည်းကောင်း၊ အခြားလူများနှင့်လည်းကောင်း အထိအတွေ့ လက်လွတ်ဆုံးရှုံးနေကြသည်။ အကယ်၍ မိမိတို့နှင့် အခြားသူများ၏ ဆက်ဆံရေးအတွက် ပင်ကိုသဘာဝဖြစ်သော အရေးပါခြင်းရှိကြမည်ဆိုလျှင် များများစားစား ကြိုးစား အားမထုတ်ရဘဲနှင့် သဘောပေါက်လာနိုင်သည်။

❖

mgyoe.com

mgyoe.com

# ကမ္ဘာသည်ပြုသူ

ဥရိယဗာဗာအမည်ရှိ ယောဂီတစ်ဦး၏အကြောင်းကို ကျွန်ုပ် အကြိမ်များစွာ ကြားရသည်။ ဥရိယဗာဗာသည် သူ၏ ပညာနှင့်ပတ်သက်၍လည်းကောင်း၊ သူ၏ တရားအလုပ်နှင့်ပတ်သက်၍ လည်းကောင်း၊ အလွန်ထင်ရှားကျော်ကြားသော ယောဂီပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ ဗရိန္ဒာဗန်၌ နေသည်။

ကျွန်ုပ်၏ဆရာအရှင်က ကျွန်ုပ်ကို ထိုယောဂီပုဂ္ဂိုလ်ကြီးနှင့် အတူနေထိုင်ရန် စေလွှတ်လိုက်သည်။ ကျွန်ုပ်ကို ကောင်းကောင်းသိနေသော ယောဂီကြီး၏တပည့်တစ်ဦးက ကျွန်ုပ်ကို ဗရိန္ဒာဗန်သို့ ခေါ်သွားသည်။ ဗရိန္ဒာဗန်ရောက်ရှိသွားသောအခါ ထိုယောဂီပုဂ္ဂိုလ်ကြီးကို တွေ့ရန်အတွက် စောင့်နေကြသော ရာပေါင်းများစွာသော လူတို့ကို တွေ့မြင်ရသည်။ သူ၏တပည့်က ကျွန်ုပ်ရောက်ရှိလာသည့်အကြောင်း ယောဂီကြီးအား သွားအကြောင်းကြားသည်။ ယောဂီကြီးသည် သူ၏တပည့်အား ကျွန်ုပ်ကို သူ့အခန်းထဲခေါ်သွားရန် ညွှန်ကြားသည်။

ထိုယောဂီပုဂ္ဂိုလ်ကြီးသည် အသက် ၆၅ နှစ်ခန့်ရှိလိမ့်မည်။ အရပ်ပုပျပ်ပျပ်ဖြစ်သည်။ မြောက်ပိုင်းအိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးသော ပညာရှင်များထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ယောဂီကြီးတွင် တစ်ပြည်လုံး၌ နောက်လိုက်တပည့်များ အများအပြားရှိသည်။ ကျွန်ုပ်အပေါ်တွင်လည်း ယောဂီကြီးသည် အလွန်တရာ ထောက်ထားငဲ့ညှာသော စိတ်ထားရှိသည်။ .

ညနေချမ်းအချိန်များ၌ ကျွန်ုပ်တို့သည် ယမုံနာမြစ်ကမ်းပါးသို့ ကိုယ်လက်သန့်စင်ရန် သွားလေ့ရှိကြသည်။ တစ်ခုသော ညနေချမ်းအချိန်၌ ကျွန်ုပ်က ယောဂီ

mgyoe.com

mgyoe.com


ကြီးအား "လောကီလူ့ဘောင်ကို စွန့်ခွာခြင်းသည် လူ့လောကထဲတွင် နေခြင်းထက် သာလွန်သလား၊ မည်သည့်အရာက မှန်ကန်သောလမ်းစဉ် ဖြစ်ပါသလဲ" ဟု မေးကြည့်သည်။ ထိုအချိန်အတောအတွင်း ကျွန်ုပ်သည် ကမ္မနှင့်ပတ်သက်သော ဒဿနသဘောတရားကို လေ့လာနေသည်။ ကမ္မဟူသည်မှာ အကြောင်းနှင့် အကျိုးတရား ဖြစ်သည်ဟူ၍ ကျွန်ုပ်သိထားသည်။ ကမ္မ၏ ယင်းအမြွာနိယာမတရားမှ လွတ်မြောက်ဖို့ရန် ခက်ခဲသည်ဟူ၍လည်း သဘောပေါက်ထားသည်။

ယောဂီကြီးက ကျွန်ုပ်ကို ပြောပြသည်။ "လူတိုင်း လူတိုင်း လောကီ လူ့ဘောင်က ထွက်ခွာသွားဖို့ မလိုပါဘူး။ လောကီလူ့ဘောင်က ထွက်ခွာသွားတဲ့ လမ်းစဉ်ကို လိုက်ဖို့ဆိုတာ အလွန်တရာ ခက်ခဲတယ်၊ အမှန်က လောကီလူ့ဘောင်မှာရှိနေတဲ့ အရာဝတ္ထုတွေကို စွန့်လွှတ်ဖို့မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုရင် လူသားတစ်ယောက် အနေနှင့် ဘယ်လို ပစ္စည်းဝတ္ထုမျိုးကိုမှ အမှန်တကယ် ပိုင်ဆိုင်တယ်ဆိုတာ မရှိတဲ့ အတွက် ဖြစ်တယ်။ ဒါကြောင့် အရာဝတ္ထုတစ်ခုခုကို စွန့်လွှတ်ဖို့ မလိုပါဘူး။ ဒါပေမဲ့ ပိုင်ဆိုင်မှုဆိုတဲ့ အစွဲကိုတော့ စွန့်လွှတ်ရလိမ့်မယ်။

"လောကီလူ့ဘောင်ထဲမှာ နေနေ၊ လောကီလူ့ဘောင်အပြင်ဘက်မှာနေနေ ဒါလောက် ထူးခြားမှုရှိတာ မဟုတ်ဘူး။ ကမ္ဘာလောကရှိ အရာဝတ္ထုများကို တပ်မက်ခြင်းဟာ ဒုက္ခ၏အကြောင်းဖြစ်တယ်။ ဘယ်အရာဝတ္ထုကိုမဆို တွယ်တာ တပ်မက်ခြင်း ကင်းတဲ့ ပုဂ္ဂိုလ်ဟာ ကမ္မ၏အနှောင်အဖွဲ့မှ လွတ်မြောက်မှုရရှိတယ်။ လုပ်ငန်းဆောင်တာ ပြုလုပ်မှုလမ်းပေါ် လျှောက်သွားတဲ့လူဟာ မိမိတာဝန်ဝတ္တရားများကို စွန့်ပယ်ခြင်းမပြုလုပ်ဘဲ ကိုယ်ကျိုးကို ဘေးဖယ်ထားပြီး ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်ဆောင်ရွက်ဖို့လိုတယ်။ လောကီလူ့ဘောင်က ထွက်ခွာသွားတဲ့လူဟာ လောကီအရာဝတ္ထုများကို စွန့်ပယ်ပြီး လောကီအရာဝတ္ထုများနှင့် ဝေးရတာန့် ထွက်ခွာသွားကြတယ်။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ဟာ မဆောင်ရွက်လျှင် မဖြစ်တဲ့ သူ၏တာဝန်ဝတ္တရားများကိုလည်း ပြုလုပ်ဆောင်ရွက်တယ်။

"လောကီလူ့ဘောင်ထဲမှာ အိမ်ထောင်ရှင်များအနေနှင့် နေထိုင်ကြတဲ့ လူတွေကလည်း မလုပ်လျှင်မဖြစ်တဲ့ မိမိတို့၏ တာဝန်ဝတ္တရားများကို လုပ်ကိုင်ဆောင်ရွက်ကြတယ်။ မိမိတို့လုပ်ကိုင်ဆောင်ရွက်ချက်များ၏ အသီးအပွင့်များကိုရယူပြီး သုံးစွဲကြတဲ့ အဲဒီလူတွေဟာ တစ်ကိုယ်ကျိုးကြည့်သမားများဖြစ်လာကြပြီး မိမိတို့အတွက် အကျပ်အတည်းပေါင်းများစွာကို ပြုလုပ်ဖန်တီးကြတယ်။ အဲဒီလူများဟာ မိမိတို့ကိုယ်တိုင် ဖန်တီးတဲ့အနှောင်အဖွဲ့မှ လွတ်မြောက်မှုရရှိရန်အတွက် အခက်အခဲရှိလာကြတယ်။

mgyoe.com

mgyoe.com


အကယ်၍ သံယောဇဉ်တွယ်တာမှု မှန်သမျှနှင့် အိုးအိမ်ပိုင်ဆိုင်မှုအစွဲကို မစွန့်လွှတ်ကြလျှင် လောကီလူဘောင်စွန့်ခွာသွားတဲ့ လမ်းစဉ်လည်း ဒုက္ခနှင့် ကြုံလာရလိမ့်မယ်၊ အကယ်၍ အိမ်ထောင်ရှင်များအနေနှင့် ပစ္စည်းဝတ္ထုများကို တွယ်တာပြီး ကိုယ်ကျိုးကြည့်မှုနှင့် ပိုင်ဆိုင်မှုကို အားကောင်းလာအောင် ပြုလုပ်မယ်ဆိုလျှင်လည်း အဲဒီလို ပြုလုပ်တာဟာ မိမိတို့အတွက် ဒုက္ခကို ဖန်တီးခြင်းပင်ဖြစ်ပေလိမ့်မယ်။

"ဘဝ၏ ရည်မှန်းချက်အောင်မြင်ထမြောက်ရန်အတွက် လောကီလူ့ဘောင်ထဲမှာနေနေ၊ လောကီလူ့ဘောင်အပြင်ဘက်မှာနေနေ မိမိတာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ဖို့လိုတယ်။ လောကီလူ့ဘောင်က ထွက်ခွာသွားတဲ့ လမ်းစဉ်နှင့် လောကီလူ့ဘောင်ထဲမှာ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်တဲ့ လမ်းစဉ်ဟာ နှစ်မျိုးနှစ်စား ကွဲပြားခြားနားနေပေမယ့် နှစ်မျိုးလုံး မိမိ၏လွတ်မြောက်မှုရရှိရန်အတွက် ညီတူညီမျှပင် အကျိုးပြုတယ်။ လမ်းစဉ်တစ်ခုက စွန့်လွှတ်မှုလမ်းစဉ်ဖြစ်ပြီး အခြားလမ်းစဉ်တစ်ခုက အနိုင်ရရှိမှု လမ်းစဉ်ဖြစ်တယ်"

ယောဂီကြီးက တစ်ဖန် ပြောပြန်သည် 'ကမ္မနိယာမဟာ အားလုံးအတွက် ညီတူညီမျှ အသုံးချလို့ရတဲ့ လမ်းစဉ်ဖြစ်တယ်။ ကျွန်ုပ်တို့၏အတိတ်က သင်္ခါရများဟာ မသိစိတ်မှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေကြတယ်။ အဲဒီအတွင်း ငုပ်နေတဲ့ သင်္ခါရများဟာ သို့မဟုတ် အမှတ်သညာများဟာ အမျိုးမျိုးအပြားပြားသော အတွေးအကြံ ရေမှုပ်များကို ဖန်တီးပြီး မိမိတို့၏စကားနှင့် အလုပ်များမှတစ်ဆင့် သူ့အလိုကို ပေါ်လာကြတယ်။ ယောဂီတစ်ဦးဦးအနေနှင့် အဲဒီသင်္ခါရများမှ လွတ်မြောက်မှုရရှိနိုင်တယ်။ အဲဒီအမှတ်သညာများဟာ မိမိတို့သင်္ခါရများ၏အိပ်ရာမှာ အခိုင်အမာရှိနေကြတယ်။

သံယောဇဉ်ကင်းပြတ်မှု သို့မဟုတ် ကိုယ်ကျိုးမကြည့်မှု မီးထဲမှာ အဲဒီ သင်္ခါရများကို လောင်ကျွမ်းသွားအောင် ပြုနိုင်တဲ့လူများဟာ မိမိတို့ကိုယ်တိုင် ဖန်တီးပြုလုပ်ထားတဲ့ အနှောင်အဖွဲ့က လွတ်မြောက်သွားအောင် ပြုလုပ်နိုင်ကြတယ်။ မီးလောင်ထားတဲ့ကြိုးဟာ ချည်နှောင်လို့ရတဲ့ စွမ်းအားမရှိတော့ပြီဖြစ်သော်လည်း ကြိုးအဖြစ်နှင့်တော့ တွေ့မြင်နေရသလိုဖြစ်တယ်။ အတွင်းငုပ်နေတဲ့ အမှတ်သညာများ သို့မဟုတ် သင်္ခါရများဟာ မသိစိတ်မှာရှိနေကြပေမယ့် ပညာမီးဖြင့် လောင်ကျွမ်းသွားပြီဖြစ်တဲ့အတွက် အညွန့်အညှောက်ပေါက်လာနိုင်တဲ့ စွမ်းအားကုန်ခန်းသွားပြီဖြစ်၍ မည်သည့်အခါမျှ ကြီးထွားလာတော့မှာ မဟုတ်ပေ။ မီးလောင်ကျွမ်းထားတဲ့ အမှတ်သညာများ သို့မဟုတ် သင်္ခါရများဟာ မီးအုံးထားတဲ့ ကော်ဖီဇစေ့လို ဖြစ်သွားတယ်။ မီးအုံးထားတဲ့ ကော်ဖီစေ့ကို ကော်ဖီဖျော်ဖို့အတွက် အသုံးပြုနိုင်ပေမယ့် အဲဒီကော်ဖီစေ့များဟာ ကော်ဖီ

mgyoe.com

mgyoe.com


ပင် အညွှန့်အညှောက် ပေါက်လာနိုင်တဲ့အစွမ်းမရှိတော့ဘူး။ သင်္ခါရအမျိုးအစား နှစ်ခု ရှိတယ်။ သင်္ခါရ အမျိုးအစား တစ်ခုက ဘာဝနာလမ်းစဉ်မှာ အကူအညီအထောက်အပံ့ ဖြစ်ပြီး အခြားသင်္ခါရအမျိုးအစားတစ်ခုက ဘာဝနာလမ်းစဉ်မှာ အနှောင့်အယှက် အဟန့်အတားဖြစ်စေတယ်။

"သံယောဇဉ်တွယ်တာမှု ကင်းပြတ်ခြင်းဟာ အတိတ်က သင်္ခါရများ၏ ချည် နှောင်တတ်တဲ့ စွမ်းအားကို လောင်ကျွမ်းစေတဲ့ မီးနှင့်ပမာတူတယ်။ လောကီလူ့ဘောင် ကို စွန့်ခွာခြင်းအားဖြင့် ရရှိတဲ့အကျိုးထူးတရားကို အိမ်ထောင်ရှင်များအနေနှင့်လည်း ပစ္စည်းဝတ္ထုများအပေါ် သံယောဇဉ်တွယ်တာမှုကင်းခြင်း အလေ့အကျင့် ပြုလုပ်ခြင်း အားဖြင့် ရရှိနိုင်တယ်။ လောကီလူ့ဘောင်က ထွက်ခွာသွားတဲ့ ပုဂ္ဂိုလ်ဟာ လောကီ လူ့ဘောင်၏အပြင်ဘက်မှာ ဉာဏ်အလင်းကို ရရှိပြီး အိမ်ထောင်ရှင်က လောကီလူ့ ဘောင်ထဲမှာ ဉာဏ်အလင်းကို ရရှိနိုင်တယ်။

"အရာဝတ္ထုများအပေါ်မှာ သံယောဇဉ်တွယ်တာမှုကင်းပြတ်ခြင်းဟာ လျစ် လျူရှုခြင်း သို့မဟုတ် ချစ်ခင်ကြင်နာမှုကင်းခြင်းဆိုတဲ့ အဓိပ္ပာယ်မျိုးမဟုတ်ဘူး။ သံယောဇဉ်တွယ်တာမှုကင်းကင်းနှင့် ချစ်ခင်ခြင်းဟာ တစ်မျိုးတစ်စားတည်း ဖြစ်တယ်။ သံယောဇဉ်တွယ်တာမှုကင်းခြင်းက လွတ်မြောက်မှုကိုပေးပြီး သံယောဇဉ်ကပ်ညှိ တွယ်တာခြင်းက အနှောင်အဖွဲ့ကို ဖြစ်ပေါ်စေတယ်။ သံယောဇဉ်တွယ်တာမှုကင်းခြင်း အားဖြင့် အိမ်ထောင်ရှင်ဟာ မိမိဘဝ၏ ရည်မှန်းချက်ကိုသိရှိပြီး မိမိ၏တာဝန်ဝတ္တရား ကို ကိုယ်ကျိုးမဖက်ဘဲ လုပ်ကိုင်ဆောင်ရွက်နိုင်တယ်။ အိမ်ထောင်ရှင်၏လုပ်ကိုင် ဆောင်ရွက်ချက်များသည် အိမ်ထောင်ရှင်အတွက် အကျိုးရှိရာရှိကြောင်း နည်းလမ်းများ ဖြစ်လာလိမ့်မယ်။

"လောကီလူ့ဘောင်က စွန့်ခွာထွက်သွားတဲ့ တရားရှင်ပုဂ္ဂိုလ်ဟာ မိမိဘဝ ၏ရည်မှန်းချက်ကို အမြဲတစေ သိရှိနားလည်နေလျှင် ဉာဏ်အလင်း ရရှိလာနိုင်တယ်။ သံယောဇဉ်ကင်းပြတ်ပြီး လောကီလူ့ဘောင်က စွန့်ခွာထွက်သွားခြင်းဟာ အသိစိတ်ကို ဖြန့်ကြက်ထားတယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ မိမိအသိစိတ်ဓာတ်ကို ဖြန့်ကြက် တဲ့ နည်းလမ်းတတ်မြောက်ထားလျှင် သို့မဟုတ် အားလုံး၏အသိစိတ်နှင့် ပေါင်းစည်း ထားလျှင် မိမိ၏ကမ္မအနှောင်အဖွဲ့ထဲမှာ မနေရတော့ဘူး။ ကမ္မ၏အနှောင်အဖွဲ့ထဲက အပြည့်အဝလွတ်လပ်မှုရရှိသွားလိမ့်မယ်"

"အဲဒီလို ပုဂ္ဂိုလ်ထူးများဟာ သူတစ်ပါးတို့ကိုလည်း လွတ်မြောက်မှု လမ်း ကြောင်းပြနိုင်တဲ့ စွမ်းအားရှိသူများဖြစ်ကြတယ်။ အဲဒီ ပုဂ္ဂိုလ်ထူးများဟာ လောကီ

mgyoe.com

mgyoe.com


လူ့ဘောင်အတွင်းမှာ နေသည်ဖြစ်စေ၊ လောကီလူ့ဘောင်အပြင်ဘက်မှာနေသည် ဖြစ်စေ၊ ကမ္မအကြွေး၊ ကံကြွေးကြောင့် ဖြစ်ပေါ်လာတဲ့ အနာရောဂါကို ကုစားနိုင်ကြတယ်။ အဲဒီလို ပုဂ္ဂိုလ်ထူးများဟာ တခြားပုဂ္ဂိုလ်များ၏ ကမ္မအကြွေးကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားများနှင့် မထိအောင်လည်း နေနိုင်ကြတယ်။ သို့မဟုတ် အခြားပုဂ္ဂိုလ်များ၏ ကမ္မအကြွေးကြောင့် ဖြစ်ပေါ်လာသော အသီးအနှံများကို မရိတ်ဘဲ နေနိုင်ကြတယ်"

"အစစ်အမှန်အောင်မြင်မှု ရရှိသူတစ်ယောက်ဟာ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်ပြီး ကမ္ဘာလောကထဲမှာ လွတ်လပ်စွာ ရွေ့လျားသွားနိုင်တယ်။ အိုးထိန်းသည် အိုးလုပ်ပြီးသွားသောအခါ အိုးထိန်းသည်၏ အိုးလုပ်စက်ရဟတ်ဟာ အချိန်အတန်ကြာမျှ အရှိန်နှင့်လည်နေတယ်။ သို့သော်လည်း အိုးကို မထုတ်လုပ်နိုင်တော့ဘူး။ လွတ်မြောက်မှုရရှိသွားတဲ့ ပုဂ္ဂိုလ်လည်း ထိုနည်းအတိုင်းပင် ဖြစ်တယ်။ လွတ်မြောက်မှုရရှိသွားတဲ့ ပုဂ္ဂိုလ်၏ ဘဝစက်ရဟတ်ဟာ ဆက်လက်လည်နေပေလိမ့်မယ်။ သို့သော်လည်း အဲဒီပုဂ္ဂိုလ်၏ကမ္မဟာ အဲဒီပုဂ္ဂိုလ်အတွက် ဘယ်လို အနှောင်အဖွဲ့မျိုးကိုမှ မဖန်တီးမပြုလုပ်တော့ဘူး။ အဲဒီပုဂ္ဂိုလ်၏ကမ္မများကို သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ချက်များကို 'အလုပ်မဟုတ်သော အလုပ်' ဟူ၍ သို့မဟုတ် 'ကမ္မမဟုတ်သော ကမ္မ' ဟူ၍ ခေါ်နိုင်တယ်။

"ယောဂီတစ်ဦး တစ်ယောက်ဟာ ဉာဏ်အလင်းသို့ သွားရာ လမ်းကြောင်းမှာ လျှောက်သွားနိုင်တဲ့အရည်အချင်းမျိုးရှိပါက အဲဒီယောဂီကို နည်းလမ်းညွှန်ပြရန်အတွက် ပုဂ္ဂိုလ်ကြီးများအနေနှင့် လွယ်ကူမှုရှိလာနိုင်တယ်။ တစ်နေ့သောအခါမှာ အဲဒီယောဂီအနေနှင့်လည်း နောက်ဆုံးလွတ်မြောက်မှုကို ရရှိနိုင်တယ်။

ကျွန်ုပ်က ဗာဗာကို ပုဂ္ဂိုလ်ထူးကြီးများနှင့်ပတ်သက်၍သော်လည်းကောင်း၊ တခြားသော လူများအား ကုစားသော သူတို့၏ အရည်အချင်းများနှင့်ပတ်သက်၍ သော်လည်းကောင်း ပြောပြရန် တောင်းပန်သောအခါ မိမိက ပြောပြသည်။

"ကုစားခြင်းဆိုတာ ကိုယ်ကာယဆိုင်ရာ ကုစားခြင်း၊ စိတ်ဆိုင်ရာ ကုစားခြင်း၊ ဝိညာဉ်ဆိုင်ရာ ကုစားခြင်းဟူ၍ အဆင့် ၃ မျိုးရှိတယ်။ လူဟာ ယင်းအဆင့် ၃ မျိုးထဲက နိုင်ငံသားဖြစ်တယ်။ ဝိညာဉ်ဆိုင်ရာစွမ်းအားရှိတဲ့ လူဟာ အခြားသူများကို အဆင့်အားလုံးမှာ ကုစားနိုင်တယ်။ သို့သော်လည်း အကယ်၍ ထိုလူဟာ မိမိ၏ အလုပ်အကိုင်ကို ကုစားဖို့ ကြိုးစားမယ်ဆိုရင် သူ၏စိတ်နှင့် သူ၏ စိတ်အင်အားဟာ လောကီလူ့ဘဝဆီသို့ တစ်ဖန်ပြန်ပြီး ပြေးသွားပေလိမ့်မယ်။ တည်ငြိမ်မှုမရှိတဲ့ လောကီစိတ်ဟာ ဘယ်သူ့ကိုမဆို ကုစားရန်အတွက် မသင့်တော်ဘူး။ ကိုယ်ကျိုးကြည့်သမား

mgyoe.com

mgyoe.com


ဖြစ်လာတာနှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်၏စိတ်နှလုံးဟာ လမ်းကြောင်းပြောင်းသွားပြီး အနိမ့်ပိုင်းကို စီးဆင်းသွားပေလိမ့်မယ်။ ဝိညာဉ်ဆိုင်ရာစွမ်းအားကို မှန်မှန်ကန်ကန် အသုံးမပြုခြင်းသည် 'ကုစ္ဆာသတ္တိ' လို့ ခေါ်တဲ့ အဲဒီစွမ်းအား၏အခြေခံကို နှဲ့ပြီး အားနည်းအောင် ပြုလုပ်တယ်။

လူတိုင်းလူတိုင်းမှာ ကုစားမှုအတွက် အတွင်းငုပ်နေတဲ့ စွမ်းအားရှိတယ်။ အဲဒီကုစားမှုစွမ်းအားဟာ လူတိုင်းလူတိုင်း၏ နှလုံးသားမှာ ရပ်တန့်ခြင်းမရှိဘဲ စီးဆင်းနေတယ်။ အဲဒီစွမ်းအားကို မှန်မှန်ကန်ကန် အသုံးပြုပါက ကုစားမှုစွမ်းအား၏ လမ်းကြောင်းဟာ ကိုယ်ကာယနှင့်စိတ်နှလုံး၏ဒုက္ခခံနေရတဲ့ အစိတ်အပိုင်းဆီသို့ တည့်တည့်မတ်မတ် ရောက်သွားနိုင်တယ်။ ကုစားမှုစွမ်းအားဟာ ဒုက္ခခံနေရတဲ့လူကို အားဖြည့်ပေးနိုင်တယ်။ ကုစားမှု၏ သော့ချက်ဟာ ကိုယ်ကျိုးမကြည့်ခြင်း ဖြစ်တယ်။ မေတ္တာဖြစ်တယ်။ အားကောင်းတဲ့ စိတ်ဓာတ်ဖြစ်တယ်။

ဆယ့်ငါးရက်ကြာမျှ ဥရိယဗာဗာနှင့် အတူတကွ နေထိုင်ပြီးနောက် ကျွန်ုပ်သည် လောကီလူ့ဘောင်အတွင်း၌ ဖြစ်စေ၊ လောကီလူ့ဘောင်အပြင်ဘက်၌ဖြစ်စေ နေနည်းထိုင်နည်းသည် ဘဝ၏ရည်မှန်းချက်နှင့် ပတ်သက်၍လည်းကောင်း၊ သံယောဇဉ်တွယ်ကာ ကင်းပြတ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သတိရှိနေခြင်း၌ ကိန်းအောင်းနေသည်ဟူသော အချက်ကို နားလည်သဘောပေါက်သွားသည်။

❖

mgyoe.com

mgyoe.com

# ကျွတ္တရ(စက္က)

ကျွန်ုပ်သည် တစ်ခါတုန်းက ရာမာယဏနမဟာကဗျာ၏ အဆိုအရ ပြည့်ရှင်ဒဏ်ခံနေရစဉ် ရာမနေထိုင်ရာဖြစ်သော နေရာထူး နေရာမြတ်ထဲက တစ်နေရာဖြစ်သည့် ကျိတ္တရကူတသို့ သွားရောက်သည်။ ယင်းနေရာသည် အိန္ဒိယနိုင်ငံရှိ တောင်တန်းများထဲက တောင်တန်းဖြစ်သော ဝိန္ဓယာတောင်တန်း၌ တည်ရှိသည်။ ရှေးဟောင်းအစဉ်အလာအရ တောမှီသူတော်စင်သူတော်မြတ်များသည် ဗရိန္ဒာဗန်နှင့်ကျိတ္တရကူတသို့ သွားရောက်လေ့ရှိကြသည်။ ကရိရှကာကြည်ညိုလေးစားသူများက ဗရိန္ဒာဗန်သို့သွားပြီး ရာမကြည်ညိုလေးစားသူများက ကရိကြကူတသို့ သွားရောက်ကြခြင်းဖြစ်သည်။ ဝိန္ဓယာတောင်တန်းတစ်နေရာ၌ ဝိန္ဓယာကျလအမည်ရှိ နေရာထူးနေရာမြတ် တစ်နေရာရှိသည်။ ယင်းနေရာ၌ကား 'ရှကတိ' ကိုးကွယ် ဆည်းကပ်သူအများအပြားနေထိုင်ကြသည်။ 'ရေဝါ' ပြည်နယ်ရှိ တောများသို့ ခရီးသွားရင်း ကျွန်ုပ်သည် 'စတာနာ' တောသို့ သွားရောက်သောအခါ ဆွာမိတစ်ပါးကို တွေ့ရသည်။ ယင်းဆွာမိသည် ရုပ်ရည်အလွန်တရာ သပ္ပာယ်ပြီး ဝေဒန္တနှင့် ယောဂအစဉ်အလာအရ သင်ကြားဆည်းပူးခြင်းများစွာ ပြုလုပ်ထားသူဖြစ်သည်။ ဆွာမိဂျီသည် ဓမ္မကျမ်းစာများကို သင်ကြားဆည်းပူးထားသူဖြစ်ပြီး ထူးထူးခြားခြား ဘာဝနာပွားများသူ တစ်ဦးလည်း ဖြစ်သည်။ နောက်ပိုင်းကျသောအခါ ဆွာမိဂျီသည် 'ဂျိုတိမယပိထန်၏ ရှန်ကရာကျာရယအဖြစ် ခန့်အပ်ခြင်းခံရသူဖြစ်သည်။ 'ဂျိုတိ မယပိထန်'သည် ဗရိနာထ်သို့သွားသော လမ်း၌ရှိသော ဟိမဝန္တာတစ်နေရာ ဖြစ်သည်။ ဆွာမိဂျီ၏ အမည်နာမသည် 'ဗြဟ္မာနန္ဒဆရ

mgyoe.com

mgyoe.com


ဆွတိ' ဖြစ်သည်။

ထိုဆွာမိဂျီသည် ပဲ၊ ဆားအနည်းငယ်ရောထားသော ပဲပင်ပေါက်ကိုသာ စားပြီးနေထိုင်သူဖြစ်သည်။ တောင်ပေါ်က ရေကန်အနီး၌ရှိသော သဘာဝဂူငယ်တစ်ခုတွင် နေထိုင်သည်။ ကျွန်ုပ်ကို ထိုနေရာသို့ ရွာသူရွာသားများက ခေါ်သွားသည်။ သို့သော်လည်း ကျွန်ုပ်သည် ထိုနေရာ၌ လူတစ်ယောက်မှမတွေ့ရသောကြောင့် စိတ်ပျက်အားလျော့သွားသည်။ နောက်တစ်နေ့တွင် ထိုနေရာသို့ကျွန်ုပ်တစ်ဖန် သွားပြန်သောအခါ ရေကန်အစွန်၌ ခုံဖိနပ်ခြေရာအနည်းငယ်ကို တွေ့ရှိရသည်။ ကျွန်ုပ် ခြေရာရှင်ကို ကြိုးစား ရှာကြည့်သော်လည်း မတွေ့ရပေ။ ပဋ္ဌမနေ့ နောက်ဆုံးကြိုးစား ကြည့်ပြန်သည်။ နေမထွက်ခင် နံနက်စောစော ရေကန်သွားကြည့်သောအခါ ခြေရာရှင် ရေချိုးနေသည်ကို တွေ့ရသည်။ ကျွန်ုပ်သူ့ကို 'နမောနာ^၂ယန်း' ဟု ပြောပြီး နှုတ်ဆက်လိုက်သည်။ ယင်း နှုတ်ဆက်နည်းသည် ဆွာမိတစ်ပါးနှင့် တစ်ပါးတွေ့သောအခါ ရှိသေလေးစားသည့်အနေဖြင့် နှုတ်ဆက်လေ့ရှိသော နှုတ်ဆက်နည်းဖြစ်သည်။ "ကျွန်ုပ် သင်၏ကိုယ်တွင်ရှိသော ဘုရားသခင်ကို ရှိခိုးဦးညွှတ်ပါ၏" ဟူ၍ အနက်အဓိပ္ပာယ်ရသည်။ ဆွာမိဂျီသည် ထိုအချိန်က တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းအကျင့်ကို ကျင့်သုံးနေသည်ဖြစ်၍ ကျွန်ုပ်အား သူ၏ဂူငယ်ကလေးရှိရာသို့ လိုက်ခဲ့ရန်အတွက် ညွှန်ကြားသည်။ သူ ညွှန်ကြားသည့်အတိုင်း ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာ ပြုလုပ်သည်။ ထိုနေ့ကားသူကျင့်နေသော တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းအကျင့်၏ ၈ ရက်မြောက်သောနေ့ဖြစ်သည်။ သူနှင့်တစ်ညနေနေပြီးနောက် ဆွာမိဂျီသည် သူ၏တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းအကျင့်ကို ရပ်လိုက်သည်ဖြစ်၍ ကျွန်ုပ်သည် သူ့ထံ မိမိလာရခြင်းအကြောင်းကို ပြောပြလိုက်သည်။ သူ မည်သို့မည်ပုံ နေထိုင်သည်ဆိုသည်ကိုလည်းကောင်း၊ သူ တရားကျင့်ပုံကျင့်နည်းကိုလည်းကောင်း ကျွန်ုပ်သိလိုသည့် ဆန္ဒဖြစ်ပေါ်နေသည်။ သူက အိန္ဒိယနိုင်ငံရှိ ဆန်းဆကရိတ် ပညာရှင်ကြီးများ လိုက်နာကျင့်သုံးသော အမြင့်ဆုံးလမ်းစဉ်ဖြစ်သည့် ရှရိဗိနှင့်ပတ်သက်ပြီး ကျွန်ုပ်ကို ပြောပြသည်။ ယင်းလမ်းစဉ်၌ ရာဇယောဂ၊ ကုဏ္ဍလိနီယောဂ၊ သတ်ကတိယောဂ၊ အဒွေတ္တဝေဒန္တများ စုပေါင်းပါဝင်နေသည်။ ယင်းလမ်းစဉ်နှင့် ပတ်သက်၍ ဆရာများညွှန်ပြထားသော စာအုပ်နှစ်အုပ်ရှိသည်။ ' The Wave of bliss' နှင့် ' The Wave of beauty' ဖြစ်သည်။ ယင်းကျမ်းစာအုပ်ကို ဆန်းဆကရိတ်ဘာသာဖြင့် 'ထောက်ဒရာယလဟရီ' ဟူ၍ ခေါ်သည်။ 'ပရေယောဂ သျှတ္တရ' ခေါ်ရင်း စာပေနှင့်ပတ်သက်ပြီး အခြားအစိတ် အပိုင်းတစ်ခုလည်းရှိသည်။ ယင်းအစိတ်အပိုင်းမှာမူ လက်ရေးမူအဖြစ်ဖြင့် မိုက်ဘိုးနှင့် ဗရောဒါ စာကြည့်

mgyoe.com

mgyoe.com


တိုက်များ၌သာ ရှိသည်။ ယင်းကျမ်းစာ၏ ဇာဆိုအမိန့်များအရ လက်တွေ့ကျင့်သုံးဖူးသော အရည်အချင်းပြည့်ဝသည့် ဆရာ၏ အကူအညီမပါဘဲ ယင်းယောဂများနှင့်ပတ်သက်သော ကဗျာများ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ဖို့မလွယ်ပေ။

နောက်ပိုင်းကျသောအခါ 'ရှရိဗိဒျာ' 'မဓုဗိဒျာ' သည် အိန္ဒိယတစ်ပြည်လုံးရှိ လူ ၁၂ ယောက်တွင် ၁၀ ယောက်မျှသာ သိရှိနားလည်သော တရားအကျင့်များဖြစ်ကြောင်း သိရှိနားလည်သွားသည်။ ယင်းပညာရပ်များကို သိရှိနားလည်သည့်အတွက် ကျွန်ုပ်အားရှိသွားသည်။ ယနေ့ ကျွန်ုပ်သိရှိသမျှသော အနည်းအကျဉ်းသည် ယင်းပညာရပ်များ၏ ကျေးဇူးများဖြစ်သည်။ ယင်းပညာရပ်၌ ကိုယ်ခန္ဓာက ကျောင်းတော်အဖြစ်မြင်ရပြီး အတွင်း၌ရှိနေသော အတ္တမာကဘုရားသခင်အဖြစ် မြင်နေရသည်။ လူသားသည် ကမ္ဘာ၏အသေးစားပုံစံကလေးနှင့်တူသည်။ ယင်းအချက်ကို သိရှိနားလည်သွားလိမ့်မည်။ နောက်ဆုံး ကျမ်းစာပေါင်းများစွာကို ဆည်းပူးပြီး၊ လမ်းစဉ်ပေါင်းများစွာကို သင်ကြားလေ့လာပြီးသည့်နောက်တွင် ကျွန်ုပ်၏ဆရာအရှင်သည် 'ရှရိဗိဒျာ' နည်းလမ်းကို ကျင့်သုံးရန် ရွေးချယ်ရာ၌ ကျွန်ုပ်ကို အကူအညီပေးသည်။ ယင်းလမ်းစဉ်၌ 'ကုဏ္ဍလိနီ' မီးကို မိခင်နတ် ဘုရားအဖြစ် တွေ့မြင်ရပြီး ယောဂအလေ့အကျင့်များ၏ အကူအညီဖြင့် အခြေခံအဆင့်မှ နိုးကြားလာပြီးလျှင် အမြင့်ဆုံးဖြစ်သော ကျက္ကရအဆင့်သို့ ရောက်ရှိသွားသည်။ ကျက္ကရဟူသည်မှာ ဘဝ၏လှည်းဘီးများဖြစ်ပြီး ကျွန်ုပ်တို့၏ခမ္မကိုယ်ကာယကို ဖန်တီးပြုလုပ်လျက် ဝိညာဉ်၏စီးဆင်းမှုနှင့် ဆက် သွယ်ပေးသည်။

❖

mgyoe.com

mgyoe.com

## ကျောက်စရစ်ခဲဗဟာ

အကယ်၍ သင်သည် ဉာဏ်အလင်းရောင်ရရှိရန်အတွက် တရားဘာဝနာကျင့်ကြံအားထုတ်နေပြီး လူတွေသင့်ထံ မကြာခဏလာပြီး အနှောင့်အယှက်ပေးနေသည် ဆိုလျှင် သင်၏တရားဘာဝနာအလုပ်သည် အောင်မြင်ထမြောက်စွာ ဆုံးခန်းသို့ ရောက်ရှိနိုင်လိမ့်မည်မဟုတ်ပေ။ သို့ရာတွင် အိန္ဒိယနိုင်ငံ၌ ဓလေ့ထုံးစံတစ်ခုရှိသည်မှာ အကယ်၍ သင်သည် ဆွာမိတစ်ပါးဖြစ်သည်ဆိုလျှင် သင့်ထံ ချဉ်းကပ်လာရောက်သူများအားလုံး၏မေးခွန်းများကို အဖြေပြန်ပေးရပေလိမ့်မည်။

ဆွာမိများသည် အနာရောဂါမှန်သမျှကို ကုစားနိုင်သည်ဟူ၍ လူပေါင်းများစွာတို့က ထင်မှတ်ယူဆထားကြသည်။ ထိုလူများသည် တစ်ခါတစ်ရံ ယင်းကဲ့သို့သော ယုံကြည်ချက်ကြောင့် အကျိုးရှိသွားကြပြီး ရောဂါဝေဒနာပျောက်ကင်းသွားကြသည်လည်း ရှိသည်။ ထိုအဖြစ်အပျက်မျိုးကို ပုံကြီးချဲ့ပြီးလျှင် ဆွာမိဘဝ စလုံးရေစသူများအားလည်း အောင်မြင်မှုရရှိပြီးသူအဖြစ် ထင်မှတ်ယူလာကြသည်။

ထိုသနားစရာ သတ္တဝါမှာ သူ၏ တရားဘာဝနာအလုပ်ကို ဆက်မလုပ်နိုင်ရှာတော့ဘဲ ဦးတည်ချက်ပန်းတိုင် မေ့ပျောက်သွားလေသည်။ ထိုဆွာမိပေါက်စသည် သူ၏အချိန်ကာလနှင့် ဘဝကို အချည်းနှီးအလဟဿဖြစ်စေလျက် ဆွာမိတစ်ပါးအဖြစ် နေသွားသော်လည်း တရားမှန်ကို ရှာမတွေ့တော့ပေ။

ယင်းကဲ့သို့သော ပြဿနာများမှ ရှောင်တိမ်းသော အကောင်းဆုံးနည်းလမ်းတစ်ခုမှာ ရုပ်ပြောင်းရုပ်လွှဲလုပ်လျက်နေပြီးလျှင် မိမိတရားဘာဝနာအလုပ်ကို ကျင့်ကြံအားထုတ်နေခြင်း ဖြစ်သည်။ မိမိတို့၏ ဘဝမှန်၌ အမှန်တကယ်ပင် ကြီးကျယ်

mgyoe.com

mgyoe.com

သော လျှို့ဝှက်ပုဂ္ဂိုလ်များစွာရှိသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များသည် မိမိတို့အား အနှောင့်အယှက်မပေးရန်အတွက် ဦးနှောက်ချောင်ချင်ယောင် ဆောင်နေကြသည်။

ကျွန်ုပ်နေရာ တစ်နေရာရောက်သွားဖူးသည်။ ထိုနေရာ၌ လူများသည် ဆွာမိ တစ်ပါးထံ စားဖွယ်သောက်ဖွယ်များနှင့် ပိုက်ဆံငွေကြေးများကို ယူသွားကြသည်။ ထိုလူများ စားဖွယ် သောက်ဖွယ်များနှင့် ငွေကြေးများကို ယူလာပြီး မိမိအား အနှောင့် အယှက် မပေးစေလို။ ထို့ကြောင့် ထိုဆွာမိသည် "ကျွန်ုပ်ကို ချစ်ခင်သူ မည်သူမဆို ကျွန်ုပ်ထံ ကျောက်စရစ်ခဲများကိုသာ ယူလာကြပါ" ဟူ၍ စာရေးပြီး ကပ်ထားလိုက် သည်။ ကျောက်စရစ်ခဲများကို ဆွာမိလိုလားနှစ်သက်သည်ဟူ၍ ထင်မှတ်သွားကြ ပြီးလျှင် လူပေါင်းများစွာတို့သည် နေ့စဉ်နေ့တိုင်း ထိုဆွာမိထံသို့ ကျောက်စရစ်ခဲများကို ယူသွားသည်။ လမ်းပေါ်တွေ့ရသော ကျောက်စရစ်ခဲများကို သူတို့ စိတ်ရှိသလောက် ယူသွားကြသည်။ နေ့ရက်အချိန်ကာလ အတန်ကြာ သွားသောအခါ ကျောက်စရစ် ခဲပုံကြီး ဖြစ်လာပြီးလျှင် ဆွာမိသည် ထိုကျောက်စရစ် ခဲပုံကြီးပေါ်တွင် နေထိုင်သည်။ လူတွေက ထိုဆွာမိအား 'ကန်ကရိယဗာဗာ' ဟု ခေါ်ကြသည်။ ကျောက်စရစ်ခဲ ဆွာမိ ဟူ၍ အဓိပ္ပာယ်ရသည်။ ယင်းကျောက်စရစ်ခဲပုံကြီးသည် ထိုဆွာမိအား မြင့်သောနေ ရာ၌ နေရန် အကူအညီပေးထားသည်။

ထို့နောက် ဆွာမိသည် မည်သူမှနားမလည်သော ဘာသာစကားကို ပြော လာသည်။ တစ်စုံတစ်ယောက် သူ့ထံရောက်လာလျှင် ဆွာမိက "လုပ်၊ လုပ်၊ လုပ်၊ လုပ်၊ လုပ်" ဟူ၍ ပြောသည်။ ကျွန်ုပ် သူ့ထံရောက်သွားသောအခါ၌လည်း ထိုဆွာမိ သည် ထိုကဲ့သို့ပင် ပြောသည်။ ကျွန်ုပ်သည် ထိုဆွာမိထံသို့ ညဥ့်အချိန် သွားကြည့် ပြန်သည်။ ထိုအချိန်၌ ဆွာမိသည် တစ်ပါးတည်းရှိနေသည်ဖြစ်၍ ကျွန်ုပ်ကို ပြောပြ သည်။

"လူတွေ ငါ့ကို အနှောင့်အယှက်ပေးလွန်းတဲ့အတွက် ငါ ဘာသာစကား အသစ်တစ်ခု တတ်မြောက်လာတယ်။ ငါ့ကို ဘယ်သူမှ စကားပြောလို့ မရတော့ဘူး"

ထိုဆွာမိက ကျွန်ုပ်အား မိမိကို လူတွေ အနှောင့်အယှက်မပေးနိုင်အောင် ထိုနည်းလမ်းမျိုးဖြင့် အမြဲမပြတ်နေသွားမည်ဟူ၍ ညွှန်ကြားပြောပြသည်။ လူတစ်ဦး တစ်ယောက်သည် အသွင်လက္ခဏာများစွာရှိသည်။ ယင်းသို့ အသွင်လက္ခဏာ များစွာရှိခြင်းမှာ မျက်နှာမျိုးစုံရှိသော အတ္တကြောင့် ဖြစ်သည်။ ထိုမျက်နှာများထဲက အချို့မှာ ကျွန်ုပ်တို့ စုံစမ်းထောက်လှမ်း၍ရသော၊ ဝေဖန်ပိုင်းခြားသိရသော မျက်နှာမျိုး ဖြစ်သည်။ သို့ရာတွင် မျက်နှာပေါင်းများစွာကိုမူ ကျွန်ုပ်တို့ မသိရပေ။ ကမ္ဘာလောက

mgyoe.com

mgyoe.com

သည် အတ္တကို ဘုရားသခင်ကိုယ်စား ကိုးကွယ်ဆည်းကပ်နေကြသည်ဟူ၍ ထိုဆွာမိက သတ်မှတ်ဆုံးဖြတ်ထားသည်။

အဆင့်နိမ့် အတ္တသည် မိမိ၏ နောက်ကွယ်၌ ရပ်တည်နေသော သူ့အလိုလို တည်ရှိနေသည့် အမှန်တရားကို သတိထားသည်ဆိုလျှင် ထိုအချိန်၌ ထိုအဆင့်နိမ့်အတ္တသည် အတွင်းသန္တာန်ဘက် အာရုံပြောင်းသွားသည်။ ယင်းကဲ့သို့သော အတ္တမျိုးကို အဆင့်မြင့်အတ္တဟူ၍ ခေါ်သည်။ အဆင့်မြင့်အတ္တသည် အထောက်အကူပြုတတ်ပြီး အဆင့်နိမ့်အတ္တကမူ တစ်စုံတစ်ယောက်အား ဒုက္ခရောက်အောင် ပြုတတ်သည်။

❖

mgyoe.com

mgyoe.com

# ကမ္ဘာချဉ်းအောင် တည်မည့် . . .

ကျွန်ုပ်သည် ဟိမဝန္တာတောင်တွင် အနှောင့်အယှက်မရှိဘဲ နေထိုင်သော၊ ဘာဝနာပွားများအားထုတ်နိုင်သော တိတ်ဆိတ်ငြိမ်သက်သည့်နေရာအတော်များများကို သိသည်။ ပင်ပန်းနွမ်းလျနေသည့်အခါတိုင်း ကျွန်ုပ်သည် ဟိမဝန္တာသို့ သွားပြီး အချိန်အတန်ကြာမျှ နားနားနေနေ နေထိုင်ရန် အကြံပေါ်လာတတ်သည်။ ယင်းကဲ့သို့ အနားယူရန်အတွက် သင့်လျော်လျောက်ပတ်သော နေရာများထဲက ကျွန်ုပ်အကြိုက်ဆုံးနေရာတစ်နေရာမှာ ဟရဟာဝါဒီစတြိတ်၌ရှိသော နေရာတစ်နေရာဖြစ်သည်။ ထိုနေရာသည် လင်းစဒုန်း၏ မြောက်ဘက် ၁၂ မိုင်အဝေး၌ ရှိသော ပေ ၆၅၀၀ အမြင့်တွင် ရှိသည်။ ထိုနေရာ၌ သိပ်သည်းထူထပ်သော ထင်းရှူးပင်များ၏ ကြားထဲတွင် သိဝနတ်ဘုရားကျောင်းကလေး တစ်ဆောင်ရှိသည်။

ထိုနေရာ၌ သိဝနတ်ဘုရားကျောင်းက နတ်ဘုရားကို မတင်ဘဲနှင့် မည်သူမှ အစားအစာကို မစားကြပေ။ ထိုဒေသ၌ ရှိသောလူများ၏အဆိုအရ အကယ်၍ တစ်စုံတစ်ဦးသည် နတ်ဘုရားရုပ်တုအား တင်ခြင်းမရှိဘဲနှင့် အစားအစာကို စားသောက်မိလျှင် ယင်းကဲ့သို့ အမှားပြုလုပ်သူ၏အိမ်သည် လှုပ်ခါလာပြီးလျှင် အမှားပြုလုပ်မိသူလည်း စိတ်ရူးပေါက်ပြီး လုပ်ချင်ရာလျှောက်လုပ်သည်။ ကျွန်ုပ်အသက် ၁၄ နှစ်အရွယ်လောက်သာ ရှိသေးသည်။ ထိုအကြောင်းကို ကြားရသောအခါ ထိုနတ်ဘုရားကျောင်းသို့ သွားရောက်ကြည့်ရှုလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။

လူတို့သည် မိမိတို့၏ စိတ်ကူးဖြင့် ယင်းကဲ့သို့သော ဒဏ္ဍာရီများကို ပြုလုပ်ဖန်တီးကြသောကြောင့် ယင်းဒဏ္ဍာရီများသည် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားပြီးလျှင်

mgyoe.com

 mgyoe.com


လူပေါင်းများစွာတို့သည် အခြေခံအထောက်အထား မရှိသော်လည်း ယင်းကဲ့သို့သော ဒဏ္ဍာရီများကို ယုံကြည်တတ်ကြသည်။ ထို့ကြောင့် မိမိကိုယ်တိုင် ကြည့်ရှုလိုသော ကြောင့် ထိုနေရာသို့သွားရန် ကျွန်ုပ်အကြံပြုလိုက်ခြင်း ဖြစ်သည်။

ထိုနေရာသို့ ညနေ ၇ နာရီလောက်ရောက်သွားသည်။ ထိုနေရာတစ်ဝိုက်၌ အမိုက်မှောင်လွှမ်းနေသည်။ ကျွန်ုပ်သည် ကျောက်ဆောင်ကမ်းပါးအစပ်က လျှောက် သွားသည်။ ကျွန်ုပ်၏အထံတွင် လက်နှိပ်ဓာတ်မီး မရှိပေ။ ထိုအချိန်က ကျွန်ုပ်သည် ခြေထောက်မမြဲသော ခုံဖိနပ်ကို စီးထားသည်။

ကျွန်ုပ်သည် ခြေချော်သွားပြီး အလွန်မတ်စောက်သော ချောက်ကမ်းပါး အောက်ကျသွားမည်တဲတဲကလေး ဖြစ်သွားသည်။ ထိုအခိုက် ဝတ်ဖြူစင်ကြယ် ဝတ် ထားသော အရပ်အမောင်း ထောင်ထောင်မောင်းမောင်း အဘိုးအိုတစ်ယောက်သည် ကျွန်ုပ်၏ လက်မောင်းကို ဆွဲကိုင်လျက် လူသွားလမ်းသို့ ဆွဲခေါ်သွားပြီးပြောသည်။

"ဒီနေရာဌာနဟာ မြင့်မြတ်တဲ့ နေရာဌာနဖြစ်တယ်။ သင်၏လုံခြုံစိတ်ချရေး အတွက် ကျုပ်တာဝန်ယူပါတယ်။ သင့်ကို သင်သွားလိုတဲ့နေရာရောက်အောင် ကျုပ် ခေါ်သွားမယ်"

ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်ကို ခေါ်ပြီး ၁၀ မိနစ်လောက်သွားရာ သက်ငယ် မိုး တဲတစ်တဲအနီးသို့ ရောက်လာသည်။ တဲ၏အပြင်ဘက်၌ မီးရှူးတိုင် တစ်တိုင် ထွန်းညှိထားသည်။ တဲ၏ ပတ်လည်တွင် ကာထားသော ကျောက်နံရံရောက်လာ သည်။ ကျွန်ုပ်၏နောက်မှ ထိုပုဂ္ဂိုလ်ကြီး လိုက်လာသည်ဟုပင် ကျွန်ုပ်ထင်နေသည်။ သို့ရာတွင် ကျေးဇူးတင်စကား ပြောကြားမည်ဟူ၍ နောက်ပြန်လှည့်ကြည့်လိုက် သောအခါ သူ့ကို ဘယ်နေရာမှာမှ မတွေ့ရတော့ပေ။ ကျွန်ုပ် သူ့ကို အော်ခေါ်သည်။ တဲထဲတွင်ရှိနေသော ဆာဓူးသည် ကျွန်ုပ်၏ အော်သံကို ကြားရသောကြောင့် အပြင် ဘက်ထွက်လာသည်။

ဧည့်သည်တစ်ယောက် ရောက်လာသည်ဖြစ်၍ ထိုဆာဓူးသည် အားရ ဝမ်းသာဖြစ်သွားပြီးလျှင် သူ့နောက်လိုက်ခဲ့ပါဟုပြောပြီး ကျွန်ုပ်ကို သူ၏အခန်းကျဉ်း ကလေးထဲ ခေါ်သွားသည်။ အခန်းထဲတွင် မီးဖိုထားသည်။ ကျွန်ုပ်က ဆာဓူးအား မှောင်ကြီးထဲတွင် မိမိကို လမ်းပြသော ထိုအဘိုးအိုအကြောင်း ပြောပြသည်။ အဘိုးအို၏ ပုံပန်းသဏ္ဌာန်ကို ပြောပြလျက် အဘိုးအိုက ချောက်ကမ်းပါးထဲ လိမ့်ကျမည့်ဆဲဆဲ မိမိအား ကယ်တင်ခဲ့ပုံကိုလည်း ရှင်းလင်းပြောပြလိုက်သည်။

ဆာဓူးက ငိုကြီးချက်မနှင့် ပြောပြသည်။

mgyoe.com

"အဲဒီပုဂ္ဂိုလ်မြတ်နှင့် တွေ့ရတာ သင် အလွန်ကံကောင်းတယ်။ ကျုပ် ဒီမှာ ဘာကြောင့်နေသလဲဆိုတာ သင်သိသလား။ ခုနစ်နှစ်အလွန်က ကျုပ်လည်း ည ၁၁ နာရီလောက် အဲဒီမှာပဲ လမ်းပျောက်ခဲ့ဖူးတယ်။ အဲဒီအဘိုးအိုပဲ ကျုပ် လက်မောင်းကို ဆွဲကိုင်ပြီး အခု ကျုပ်နေတဲ့ သက်ငယ်မိုးတဲကို ခေါ်လာခဲ့တယ်။ သူ့ကို ကျုပ်နောက်ထပ် တစ်ခါမှမတွေ့တော့ဘူး။ ကျုပ် သူ့ကို သိဒ္ဓိဗာဗာလို့ ခေါ်တယ်။ ချစ်ဖွယ်ကောင်းတဲ့ သူ့လက်မောင်းဟာ ကျုပ်ကိုလည်း ကယ်ဆယ်ခဲ့တယ်"

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် ထိုနေရာတစ်ဝိုက် နေရာအနှံ့ ရှာကြည့်သည်။ သို့ရာတွင် ထိုအဘိုးအိုလို လူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ပေ။ ချောက်ကမ်းပါး သွားကြည့်သောအခါ ကျွန်ုပ်ခြေချော်သွားသည့်နေရာ၌ ခြေရာများကို တွေ့ရသည်။

ကျွန်ုပ်အား ချောက်ကမ်းပါးထဲ လိမ့်ကျမသွားအောင် ကာကွယ်သော ယင်းချစ်ဖွယ်ကောင်းသည့် လက်မောင်းနှစ်ဖက်ကို ကျွန်ုပ် မကြာခဏသတိရနေသည်။ ထိုနေရာမှာ အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော နေရာဖြစ်ပြီး အကယ်၍သာ ကျွန်ုပ်ချောက်ကမ်းပါးထဲ ကျသွားလျှင် ကျွန်ုပ်အတွက် ပြန်လမ်းရှိတော့မည်မဟုတ်ပေ။

နောက်ပိုင်းတွင် ကျွန်ုပ်သည် ရွာသူရွာသားများအား မိမိ၏အတွေ့အကြုံကို ပြောပြသောအခါ ရွာသူရွာသားများက ထိုသိဒ္ဓိပေါက် ပုဂ္ဂိုလ်ကြီးကို သိကြသည်။ တောထဲတွင် သူတို့၏ မိန်းမများနှင့် ကလေးသူငယ်ချင်းများကို ထိုသိဒ္ဓိပေါက် ပုဂ္ဂိုလ်ကြီးက ကာကွယ်စောင့်ရှောက်သည်ဟူ၍ သူတို့ ယုံကြည်ကြသည်။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိုပုဂ္ဂိုလ်ကြီးကို မမြင်ဖူးကြပေ။

ထိုအချိန်က ကျွန်ုပ်သည် ကျွန်ုပ်၏ဆရာအရှင် ညွှန်ကြားပြောပြသည့်အတိုင်း ယောဂအကျင့်ကို ကျင့်ကြံအားထုတ်နေသည်ဖြစ်၍ ကျွန်ုပ်ပိုင် ပစ္စည်းတစ်ခုမှလည်း မရှိပေ။ ပစ္စည်းတစ်ခုခုကိုလည်း ကျွန်ုပ် ယူမလာခဲ့ပေ။ မည်သည့်ပစ္စည်းမှမရှိသောသူအား တန်ခိုးရှင်တစ်ဦးဦးက ကာကွယ်စောင့်ရှောက်သည် ဟူသော ယုံကြည်ချက်ကို ကျွန်ုပ်၏ အတွေ့အကြုံက ခိုင်မာအောင် ပြုလုပ်သည်။

ထိုဆာဓူး နေထိုင်သော သက်ငယ်မိုးတဲသည် သိဝနတ်ဘုရားကျောင်းငယ်မှ ကိုက်၁၀၀ လောက်သာဝေးသည်။ နတ်ဘုရားကျောင်းကလေး၏ ဘေးပတ်လည်၌ ထင်းရှူးပင်များ ပေါက်နေသည်။ ယင်းနေရာသည် စိတ်ပိုင်းဆိုင်ရာ လှိုင်းများ ရိုက်ခတ်နေသည့် နေရာဖြစ်သည်။ ထိုနေရာ၌ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀ ခန့်က ထိုသိဒ္ဓိပေါက် ပုဂ္ဂိုလ်ကြီး နေခဲ့သည်ဟူ၍ ကြားသိရသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ထို

mgyoe.com

mgyoe.com

နေရာဌာနချ၍နေကြသော လူများအား နည်းပေးလမ်းပြ ညွှန်ကြားပြောပြသည်။ သို့ရာတွင် တုံဏှိဘာဝေ ဆိတ်ဆိတ်သာနေခဲ့သည်။

သူ ကွယ်လွန်သွားသောအခါ လူတွေက သူနေသည့်နေရာ၌ ၆ ပေခန့် လေးထောင့်ဘုရားကျောင်းကို ဆောက်လုပ်ထားကြသည်။ ဘုရားကျောင်းအတွင်း၌ 'သိဝလိင်'ရှိသည်။ ယခုအချိန်၌ပင် ရွာသူရွာသားများသည် ရာသီအသစ်မစမီ သုံးလတစ်ကြိမ် ထိုပုဂ္ဂိုလ်ကြီးအား အမှတ်တရ ရှိနေကြသေးသည်ဟူသော အထိမ်းအမှတ်ဖြင့် နတ်ဘုရားကျောင်းသို့သွားကြသည်။ ကျွန်ုပ်အား ချောက်ကမ်းပါးထဲ ကျမသွားအောင် ကယ်သူမှာ ထိုပုဂ္ဂိုလ်ကြီးပင် ဖြစ်သည်။

ကျွန်ုပ်သည် ထိုဘုရားကျောင်းနှင့် ကပ်လျက်ရှိသော အခန်းငယ်ကလေးထဲတွင် လပေါင်းများစွာ တစ်ယောက်တည်းနေပြီး နုတ်ပိတ်ရေငုံနေသည့် အကျင့်နှင့် အခြားအကျင့်တရားများကို ကျင့်ကြံအားထုတ်နေသည်။

ထိုဘုရားကျောင်းသို့ ကျွန်ုပ် ပထမဦးဆုံးအကြိမ် ရောက်သွားပြီးနောက် နှစ်အနည်းငယ်ခန့်ကြာသောအခါ ဗြဟ္မဏအချို့သည် အခြေမခိုင် ယိုယွင်းနေပြီဖြစ်သော ထိုဘုရားကျောင်းအိုကလေး၏ နေရာ၌ ပိုပြီး ကြီးသော၊ ပိုပြီး ခိုင်ခံ့သော၊ ပိုပြီး ခမ်းနားသော ဘုရားကျောင်းတစ်ကျောင်း ဆောက်ကြသည်။ ဘုရားကျောင်းအဟောင်းကို ဖြိုဖျက်ရန်အတွက် အုတ်မြစ်တစ်ဝိုက်ကို တူးဖော်ကြသောအခါ မြေကြီးထဲတွင် အရောင်အမျိုးမျိုးရှိသော မြွေငယ်ကလေးများ အပြည့်ရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် တူးဖော်သူများသည် မြွေများကို မြေကြီးခဲများနှင့် ရောလျက်ကောက်ယူပြီး ဘေးနှစ်ဖက်တွင် ပစ်ထားကြသည်။ သို့ရာတွင် မြေကြီးကို နက်နက်တူးလေ မြွေများကို တွေ့ရလေဖြစ်နေသည်။

အနီးအနား ရွာတစ်ရွာမှ အဘွားအိုတစ်ယောက်သည် ဘုရားကျောင်းသို့ နံနက်တိုင်း၊ ညနေတိုင်း လာရောက်လေ့ရှိသည်။ ညနေအချိန်တွင် အဘွားအိုသည် သုံးမိုင်ခန့်ဝေးသော ဘုရားကျောင်းသို့ ခြေကျင်လျှောက်လာပြီးလျှင် ဘုရားကျောင်းအတွင်း၌ မီးပူဇော်သည်။ နံနက်ချိန်၌ တစ်ခါလာပြီး မီးညှိသည်။ အဘွားအိုသည် နှစ်ပေါင်းများစွာ အချိန်မှန်မှန် လာရောက်ပြီး ယင်းအလုပ်ကို လုပ်နေသူဖြစ်သည်။ ဘုရားကျောင်း ပြန်ဆောက်သည်ကို မလိုလားသောကြောင့် အဘွားအိုက ဘုရားကျောင်းအသစ်ဆောက်သူများအား သတိပေးစကားပြောကြားသည်။ သို့ရာတွင် ဘုရားကျောင်းအသစ် ပြန်လည်ဆောက်သူများသည် အဘွားအိုသတိပေးသည်ကို ဂရုမစိုက်ကြပေ။

mgyoe.com

၆ ရက်တိတိ မြေကြီးကို တူးကြသောအခါ မြေတူးသူများသည် မြွေများ မကုန်နိုင်အောင် ဖြစ်လာသည်ကို တွေ့ကြရသည်။ မြွေများကို ကောက်ယူ ရှင်းပစ် လေလေ နောက်ထပ် မြွေတွေ တစ်ပုံကြီးကို တွေ့ရလေလေ ဖြစ်နေသည်။

ဘုရားကျောင်းအသစ်ဆောက်သူများသည် 'သိဝလိင်'ကို ရွှေ့ပစ်ရန်အတွက် သိဝလိင်ပတ်ပတ်လည်ကို တူးကြသည်။ သို့ရာတွင် သိဝလိင်ကို မြေကြီးထဲ ခပ်နက် နက်မြှုပ်ထားသည်ကို တွေ့ကြရသည်။ ၈ ပေလောက်နက်သည်အထိ တူးကြည့်ကြ သည်။ သို့သော်လည်း သိဝလိင်ကို ရွှေ့၍ မရဖြစ်နေသည်။

၈ ည မြောက်ရှိသောအခါ ဘုရားကျောင်းအသစ်ဆောက်သော အင်ဂျင် နီယာသည် အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော မုတ်ဆိတ်မွေး နှုတ်ခမ်း မွေးဖြူဖြူကြီးနှင့် ယောဂီအဘိုးအိုတစ်ယောက်ကို တွေ့ရသည်။ ထို ယောဂီအဘိုးအိုမှာ ကျွန်ုပ်ကိုကယ်သော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ယောဂီအဘိုးအိုက အင်ဂျင်နီယာအား "သိဝလိင်သည် မြင့်မြတ်သော အရာဝတ္ထုဖြစ်၍ မရွှေ့မပြောင်းသင့်ပေ။ ဘုရားကျောင်း ကိုလည်း ချဲ့ထွင်ပြီး မဆောက်လုပ်သင့်ပေ" ဟု ပြောပြသည်။ ထို့ကြောင့် ဘုရား ကျောင်းအဟောင်းကို ရာစုနှစ် ၆ စုအထိ တည်ရှိလာခဲ့သော ဘုရားကျောင်းအဟောင်း ၏အရွယ်ပမာဏအတိုင်း ပြန်လည်ဆောက်ကြရသည်။

ကျွန်ုပ်သည် ၁၉၇၃ ခုနှစ် နွေဦးတွင် ဆွာမိအဂျရနှင့် တပည့်အချို့ကို ခေါ်ပြီး ထိုနေရာသို့ တစ်ဖန် ရောက်ရှိသွားပြန်သည်။ ထိုနေရာ၌ နှစ်ထပ်တိုက်ကလေးတွင် ၆ ရက်ကြာမျှ တည်းခိုနေထိုင်ကြသည်။ ထိုတိုက်ကလေးမှာ ဘုရားကျောင်းနှင့် ပေ ၁၀၀၊ ၂၀၀ လောက် အကွာ၌ ဆောက်ထားသော တိုက်ကလေး ဖြစ်သည်။

အခြားဆာဓူးအို တစ်ပါးသည် နောက်ထပ် ဆောက်လုပ်ထားသော ဘုရား ကျောင်းကို စောင့်ရှောက်သူအဖြစ်နှင့် ထိုနေရာ၌ နေထိုင်သည်ကို တွေ့ရသည်။ ထို ဆာဓူးအိုသည် ဖော်ဖော်ရွေရွေရှိသူဖြစ်ပြီး ဘုရားကျောင်း ရောက်လာသူ မည်သူကိုမဆို ဧည့်ခံပြုစုသည်။

ထိုနေရာသည် အလွန်တရာ ငြိမ်းချမ်းသာယာသော၊ လှသော နေရာဖြစ် သည်။ တောင်ဝှမ်းကို ကာရံထားသည့် အလွန်တရာ မြင့်မားသည့် တောင်တန်း၏ ထိပ်ပေါ်က ကြည့်လျှင် ရှည်လျားသော ဟိမဝန္တာတောင်တန်းကို တွေ့မြင်ရသည်။ နှင်းဖုံးလွှမ်းနေသော ဟိမဝန္တာတောင်ထိပ်များသည် တစ်ခုနှင့်တစ်ခု တင်းတင်းကျပ်ကျပ် ရစ်ပတ်တွယ်နှောင်ထားကြသည်မှာ ကမ္ဘာချဉ်းအောင် တည်တံ့နေမည်ဟူ၍ အဓိဋ္ဌာန်ပြု ထားကြသလားဟု အောက်မေ့ရသည်။

❖

mgyoe.com

mgyoe.com

# ကမ္ဘာလောက၏အလှ

ပညာတတ် လူငယ်တစ်ယောက်ရှိသည်။ ထိုလူငယ်သည် ဆွာမိလုပ်မည်ဟူ၍ ဆုံးဖြတ်ချက်ချလိုက်ပြီး ဆွာမိများ မည်သို့မည်ပုံ စကားပြောသည်။ မည်သို့မည်ပုံ နေထိုင်စားသောက်သည် ဆိုသည်တို့ကိုလေ့လာသည်။ ထိုလူငယ်သည် လမ်းကြောင်းပေါ်တွင် လျှောက်မသွားဘဲ သို့မဟုတ် ကျင့်ဝတ်စည်းကမ်းများကို မလိုက်နာဘဲ ဆွာမိတစ်ပါး၏ ဟန်ပန်အမူအရာဖြင့်လည်းကောင်း၊ အပြင်ပန်း အပြုအမူအားဖြင့်လည်းကောင်း၊ မိမိကိုယ် မိမိ ဆွာမိလုပ်ရန် ဆန္ဒရှိနေသူ ဖြစ်သည်။

တစ်နေ့သောအခါ၌ ထိုလူငယ်သည် ဟိမဝန္တာတောင်ဥတ္တရ ကာရှိ၌ ရှိသောကျွန်ုပ်၏ကျောင်းသခ်မ်းသို့ရောက်ရှိလာပြီးလျှင် ခေတ္တခဏတည်းခိုပါရစေ ဟူ၍တောင်းပန်သည်။ ထိုလူငယ်သည် ကျွန်ုပ်နှင့်စကားပြောသည့်အခါတိုင်း သူ၏မျက်လုံးသည် ကျွန်ုပ်၏လက်ပတ်နာရီဆီ အမြဲမပြတ် ရောက်ရှိနေသည်။ လူတစ်ယောက်ကကျွန်ုပ်ကိုလက်ဆောင်ပေးထားသော အိုမီဂါနာရီဖြစ်သည်။ ယင်း လက်ပတ်နာရီသည်သာမန်လက်ပတ်နာရီဖြစ်သလား သို့မဟုတ် ထိုလူငယ် စိတ်ပါဝင်စားလောက်အောင်တန်ဖိုးကြီးမားသော နာရီဖြစ်သလားဆိုသည်ကို ကျွန်ုပ် သတိမထားမိပေ။ ကျွန်ုပ်တို့စကားပြောနေစဉ် အချိန်အတောအတွင်း ထိုလူငယ်သည် ကျွန်ုပ်၏ လက်ပတ်နာရီနှင့်ပတ်သက်ပြီး စကားစပ် ပြောသည်။

"တော်တော် တန်ဖိုးရှိတဲ့ နာရီပါလား။ ဒီဇိုင်းကလည်း သိပ်လှတာပဲ။ အချိန်လည်း မှန်မှာပဲနော်"

mgyoe.com

mgyoe.com


သုံးရက်လောက် ကြာသွားသောအခါ ကျွန်ုပ်က သူ့ကို ပြောသည်။

"ကျုပ်ဂင်္ဂုတ္တရီကို ခဏသွားဦးမယ်။ ကျုပ်လက်ပတ်နာရီကို ဒီမှာ ထားခဲ့မယ်။ မောင် ကြည့်ထားစမ်းပါ"

စောင်နှင့် ခြေညှပ်ဖိနပ်ယူပြီး ဧည့်သည်ကို နှုတ်ဆက်လိုက်သောအခါ မကြာခင်မှာပင် လူငယ်နှင့် ကျွန်ုပ်၏ လက်ပတ်နာရီ ကျွန်ုပ်၏ကျောင်းသခမ်းတွင် ရှိတော့မည်မဟုတ်ဆိုသည်ကို ကျွန်ုပ်သိသည်။

အမှန်မှာ ကျွန်ုပ်ဂင်္ဂုတ္တရီကို သွားလိုသည့်စိတ် မရှိလှပေ။ မည်သို့ မည်ပုံဖြစ်လာလိမ့်မည်ဆိုသည်ကို လေ့လာစုံစမ်းရုံမျှသာ ဖြစ်သည်။ ကျွန်ုပ် မကြာခင် ပြန်လာသည်။ ထိုလူငယ်နှင့် လက်ပတ်နာရီ ကျောင်းသခမ်းတွင် မရှိတော့ပေ။

ထို့နောက် နေ့ရက်အတန်ကြာသွားသောအခါ အသိမိတ်ဆွေများက ပျောက်သွားသော ကျွန်ုပ်၏ လက်ပတ်နာရီအကြောင်း မေးကြသည်။ ထိုမိတ်ဆွေများအား "နာရီအချည်းအနှီး အလဟဿ ဖြစ်မနေပါဘူး။ အသုံးပြုနေပါတယ်" ဟု ပြန်ပြောလိုက်သည်။

ခြောက်လလောက်ကြာသွားသောအခါ ဟရိဒွါရ မီးရထားဘူတာရုံတွင် ထိုလူငယ်နှင့် အမှတ်မထင် သွားဆုံသည်။ ထိုလူငယ်သည် ကျွန်ုပ်ကို တွေ့ရသောအခါ အထိတ်တလန့် ဖြစ်သွားပြီး ထွက်ပြေးမည်လုပ်သည်။

"ဆွာမိဂျီ ကျွန်ုပ်ထိတ်လန့် ကြောက်ရွံ့ဖွယ်ကောင်းတဲ့ ပြစ်မှုကြီးကို ကျူးလွန်မိပါတယ်"

ကျွန်ုပ်က ပြန်ပြောလိုက်သည်။ "ကျုပ်နှင့် ပတ်သက်ပြီး မောင် မကောင်းတာ မလုပ်ပါဘူး။ အဲဒီအလုပ် မှားတယ်လို့ မောင် ထင်ရင် အဲဒီအလုပ်မျိုးကို နောက်တစ်ကြိမ် မလုပ်နှင့်"

ယင်းသို့ ပြောပြီးလျှင် ကျွန်ုပ် သူ့ကို ကြည့်လိုက်သောအခါ လက်ပတ်နာရီ ပတ်ထားသည်ကို မတွေ့ရသည်ဖြစ်၍ "လက်ပတ်နာရီ ဘယ်ရောက်သွားပြီလဲ" ဟု မေးလိုက်သည်။

သူက ပြန်ဖြေသည်။

"ပိုက်ဆံလိုတဲ့အတွက် ရောင်းစားပစ်လိုက်ပြီ"

ထို့နောက် အချိန်အတန်ငယ် ကြာသွားသောအခါ ကျွန်ုပ်၏ လက်ပတ်နာရီသည် ကျွန်ုပ်ထံ ပြန်ရောက်လာသည်။ ထိုလူငယ်ထံမှ လက်ပတ်နာရီ ဝယ်သောသူသည် ကျွန်ုပ်တပည့် ဖြစ်နေသည်။ ကျွန်ုပ်၏တပည့်သည် ကျွန်ုပ်၏လက်ပတ်နာရီ

mgyoe.com

mgyoe.com


ကို မှတ်မိသည်ဖြစ်၍ ကျွန်ုပ်ကို ပြန်ပေးသည်။

ထို့နောက် ထိုလူငယ်နှင့် တစ်ဖန်ပြန်တွေ့သောအခါ ကျွန်ုပ် သူ့ကို လက်ပတ်နာရီ နောက်တစ်ကြိမ်ပေးလိုက်ပြန်သည်။ ကျွန်ုပ်က "ဒီလက်ပတ်နာရီ မောင့်အတွက် အသုံးကျမယ်ဆိုလျှင် ယူထားပါလား" ဟု ပြောသည်။

အစပထမတွင် ထိုလူငယ်သည် ကျွန်ုပ် သူ့ကို ပြောပြသည့်စကား အဓိပ္ပာယ်ကို နားမလည်သလိုလို ဖြစ်နေသည်။ သို့ရာတွင် ကမ္ဘာလောကရှိ ပစ္စည်းဝတ္ထုများနှင့် ပတ်သက်၍ သူသိမြင်ထားသော သဘောထားမျိုးနှင့် လုံးဝမတူသော သဘောထားမျိုးလည်း ရှိသေးပါကလားဟူသောအချက်ကို တဖြည်းဖြည်း နားလည်သဘောပေါက်သွားသည်။

ယင်းအဖြစ်အပျက်ကြောင့် ထိုလူငယ်အား မည်မျှအကျိုးသက်ရောက်မှုရှိသွားသနည်းဆိုလျှင် နောက်ပိုင်းကျသောအခါ ထိုလူငယ်ကျောင်းသခ်မ်းသို့ တစ်ဖန်ပြန်ရောက်လာသည်ဖြစ်၍ ထိုလူငယ်အား မိမိကိုယ်ကို ထိန်းချုပ်မှု ပြုလုပ်ရန် ကျွန်ုပ်ညွှန်ကြား ပြောပြလိုက်သည်။ ယနေ့ ယခုအချိန်၌မူ ထိုလူငယ်သည် လုံးဝပြောင်းလဲသွားသော လူတစ်ယောက်ဖြစ်နေပြီ။

လူပေါင်းများစွာတို့သည် အရာဝတ္ထုတချို့ကို မိမိတို့ကိုယ်တိုင် ရင်ဆိုင်နိုင်စွမ်းမရှိကြပေ။ ထိုလူများသည် သူတို့ကိုယ်တိုင် မနှစ်သက်သော ပဋိပက္ခမှုများကိုလည်းကောင်း၊ လိုလားချက်များကိုလည်းကောင်း၊ အလေ့အကျင့်များကိုလည်းကောင်း ရင်ဆိုင်ရန် ငြင်းဆန်ကြသည်။ သို့သော်လည်း ရင်မဆိုင်ဘဲနေ၍ မရကြပေ။ ထိုလူများသည် အခြားပုဂ္ဂိုလ်များအား မိမိတို့၏ ပုံမှန်အနေအထားကိုလည်း သိခွင့်မပေးကြပေ။ တစ်နေရာရာ၌ တစ်စုံတစ်ယောက်သောသူနှင့် တစ်စုံတစ်ခုသော ဆက်သွယ်မှုအရတွေ့ကြုံကြသည့်အခါ၌ ကျွန်ုပ်တို့သည် မိမိတို့၏ပုံမှန်သဘောထားကို လှစ်ပြသင့်ကြပေသည်။ အတွင်းသန္တာန်၌ ဖိနှိပ်မြှုသိပ်ထားသော မွန်းကျပ်နေသည့် မျိုးစေ့ဗီဇများကို ဖုံးအုပ်မထားသင့်ပေ။ ဖုံးအုပ်ထားသော ယင်းလျှို့ဝှက်ချက်များသည် ကျွန်ုပ်တို့၏ တိုးတက်မှုကို ဟန့်တားစေသည်။

ကျွန်ုပ်တို့သည် မိမိတို့ ရင်ဆိုင်လိုသည့်အရာများကို သူတစ်ပါးတို့၏အပေါ် ပုံချတတ်ကြသည်။ တရားဘာဝနာပွားများအားထုတ်သည့်အခါ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် အတွင်းသန္တာန်တွင် အကျိတ်အခဲ အထုံးအဖွဲ့ဖြစ်နေသော ယင်းအတွေးများနှင့် လိုလားချက်များကို နူးညံ့သိမ်မွေ့စွာဖြင့် အပြင်ဘက်တက်လာစေပြီးလျှင် မိမိအနေနှင့် ပါဝင်ပတ်သက်ခြင်း မရှိစေဘဲ ကြားနေပုဂ္ဂိုလ်အဖြစ်နှင့် ရှုမြင်သုံးသပ်

mgyoe.com

mgyoe.com


ရုံမျှသာ ရှုမြင်သုံးသပ်သည်။ ယင်းနည်းလမ်းအားဖြင့် တရားဘာဝနာအလုပ်သည် အထိန်းရှိသော၊ တစ်ဖက်စောင်းနင်းမဖြစ်သော ဘဝဖြင့် နေသွားနိုင်စေရန်အတွက် ထိရောက်သော ကိရိယာအဖြစ်ဖြင့် အကျိုးပြုပေသည်။

မိမိတို့၏အိမ်ရာနှင့် တာဝန်ဝတ္တရားကိုစွန့်ပြီး လူ့ဘောင်က ခွာရှောင်လာသော လူတချို့သည် ယခင့်ယခင်ဘဝများက နက်ရှိုင်းစွာ အမြစ်တွယ်လာခဲ့သော ယင်းအရာများနှင့် အဆက်အစပ်ရှိနေကြတုန်းပင် ဖြစ်သည်။ ယင်းအရာများမှ လွတ်မြောက်သွားစေရန်အတွက် အချိန်များစွာ ကြိုးစားအားထုတ်ရသည်။ မိမိတို့၏အတွင်းသန္တာန်၌အမြစ်တွယ်နေသော ဗီဇများကိုဖယ်ရှားပစ်ရန်အတွက် နေ့စဉ်ရက်ဆက် စိတ်နှလုံးထိန်းချုပ်မှု လိုအပ်ပေသည်။ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသော အညစ်အကြေးများ စင်ကြယ်သွားစေရန်မှာ မိမိကိုယ်ကို ထိန်းချုပ်မှုလမ်းကို လိုက်မှသာ ဖြစ်နိုင်ပေသည်။

ခေတ်သစ် တရားပြဆရာပေါင်းများစွာတို့သည် ကိုယ်ကျင့်သိက္ခာကို အဓိက မထားဘဲ တရားဘာဝနာအလုပ်ကို တင်ပြကြသည်။ ထိုတရားပြဆရာများသည် ခိုင်မာအားကောင်းသော နည်းနိဿရည်းကို ပြနိုင်ကောင်း ပြနိုင်ကြပေလိမ့်မည်။ သို့ရာတွင် တပည့်တပန်းများအား အကျင့်သိက္ခာနှင့် ပြည့်စုံလာစေရန်၊ ကိုယ်ကျင့်တရားရှိလာစေရန် သင်တန်းမပေးဘဲနှင့် ဘာဝနာနည်းနိဿရည်းကို သင်ပြခြင်းသည် ထွန်ယက်ခြင်း မပြုလုပ်ရသေးသော မြေကြီးပေါ်တွင် မျိုးစေ့ကြဲသည်နှင့် တူပေသည်။

အကျင့်သိက္ခာနှင့် ပြည့်စုံခြင်း၊ မိမိကိုယ်ကို ထိန်းချုပ်ခြင်းသည် ဘာဝနာလမ်းမ၌ အလွန်တရာ အရေးကြီးပေသည်။

ဆွာမိတစ်ပါး သို့မဟုတ် ဘုန်းကြီးတစ်ပါးဖြစ်လာရန်မှာ သည်လောက် အရေးမကြီးပေ။ အရေးကြီးသည်မှာ မိမိကိုယ်ကို ထိန်းချုပ်သောဘဝဖြင့် နေထိုင်သွားရန် ဖြစ်သည်။

အတွင်းနှင့် အပြင်၌ရှိသော ဘဝနှစ်ခွင်ကြားထဲတွင် ပေါင်းကူးတံတားရှိဖို့လိုသည်။ အကျင့်သိက္ခာ သို့မဟုတ် ကိုယ်ကျင့်တရား သို့မဟုတ် မိမိကိုယ်ကို ထိန်းချုပ်ခြင်းသည် ယင်းပေါင်းကူးတံတား၏ အခြေခံအုတ်မြစ်ဖြစ်သည်။ နည်းနိဿရည်းမျှလောက်နှင့် လမ်းဆုံးမနေသင့်ကြပေ။ မိမိတို့၏ အတွင်းသန္တာန်၌ ကိုယ်ကျင့်တရား ဖွံ့ထွားလာအောင် ကြိုးပမ်းအားထုတ်သင့်သည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်လက်ထပ်ရမလား

အိန္ဒိယနိုင်ငံ မြောက်ပိုင်းပြည်နယ် ဥတ္တရပရဒေ့ရှ်၌ နေစဉ်က ညနေအချိန်ကျပြီ ဆိုလျှင် ကျွန်ုပ်ထံ လူတွေရောက်လာကြပြီး ထိုလူများအား ဥပနိရှဒ်နှင့်ပတ်သက်သော တရားစကားကို ကျွန်ုပ်ဟောကြားလေ့ရှိသည်။ တစ်နေ့သောအခါ၌ အင်္ဂလိပ်စာပေဘာသာရပ်နှင့် မဟာဝိဇ္ဇာဘွဲ့ရရှိထားသော မိန်းကလေးတစ်ယောက်သည် ကျွန်ုပ်ကို တွေ့ဆုံခွင့်တောင်းသည်။ ထိုမိန်းကလေးက ယခင်ဘဝက ကျွန်ုပ် သူ့ယောကျ်ားဖြစ်သည်ဟူ၍ ပြောပြသည်။ ထိုမိန်းကလေးသည် နှစ်နာရီကြာမျှ စကားပြောနေသည် ဖြစ်သောကြောင့် သူပြောသည်မှာ ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပါလိမ့်မည်ဟူ၍ ကျွန်ုပ် လက်ခံသဘောတူရသည့်အခြေအနေသို့ ရောက်ရှိသွားသည်။

ကျွန်ုပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ယခုလောက် အချိန်ကြာကြာ ပုဂ္ဂိုလ်ရေးစကားများကို ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။ ယခုဘဝ၌လည်း ကျွန်မတို့ လက်ထပ်ကြရအောင် ဟူ၍ ထိုမိန်းမပျိုက ကျွန်ုပ်ကို သွေးဆောင်ဖြားယောင်းသည်။ နောက်ပိုင်းတွင် သူ၏အကြံအစည်ကို ထောက်ခံအားပေးသော သူ၏မိခင်နှင့် ကျွန်ုပ် စကားပြောရသည်။ မိန်းကလေးသည် အပြောကောင်းသူဖြစ်သောကြောင့် ရိုးအလွန်းသော ကျွန်ုပ်သည် သူနှင့်အတူနေဖို့ စဉ်းစားစိတ်ကူးသည်အထိ ဖြစ်လာခဲ့သည်။ အကယ်၍ ကျွန်ုပ်၏ဆရာက ကျွန်ုပ်အား အိမ်ထောင်ပြုဖို့ ခွင့်ပြုမယ်ဆိုလျှင် ကျွန်ုပ် အနေနှင့် မဖြစ်နိုင်စရာအကြောင်း မရှိပါဘူးဟူ၍ ပြောလိုက်သည်။

ထိုအချိန်ကား ကျွန်ုပ်၏ဘဝ၌ မိမိ၏ ဆွာမိဘဝကို စွန့်လွှတ်ဖို့ မစဉ်းစားသော်လည်း တစ်စုံတစ်ယောက်သော သူနှင့်အတူနေရန် စဉ်းစားကြည့်သော တစ်ခု

mgyoe.com

mgyoe.com


တည်းသော အချိန်ကာလဖြစ်သည်။ ပီနို့ ၂၂လေးသည် နာမည်ကြီး မိသားစုတစ်ခုက ဖြစ်သည်။ သူ၏မောင်များ၊ အစ်ကိုများ၊ မောင်နှမတစ်ဝမ်းကွဲများနှင့် တခြား ဆွေမျိုးသားချင်းများ ကြီးကြီးမားမား အစိုးရရာထူးကြီးများနှင့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သူတို့ကလည်း ကျွန်ုပ်အား မိန်းကလေးနှင့် လက်ထပ်ရန် တိုက်တွန်းကြသည်။

တစ်နှစ်တိတိ ကျွန်ုပ်သည် ထိုမိန်းမနှင့်လက်ထပ်ရန် ပြင်းပြင်းထန်ထန် ဆန္ဒရှိနေခဲ့သည်။ ထိုအချိန်ကား အချိန်ဆိုး၊ ကာလဆိုးဖြစ်သည်။ စိတ်ချမ်းချမ်းသာသာလည်း မရှိပေ။ အလုပ်စခန်းဝင်၍လည်း မရပေ။ ထိုမိန်းကလေးနှင့် သူ့မိသားစု၏ ဩဇာလွှမ်းမိုးမှုခံနေရပြီး ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ လောကီလူ့ဘောင်က ခွာရှောင်ပြီး လောကုတ္တရာလမ်းမ၌ လျှောက်သွားသော ယောဂီတစ်ဦးသည် အနှောင့်အယှက်အဟန့်အတားနှင့် ရင်ဆိုင်ရသည် ဟူသောအချက်ကို မိမိ၏ အတွေ့အကြုံက မိမိကို ညွှန်ပြနေသည်။ လောကုတ္တရာ လမ်းမပေါ်တွင် အနှောင့်အယှက် အဟန့်အတားပေါင်းများစွာပေါ်လာကြသည်။ သို့ရာတွင် ဆရာအရှင်၏ ဂုဏ်ကျေးဇူးကြောင့်လည်းကောင်း၊ ဘုရားသခင်၏ ဂုဏ်ကျေးဇူးကြောင့်လည်းကောင်း ယောဂီပုဂ္ဂိုလ်သည် ထိုအနှောင့်အယှက် အဟန့်အတားများကို ကျော်လွှားသွားနိုင်သည်ဟူ၍ ကျွန်ုပ်ယုံကြည်စိတ်ချသည်။

နောက်ဆုံး၌ ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာအရှင်ထံသွားလျက် ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို ပြောပြလိုက်သည်။ ကျွန်ုပ်၏ ဆရာအရှင်သည် ကျွန်ုပ်၏ဘဝကို မည်သည့်အခါမှ ချုပ်ချယ်ခြင်း မရှိပေ။ သို့ရာတွင် ကျွန်ုပ်အတွက် လိုအပ်သောအခါများ၌ကား ကျွန်ုပ်အား နည်းပေး လမ်းပြ ပြုလုပ်သည်။ စောဒကတက်ခြင်း၊ အခြေအတင်ဆွေးနွေးပြောကြားခြင်း ပြုလုပ်ပြီးသည့်နောက်၌ နောက်ဆုံးတွင် ကျွန်ုပ်သည် အမြဲတမ်းပင် သူ၏လမ်းညွှန်မှုကိုပင် လိုက်နာကျင့်သုံးခဲ့သည်။

ကျွန်ုပ်၏ ဆရာအရှင်ကပြောပြသည်။

"မင်း အလုပ်တစ်ခုလုပ်နေတယ်၊ အဲဒီအလုပ်ကို ပြီးမြောက်အောင် မင်းမလုပ်နိုင်သေးဘူး။ မင်းဟာ လောကီအောင်မြင်မှုများနှင့် လောကုတ္တရာအောင်မြင်မှုများကို လေ့လာခြင်း၊ နှိုင်းယှဉ်ခြင်း ပြုလုပ်ပြီး လောကုတ္တရာလမ်းကြောင်း လိုက်ဖို့ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ မင်း ယခု လောကီလူ့ဘောင် ပြန်သွားဖို့စိတ်ပြန်လည်လာတယ်။ တကယ်လို့ မင်း ယခု မင်း တွေ့ကြုံရင်ဆိုင်နေရတဲ့ မျက်မှောက်အခြေအနေ၏ဩဇာလွှမ်းမိုးမှုအောက်က မထွက်နိုင်လို့ရှိလျှင်တော့ မင်းအတွက် လောကုတ္တရာလမ်းမကို ပြန်လာဖို့ ဘဝအချိန်ကာလများစွာကြာသွားလိမ့်မယ်"

mgyoe.com

mgyoe.com


ဆရာအရှင်က မိမိဘာသာ မိမိဆုံးဖြတ်ရန် ပြောပြသည်။ သို့ရာတွင် ဆရာအရှင်၏ စကားကိုကြားရပြီးသည့်နောက်တွင်ကား ကျွန်ုပ်သည် ယင်းအနှောင်အဖွဲ့ကို ဖြတ်တောက်ရန် ဆုံးဖြတ်ပြီးလျှင် လောကုတ္တရာလမ်းကြောင်းသို့ ပြန်သွားသည်။

အဓိက လမ်းနှစ်လမ်းရှိသည်။ လမ်းတစ်လမ်းမှာ လောကီလူ့ဘောင်က စွန့်ခွာသွားသောလမ်းဖြစ်ပြီး အခြားလမ်းတစ်လမ်းက လောကီလူ့ဘောင်ထဲတွင် အိမ်ရာတည်ထောင်သော လမ်းဖြစ်သည်။ ကျွန်ုပ်၏လမ်းသည် လောကီလူ့ဘောင်က စွန့်ခွာထွက်သွားသော လမ်းဖြစ်သည်။ ယင်းလမ်း (၂) လမ်းကို တစ်လမ်းနှင့် တစ်လမ်း ချိန်ထိုး စဉ်းစားခြင်းမပြုလုပ်သင့်ပေ။ လမ်းတစ်လမ်းက အဆင့်မြင့်လမ်းဖြစ်ပြီး အခြားလမ်းတစ်လမ်းက အဆင့်နိမ့်လမ်းဖြစ်သည်ဟူ၍ မတွေးတော မထင်မြင်သင့်ပေ။ အိမ်ရာတည်ထောင် လူ့ဘောင်၌နေခြင်း အလုပ်လုပ်ကြ်ခြင်းကို ပြုလုပ်သောလမ်းကို ကျွန်ုပ် အမှန်တကယ်ပင် ရှုတ်ချခြင်း မပြုလုပ်ပေ။ ယင်းလမ်းသည် ဘဝ၏ နေနည်းများကို ဖြည့်တင်းပေးသည်။ သို့ရာတွင် အချိန်ကာလကို အချည်းနှီးအလဟဿ ဖြုန်းတီးသွားအောင်လည်း လုပ်သည်။

လောကုတ္တရာလမ်းတွင်မူ တရားအလေ့အကျင့် ကျင့်ကြံအားထုတ်ရန်အတွက် အချိန်လုံလုံလောက်လောက် ရှိသည်။ သို့ရာတွင် အစားအသောက်၊ အနေအထိုင်၊ အဝတ်အစားကဲ့သို့သော အသက်မွေးဝမ်းကျောင်းမှုအတွက် နည်းလမ်းများကို သတ်မှတ်ဘောင်ခတ်ထားသည်။ လောကီလူ့ဘောင်မှ ခွာရောင် ထွက်လာသူသည် ယင်းကဲ့သို့သော လိုအပ်ချက်များကို ဖြည့်တင်းရန်အတွက် လောကီလူ့ဘောင်က အိမ်ထောင်ရှင်များအပေါ်တွင် မှီခိုနေရသည်။ မည်သည့် လမ်းကို လိုက်သည်ဆိုသည်မှာ အရေးမကြီးပေ။ အရေးကြီးသည်မှာမူ မည်သည့် လမ်း၌မဆို ရိုးသားဖြောင့်မတ်ခြင်း၊ တော်တည့်မှန်ကန်ခြင်း၊ သစ္စာစောင့်သိခြင်းများသာ ဖြစ်သည်။

ယင်းမိန်းမကိစ္စကြောင့် ကျွန်ုပ်၏ဘဝတွင် ဂုဏ်သိက္ခာ ကျဆင်းသွားသည်။ အကြောင်းမူကား လူများသည် ဆွာမိများနှင့် ယောဂီများအား ပလ္လင်ပေါ်တွင် တင်ပြီး နတ်တစ်ပိုင်း၊ လူတစ်ပိုင်းအဖြစ် အသိအမှတ်ပြုထားကြသောကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ဆွာမိသည် လောကီပစ္စည်းဝတ္ထုများကို ပိုင်ဆိုင်ခြင်းမရှိဘဲ၊ လောကီလုပ်ငန်းကိစ္စတစ်ခုခုနှင့် ပတ်သက်ခြင်းမရှိဘဲ လူ့ဘောင်၊ လူ့အဖွဲ့အစည်းမှ သီးခြားကင်းလွတ်စွာနေရသည်ဟူ၍ မျှော်လင့်ထားကြသည်။ ယင်းကဲ့သို့သော မျှော်လင့်ချက်ထားခြင်းများကြောင့် လောကုတ္တရာလမ်းမတွင် ပြောင်းသူတော်ဘဝရောက်နေကြရသော လူများစွာကို ကျွန်ုပ်တွေ့ဖူးသည်။

mgyoe.com

mgyoe.com


လောကီလူ့ဘောင်က စွန့်ခွာကာ ကျော်သွားခြင်း အထူးသဖြင့် ဗြဟ္မစာရီ အကျင့် ကျင့်သုံးခြင်းသည် ရသေ့တပသီတို့၏ စိတ်ပုံမမှန်ခြင်းဖြစ်၏ ဟူ၍ အနောက်နိုင်ငံ စိတ္တဗေဒပညာရှင်များပြောသည်ကို ကျွန်ုပ်ကြားဖူးသည်။ မည်သည့် လမ်းရွေးရမည်ဆို သည်ကို ကျွန်ုပ်ညွှန်ကြားပြောမပြလိုပေ။ ကိုယ့်သဘော ကိုယ့်ဆန္ဒအတိုင်းသာ ဖြစ် သည်။ သို့ရာတွင် သူတော်ကောင်း ယောင်ဆောင်လျက် ကြောင်သူတော် ဖြစ်နေခြင်း မှာမူ လောကုတ္တရာလမ်းသည် ကြီးမားသော အနှောင့်အယှက်အဟန့်အတားဖြစ်သည် ဟူ၍ ပြောပြဖို့ရန်မှာ အရေးကြီးလှသည်။ ဗြဟ္မစရိယအကျင့် ကျင့်သုံးသူများသည် အကယ်၍ မိမိတို့၏ အတွင်းစိတ်ကို ပြုပြင်ပြောင်းလဲမှု မပြုလုပ်လျှင် ပုံမှန်အနေအထား ရှိသူများ မဟုတ်ဟူ၍ ပြောဆိုနိုင်သည်။ ကမ္ဘာဦး အရိုင်း လိုအင်ဆန္ဒများကို ချုပ်တည်း မထားနိုင်သော သူတို့သည် လောကုတ္တရာလမ်းကြောင်းကို မလိုက်သင့်ပေ။

အစားအသောက်၊ လိင်ကိစ္စ၊ အိပ်ခြင်း၊ ကိုယ့်အတွက် ကြည့်ခြင်းများသည် အင်အားကောင်းသော လိုအင်ဆန္ဒများ ဖြစ်သည်။ ယင်းလိုအင်ဆန္ဒများသည် လူ၏ ဘဝနှင့် အပြုအမူများပေါ်တွင် ထက်သန် အားကောင်းသော ဩဇာလွှမ်းမိုးမှု ရှိနေသည်။ လိင်ကိစ္စတစ်ခုတည်းကိုကွက်ပြီး အဘယ်ကြောင့် ယခုလို တင်းတင်းကြပ်ကြပ် ချုပ်ချယ် မှုမျိုး ရှိနေရသနည်း။ ယောဂပညာ၌၊ လိုအင်ဆန္ဒဟူသမျှသည် လောကုတ္တရာတိုး တက်ရေးဆီသို့ လှမ်းသွားသောအဆင့်များဖြစ်ကြသည်။ ယင်း လိုအင်ဆန္ဒများကို မထိန်းချုပ်နိုင်သော လူများသည် လောကီလူ့ဘောင်၌နေပြီး ပုံမှန်နည်းလမ်းအားဖြင့် မိမိတို့၏ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားအားထုတ်သင့်ကြသည်။ ထိုပုဂ္ဂိုလ်များ သည် လောကီလူ့ဘောင်မှ ခွာရှောင်ခြင်းမပြုဘဲ ကန္တာရလမ်းစဉ်ကို လိုက်၍ရသည်။ ယင်း လိုအင်ဆန္ဒများ၏ပြည့်စုံခြင်းကို လောကုတ္တရာအတွေ့အကြုံများအဖြစ် ပြောင်းလဲ နိုင်သည်။

မိမိတို့၏ တပည့်များအပေါ်တွင် တင်းကျပ်သော ကျင့်ဝတ်စည်းကမ်းများ ကို သတ်မှတ်သည့် ရသေ့တပသီများကြောင့် အရှုပ်အထွေးများစွာ ပေါ်လာရသည်။ ရသေ့တပသီများ၏ ယင်းကဲ့သို့သော ပြုမူချက်သည် တပည့်များအား မကြာခဏ ရိုးသားမှုမရှိအောင် ပြုလုပ်သည်။ မရိုးသားအောင်၊ ကြောင်သူတော်ယောင်ဆောင် အောင် အားပေးသည်။ ယင်းကဲ့သို့သော စည်းကမ်းကျင့်ဝတ်မျိုး လိုအပ်ပါသလော။ အတွင်းနှင့်အပြင် ပဋိပက္ခဖြစ်နေခြင်းသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနှင့် လောကုတ္တရာလမ်းမတွင် ရှိမနေဘူးဟူသောအချက်ကို ပြတ်ပြတ်သားသား ညွှန်ပြ နေသည့် အမှတ်လက္ခဏာ ဖြစ်သည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ဂုရုဒေဝနှင့် မိဘနှစ်ပါး

ကျွန်ုပ်၏ ဖခင်သည် နာမည်ကျော် သက္ကတစာပေပညာရှင်ဖြစ်သည့်အပြင် ဘာသာဘရားကို အထူးလေးစားကိုင်းရှိုင်းသူလည်းဖြစ်သည်။ ကျွန်ုပ်၏ ဖခင်နေသောကျေးရွာက ဗြာဟ္မဏလူမျိုးအများစုသည် ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပြုလုပ်ရန်အတွက်လည်းကောင်း၊ ပညာဗဟုသုတ လေ့လာဆည်းပူးရန်အတွက်လည်းကောင်း ကျွန်ုပ်၏ ဖခင်ထံသို့ လာရောက်လေ့ရှိကြသည်။ ကျွန်ုပ်၏ မိဘများသည် လူလတ်တန်းစားကြွယ်ဝချမ်းသာသူများဖြစ်ကြပြီး ရက်ရက်ရောရောရှိသော မြေပိုင်ရှင်များလည်း ဖြစ်ကြသည်။ ကျွန်ုပ်၏ ဖခင်သည် သူကိုယ်တိုင်ကမူ လယ်ယာလုပ်ငန်းကို မလုပ်ပေ၊ သို့သော်လည်း တကယ်ကွင်းဆင်းပြီး လုပ်ကြသည့် တောင်သူလယ်သမားများကိုမူ လယ်ထွက်ယာထွက်ပစ္စည်းများကို မျှဝေပေးလေ့ရှိသည်။

ခြောက်လတိတိ ကျွန်ုပ်၏ ဖခင်ပျောက်နေသည်မှာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မည်သူမျှမသိကြပေ။ သေလျှင်လည်းသေမည်၊ သို့မဟုတ်ကလည်း ရသေ့ရဟန်း လုပ်သွားပြီဟု အိမ်ထောင်မ်သားစုက တွက်ကြလေသည်။ အမှန်တကယ်ပင် ကျွန်ုပ်၏ဖခင်သည် ရေရှည်စီမံကိန်းဖြင့် လောကီလူ့ဘောင်က ခွာရှောင်ထွက်ပြေးသွားခြင်းဖြစ်သည်။ တရားဓမ္မကျင့်ကြံအားထုတ်မှုနှင့် ပတ်သက်၍ သူ့တွင် မပြေမရှင်းသော ပြဿနာများ ရှိနေသောကြောင့် ဖြစ်သည်။ ဟရိဒွါရနှင့် အလှမ်းမဝေးသော မာနသဒေဝီ တောအုပ်ထဲတွင် ကျွန်ုပ်၏ဖခင်သည် အပြင်းအထန် တရားကျင့်ကြံ အားထုတ်နေလေသည်။

ဟရိဒွါရသို့အသွား ကျွန်ုပ်၏ ဂုရုသည် တစ်နေ့ညချမ်းအချိန် ကျွန်ုပ်၏ ဖခင်ရှိရာသို့ ရောက်သွားသည်။ ကျွန်ုပ်၏ဂုရုကို တွေ့မြင်သည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်

mgyoe.com

mgyoe.com


မှာ မိမိ၏ဂုရုဒေဝဖြစ်သည်ဟု ကျွန်ုပ်၏ ဖခင်သည် တစ်မုဟုတ်ချင်း သိရှိနားလည်သွားသည်။

ယင်းကဲ့သို့ ဆရာနှင့် တပည့်အကြားတွင် ဦးစွာပထမ ရှောင်တခင် ဖြစ်ပေါ်လာသည့် ဆက်သွယ်မှုမျိုးနှင့် နှလုံးသားနှစ်ခုသည် အတုံ့အပြန် အပေးအယူပြုလုပ်ပြီးလျှင် တစ်ပြိုင်နက်တည်းမှာပင် တစ်ခုနှင့်တစ်ခု ပွင့်ပွင့်လင်းလင်း ဖြစ်သွားလေ့ရှိသည်။ ယင်းအဖြစ်မျိုးသည် တစ်ကြိမ်ကြည့်ရုံ၊ တစ်ကြိမ် ဆက်သွယ်ရုံနှင့်ပင် ဖြစ်ပေါ်လာနိုင်သည်။ ထိုအခါမျိုး၌ ကာယနှင့်ဝစီမပါဘဲ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှု အစပြုသွားတတ်လေသည်။

ကျွန်ုပ်၏ ဂုရုသည် ထိုနေရာ၌ ရက်သတ္တသုံးပတ်ကြာမျှ နေထိုင်ပြီး ကျွန်ုပ်၏ဖခင်အား လမ်းညွှန်မှုပေးပြီးလျှင် နောက်ဆုံး၌ ဥတ္တရပရဒေ့ရှ် တောင်တန်းပေါ်က ပေ ၅၅၀၀ အမြင့်တွင် ရှိသည့် ကိုယ့်အိမ်ကိုယ်ပြန်နေရန် ကျွန်ုပ်၏ ဖခင်အား ညွှန်ကြားသွားလေသည်။

ကျွန်ုပ်၏ မိခင်သည် သူ့ယောကျ်ား ပြန်လာတော့မှာမဟုတ်ဟူ၍ စိတ် နှလုံးတုံးတုံးချထားလိုက်ပြီးလျှင် တရားအကျင့်ကိုသာလျှင် ဖိ၍ကျင့်ကြံအားထုတ်နေလေသည်။ အိမ်ပြန်လည်ရောက်ရှိလာသောအခါ ကျွန်ုပ်၏ဖခင်က ကျွန်ုပ်၏ မိခင်အား မာနသဒေဝီ၌ တရားပြသည့် ဂုရုနှင့် တွေ့ဆုံခဲ့သည့် အတွေ့အကြုံကို ပြန်လည်ဖောက်သည်ချသည်။ မိမိတို့သည် ၄၃ နှစ်အရွယ်နှင့် ၆၀ အရွယ် ရှိကြပြီး ဖြစ်သော်လည်း မိမိတို့တွင် ဂုရုတပည့်ဖြစ်လာမည့် သားတစ်ယောက် ဖွားမြင်လာလိမ့်မည်ဟု ဂုရုက ပြောကြောင်းကိုလည်း ပြောပြသည်။

ထို့နောက် နှစ်နှစ်လောက် ကြာသွားသောအခါ ကျွန်ုပ်၏ဂုရုသည် ဟိမဝန္တာမှ ကျွန်ုပ်တို့ရွာသို့ ကြွလာသည်။ ကျွန်ုပ်၏ ဂုရုရောက်လာချိန်တွင် ကျွန်ုပ်၏ဖခင်သည် ညစာထမင်းစားနေသည်ဖြစ်၍ ကျွန်ုပ်၏မိခင်က တံခါးထဖွင့်ပေးသည်။ မည်သူမည်ဝါဆိုသည်ကို မသိသောကြောင့် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်၏ဂုရုအား သူ့ယောကျ်ား ထမင်းစားနေသည်ဖြစ်၍ ခေတ္တစောင့်ခိုင်းထားလေသည်။ သို့ရာတွင် ဧည့်သည်တစ်ယောက်ရောက်လာသည်ကို သိရသည့်အတွက် ကျွန်ုပ်၏ဖခင်သည် ထမင်းပွဲကို ထားပစ်ခဲ့ပြီး တံခါးဝသို့ ပြေးထွက်လာလေသည်။ ကျွန်ုပ်၏ဂုရုက ကျွန်ုပ်၏ဖခင်ကို ပြောလေသည်။

"မင်းပြုတဲ့ ဧည့်ဝတ်ကို ခံယူလိုတဲ့အတွက် ငါလာတာ ငါ့ကို တစ်ခုခု ပေးလှူစေချင်တယ်"

mgyoe.com

mgyoe.com

ကျွန်ုပ်၏ဖခင်က ပြန်ပြောသည်။

"တပည့်မှာရှိတဲ့ ဥစ္စာပစ္စည်းမှန်သမျှ ဆွာမိဂျီပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာချည်း ဖြစ်ပါတယ်"

"ငါ မင့်သားကို လိုချင်တယ်"

ကျွန်ုပ်၏ မိဘနှစ်ပါးလုံးက ပြန်ပြောကြသည်။

"အခုလို အရွယ်ကြီးရောက်မှ သားတစ်ယောက် ထွန်းကားလာမယ်ဆိုတာ မယုံကြည်နိုင်စရာပဲ၊ ဒါပေမဲ့ တပည့်တို့မှာ သားမွေးဖွားလာမယ်ဆိုရင် အဲဒီသားဟာ ဆွာမိဂျီသားဖြစ်ရပါလိမ့်မယ်"

ထိုနေ့ ညနေခင်းချိန်မှစ၍ ရေတွက်သော် ၁၈ လ အကြာ၌ ကျွန်ုပ်ကို ဖွားမြင်သည်။

ကျွန်ုပ် လူ့လောကရောက်သည့်နေ့၌ပင် ကျွန်ုပ်၏ဂုရုသည် ကျွန်ုပ်တို့အိမ်သို့ ပေါက်ချလာပြီးလျှင် ကျွန်ုပ်ကို သူ့လက်အပ်ရန် မိန့်ကြားလေသည်။ မိမိရင်သွေးကို ချစ်မည်လို့ လုပ်ခါစရှိသေးသည့် မိခင်သစ်တစ်ယောက်အနေနှင့် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်ကို ဂုရု၏ လက်ထဲထည့်လိုက်ဖို့ရန် အင်တင်တင် ဖြစ်နေသည်။ သို့သော်လည်း ကျွန်ုပ်၏ဖခင်က အတင်းတိုက်တွန်းသဖြင့် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်ကို ဂုရု၏ လက်ထဲမထည့်ချင် ထည့်ချင်နှင့် ထည့်လိုက်လေသည်။ ကျွန်ုပ်ကို မိနစ်အတန်ကြာမျှ ချီထားပြီးလျှင် ကျွန်ုပ်၏ ဂုရုသည် ကျွန်ုပ်ကို မိခင်လက်ထဲ ပြန်ပေးပြီးလျှင် "ကလေးကို ကောင်းကောင်း မွေးမြူထားကြ၊ နောက်တစ်ခါလာမှ ငါ သူ့ကို ခေါ်သွားမယ်" ဟု ပြောလေသည်။

ထို့နောက် သုံးနှစ်သုံးမိုး ကြာသွားသောအခါ ကျွန်ုပ်၏ဂုရုသည် ကျွန်ုပ်တို့ အိမ်သို့တစ်ဖန်ပြန်လာပြီးလျှင် ကျွန်ုပ်၏လက်ယာဘက်နားရွက်နားကပ်လျက် မန္တန်တစ်ခုကို မန်းမှုတ်၍ ကျွန်ုပ်ကို သိက္ခာတင်ပေးလိုက်လေသည်။ ထိုမန္တန်ကို ကျွန်ုပ် မှတ်မိကြောင်း၊ တစ်ချိန်လုံး ထိုမန္တန်ကို ကျွန်ုပ်သတိရနေကြောင်း ဂုရုကို ပြောပြလိုက်သည်။ ဂုရုက "ငါသိတယ်၊ မင်း ဒီမန္တန်ကို သတိရမရ စစ်ကြည့်တာ"ဟု ပြန်ပြောသည်။ ကျွန်ုပ်သည် ကလေးသူငယ်တစ်ယောက်အနေနှင့်မိဘဘက်ကို ခင်မင်တွယ်တာခြင်း လုံးဝမရှိပေ။ ကျွန်ုပ်၏ဂုရုကိုသာ တစ်ချိန်လုံးသတိရနေသည်။ မိမိအနီးတွင် သူရှိနေသည်ဟူ၍သာလျှင် အမြဲတစေအောက်မေ့နေမိသည်။ ကျွန်ုပ်၏ဂုရုအကြောင်းကိုသာလျှင် ထပ်တလဲလဲ တွေးတောစဉ်းစားနေသည်ဖြစ်၍ ကျွန်ုပ်၏မိဘနှစ်ပါးသည် တစ်ခါတစ်ရံ ကျွန်ုပ်အတွက် သူစိမ်းပြင်ပြင်လိုဖြစ်နေသည်။

mgyoe.com

mgyoe.com


ကျွန်ုပ်သည် "ငါ ဒီနေရာက လူမဟုတ်ဘူး၊ ဒီလူတွေလည်း ငါနှင့် ပတ်သက်ဆက်စပ်တဲ့လူတွေ မဟုတ်ဘူး" ဟူ၍ အမြဲတစေ တွေးတောနေလေ့ရှိသည်။ ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ်၏ လက်ယာဘက်နားရွက်က မွေးရာပါ အပေါက်ကို မကြာခဏ ရှာကြည့်တတ်သည်။ ယင်းနားပေါက်မှာ ကျွန်ုပ်မမွေးခင် ကျွန်ုပ်၏ ဂုရုက ကြိုတင်ဟောကိန်းထုတ်ထားသည့် နားပေါက်ဖြစ်သည်။ ကျွန်ုပ်၏ မိခင်သည် "တစ်နေ့ကျရင် သားမေမေတို့ကို ခွဲခွာပြီး ထွက်သွားမှာပါ"ဟု ပြောပြီး ငိုနေတတ်သည်။

ကျွန်ုပ်သည် မိခင်နှင့် ဖခင်ကို ချစ်သော်လည်း ဆိုက်ရောက်လာမည့် ထိုနေ့ထိုရက်ကို စောင့်မျှော်နေသည်မှာမူ အမှန်တကယ်ပင် ဖြစ်သည်။ မိမိဘဝ၏ ရည်မှန်းချက်သည် မိမိရှေးဘဝကမပြီး မပြီးပြတ်သေးသောတာဝန်ဝတ္တရားကို ပြည့်ဝအောင်မြင်အောင်လုပ်ရန်ဖြစ်သည်ဟူ၍ ကျွန်ုပ်သည် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကပင် သတိရနေသည်။ ကလေးသူငယ်တစ်ယောက်အနေဖြင့် ကျွန်ုပ်သည် မိမိရှေးဘဝက အကြောင်းအရာများကို အသေးစိတ်ပြတ်ပြတ်သားသား သတိရနေသည်။

ကျွန်ုပ်၏ အိပ်မက်ထဲတွင် ကျွန်ုပ်၏ဂုရု မကြာခဏ ပေါ်ပေါက်လာသည်ဖြစ်၍ ကျွန်ုပ်သည် ညစဉ်ညတိုင်း နိုးနိုးနေလေသည်။ ထိုအကြောင်းကြောင့် ကျွန်ုပ်၏ မိဘနှစ်ပါးသည် စိုးရိမ်ပူပန်သွားပြီးလျှင် မည်သည့်အမှားအယွင်းကြောင့် ယင်းသို့ ဖြစ်နေရသနည်းဟူ၍ ဘုန်းတော်ကြီးများ၊ ဆရာဝန်များ၊ နက္ခတ်ဗေဒင် ပညာရှင်များနှင့် တိုင်ပင်နှီးနှောကြည့်လေသည်။ သို့ရာတွင် ကျွန်ုပ်၏ဂုရုသည် သူ၏တမန်တစ်ဦးမှ တစ်ဆင့် ကလေးတွင် မည်သည့်အမှားအယွင်းမှ မရှိ၍ စိတ်ပူစရာလုံးဝမလိုကြောင်း ကျွန်ုပ်၏ မိဘနှစ်ပါးအား အကြောင်းကြားလိုက်လေသည်။

ကျွန်ုပ်တို့၏ ကျေးရွာ၌ မုဆိုးမနှစ်ယောက် ရှိသည်။ ကျွန်ုပ်သည် ထိုမုဆိုးမနှစ်ယောက်အနီးတွင် ထိုင်ပြီး မိမိ၏ အနာဂတ်စီမံကိန်းအတွက် တိုင်ပင်ဆွေးနွေးနေလေ့ရှိသည်။ ထိုမုဆိုးမနှစ်ယောက်က ကျွန်ုပ်အား အလယ်တန်းကျောင်း သွားတက်ရန် အကြံဉာဏ်ပေးကြသည်။ အမှန်ပြောရလျှင် ထိုမုဆိုးမနှစ်ယောက် သည် ကျွန်ုပ်အား ဖြားယောင်းသွေးဆောင်ကြခြင်းဖြစ်သည်။ သို့ရာတွင် ကျောင်းတစ်ခါပြန်ဆင်းလာပြီးနောက် ကျွန်ုပ်နောက်ထပ် ကျောင်းဘက်ခြေဦး မလှည့်တော့ပေ။ ယင်းကဲ့သို့သော ကျောင်းမျိုး၌နေရသည်မှာ မိမိအတွက် အချိန်ကုန်ရကျိုးမနပ်ဟူ၍ပင် ကျွန်ုပ်တွေးတောမိလေသည်။

နှစ်အနည်းငယ် ကြာသွားသောအခါ ကျွန်ုပ်၏မိဘနှစ်ပါး ကွယ်လွန်သွားသည်ဖြစ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏ဂုရုထံ ရောက်ရှိသွားသည်။ ကျွန်ုပ်၏ ဂုရုသည်

mgyoe.com

mgyoe.com


ကျွန်ုပ်အား စည်းကမ်းသေဝပ်မှုရှိအောင် စတင် ကွပ်ကဲလေသည်။ သို့ရာတွင် ယင်းသို့ ပြုလုပ်ရသည်မှာ သူ့အတွက် ဝန်လေးဟန်တူသည်။ "ဖေဖေ" ဟူ၍ ခေါ်ရသည့် စကားလုံးကို ကျွန်ုပ်လက်လွတ်ဆုံးရှုံးမသွားပေ။ သွေးသားအရ တော်စပ်သော မိမိဖခင်အား ကျွန်ုပ် လုံးဝခင်မင်တွယ်တာခြင်း မရှိပေ၊ ကျွန်ုပ်သည် မည်သည့်အခါမျှ မိမိ၏ဖခင် လက်လွတ်ဆုံးရှုံးသွားခြင်း မရှိပေ။ ဖခင်တစ်ယောက်က သူ၏သားကို ပေးခြင်းထက် ပို၍ ကျွန်ုပ်၏ဂုရုက ကျွန်ုပ်ကို ပေးသောကြောင့်ဖြစ်လေသည်။ ကျွန်ုပ် ဂုရုသည် ကျွန်ုပ်အတွက် ဖခင်တစ်ယောက်နှင့် တူရုံမျှသာမကဘဲ ဖခင်အစစ်တစ်ယောက်ထက်ပင် ပိုသေးသည်။

ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ပေါ်လာသော အတွေ့အကြုံမှန်သမျှကို ကျွန်ုပ်၏ဂုရုသည် သိပြီးဖြစ်နေသည်။ ကျွန်ုပ်တရားထိုင်ချင်သည့်စိတ် မရှိသည့်အခါ ကျွန်ုပ်၏ဂုရုသည် ကျွန်ုပ်ကို ကြည့်ပြီး ပြုံးလေသည်။ ကျွန်ုပ်က "ဘာဖြစ်လို့ ပြုံးတာလဲ"ဟု မေးသည့်အခါ "မင်း တရားမထိုင်ချင်ဘူး မဟုတ်လား" ဟု ပြန်ပြောသည်။

သူ၏ အပြုအမူသည် ကျွန်ုပ်အား ရိုင်းပင်းကူညီမှု ပေးနေသည်။ ကျွန်ုပ်၏ဂုရုသည် ကျွန်ုပ်၏ ကာယကံ၊ ဝစီကံကို ပဲ့ပြင်နေသည်သာမကဘဲ ကျွန်ုပ်၏ မနောအစဉ်ကိုပါ တည့်မတ်ပေးနေသည်ဟူ၍ ကျွန်ုပ် ယုံကြည်သည်။ မလိုလားအပ်သော အရာဝတ္ထုများအကြောင်း တွေးတောကြံစည်ရမှာ ကျွန်ုပ်စိုးရွံ့သည်။ သို့ရာတွင် အကောင်းမဟုတ်ဟု ထင်ရသည့် အရာဝတ္ထုတစ်ခုခုကို တွေးတောကြံစည်မိသည့်အခါတွင်လည်း ကျွန်ုပ်၏ ဂုရုသည် ကျွန်ုပ်ကို အခင်အမင်မပျက်ပေ။ ကျွန်ုပ်၏ဂုရုသည် ကျွန်ုပ်၏အတွေးအခေါ် အကြံအစည်များကို မည်သည့်အခါမျှ မချုပ်ချယ်ပေ။ မိမိဘာတွေးသည်၊ ဘာကြံသည်ဆိုသည်ကို မိမိကိုယ်တိုင်သိအောင်သာ သာယာညင်းပျောင်းစွာလုပ်ပေးသည်။ တပည့်သည် သူ့ဆရာ၏ ချစ်ခင်ခြင်းကို အမြဲတမ်းခံရသည်။

ဆရာကောင်းတစ်ယောက်သည် သူ၏တပည့်အား ဘယ်လောက်ဆိုးဆိုး မရှုတ်ချပေ။ သာယာညင်းပျောင်းစွာ ဖေးဖေးမမနှင့် တည့်မတ်ပေးရုံသာ တည့်မတ်ပေးသည်။ မိမိ၏သားငယ် ဘယ်လောက်ဆိုးဆိုး မေတ္တာစစ်မေတ္တာမှန်ရှိသော မိခင်သည် မိမိ၏ သားငယ်အပေါ်တွင် မေတ္တာမပျက်ပေ။ မိခင်တစ်ယောက်သည် သူ၏သားငယ်အား ချစ်ခင်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ပဲ့ပြင်ခြင်းအပြည့်ဖြင့် မြှင့်တင်ပေးသကဲ့သို့ ဆရာကောင်း၊ သမားကောင်းတစ်ယောက်သည်လည်း သူ၏တပည့်ကို မြှင့်တင်ပေးလေသည်။

မိခင် သို့မဟုတ် ဖခင်တစ်ယောက်အနေနှင့် မည်သည့်အရာကို ပေးနိုင်သည်

mgyoe.com

mgyoe.com


ဟု ကျွန်ုပ် မသိသော်လည်း ကျွန်ုပ်၏ ဂုရုကမူ ကျွန်ုပ်အား အရာဝတ္ထုမှန်သမျှကို ပေးသည်။ ကျွန်ုပ်ထံမှ တုံ့ပြန်မှုကိုလည်း မည်သည့်အခါမှ မမျှော်လင့်ပေ။ ကျွန်ုပ်ထံတွင်လည်း ပေးစရာမည်သည့်အရာမှ မရှိပေ။ ကျွန်ုပ်၏ဂုရုအတွက် ကျွန်ုပ်၏ချစ်ခြင်းမေတ္တာသည် ကြီးမားလှပေသည်။ ကျွန်ုပ်၏ဂုရုသည် ကျွန်ုပ်အတွက် မည်သည့်အရာမဆို အကုန်လုပ်ပေးသည်။ ပညာသင်ပေးသည်။ အလေ့အကျင့်ရအောင် လုပ်ပေးသည်။ ယခုထိ သူ့အတွက် ကျွန်ုပ် ဘာတစ်ခုမှ လုပ်ပေးနိုင်ခြင်း မရှိသေးပေ။

ဂုရုတစ်ယောက်သည် မည်သည့်အရာကိုမှ အလိုမရှိပေ။ စစ်မှန်သော ဓမ္မဂုရုများသည် ထိုအတိုင်းပင် ဖြစ်သည်။ သူတို့သည် မည်သည့်အရာဝတ္ထုကိုမှ မယူဘဲ အရာဝတ္ထုမှန်သမျှကို ပေးသည်။

ဆရာစစ် ဆရာမှန်သည် ကိုယ်ကျိုးမကြည့်ပေ။ မိမိ၏တပည့်များအား ဖခင်တစ်ယောက်က သူ၏ရင်သွေးကို ချစ်သည်ထက်ပင်ပို၍ချစ်သည်။ ဖခင်တစ်ယောက်သည် ယေဘုယျအားဖြင့် လောကီနည်းလမ်းများကိုသာပေးသည်။ မိမိသားသမီးများကို လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသည်။ လူ့ပုံအလယ်တွင် ထည်ဝါစွာနေနိုင်စေရန် အလေ့အကျင့်လုပ်ပေးသည်။ သို့ရာတွင် ဓမ္မဖခင်ကမူ ဖခင်တစ်ယောက်သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ယောက်ယောက် ပေးနိုင်စွမ်းမရှိသောအရာမျိုးကို ကိုယ်ကျိုးမငဲ့ဘဲ ပေးသည်။

ယင်းပေးပုံပေးနည်းမျိုးကို ဓမ္မနှင့် ပတ်သက်သော အစဉ်အလာမှတစ်ပါး တခြား မည်သည့်နေရာတွင်မှ ကျွန်ုပ် မတွေ့ဖူးပေ။ ဖခင်နှင့် မိခင်သည် လူ့ဘဝ ရောက်လာအောင် လုပ်ပေးသည်။ ပညာသင်ကြားပေးသည်။ မိဘအမွေအနှစ်ကို ပေးသည်။ သို့ရာတွင် ဂုရုဒေဝကမူ မိမိ၏တပည့်အား မိမိကိုယ်တိုင် တိုက်ရိုက်တွေ့ကြုံသိရှိရသည့် ပညာကိုပေးသည်။ ယင်းကဲ့သို့သော ပညာမျိုးကို ပေးခြင်းမှာ ဖခင်တစ်ယောက်က သားသမီးများအား မိမိ၏ပစ္စည်းဥစ္စာကို အပ်နှင်းခြင်းနှင့် တစ်ပုံစံတည်းဖြစ်သော ယောဂအစဉ်အလာဖြစ်သည်။ ဆရာဂုရုတစ်ဦး၏မွန်မြတ်သောမေတ္တာသည် လောကီလူသားတို့၏မေတ္တာမျိုးမဟုတ်ဘဲ စိတ်နှလုံးအနေနှင့် နားလည်နိုင်စွမ်းမရှိဘဲ နှလုံးသားဖြင့်သာ နားလည်နိုင်စွမ်းရှိသော အရာတစ်မျိုးဖြစ်သည်။ စစ်မှန်သော ဓမ္မအစဉ်အလာ၌ ဆရာဂုရုသည် သူ၏တပည့်အား တပည့်၏ဘဝတွင် ဖိတ်လျှံကျပြီး တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလောက်အောင်ပင် ပေးကမ်းသည်။

ကျွန်ုပ်၏ဂုရုနှင့် အချိန်အတန်ကြာမျှ နေထိုင်ပြီးသည့်နောက်၌ ဂင်္ဂုတ္တရီတွင်နေသော ကျွန်ုပ်၏ ဆရာတူတပည့် သို့မဟုတ် တပည့်ညီနောင်တစ်ဦးထံသို့ ကျွန်ုပ်

mgyoe.com

mgyoe.com

ကို ပို့လိုက်သည်။ သူက ကျွန်ုပ်ကို ဓမ္မကျမ်းစာ သင်ပေးသည်။ ကျွန်ုပ်၏ဆရာတူ တပည့်သည် ကျွန်ုပ်ကို ချစ်သည်။ သို့ရာတွင် ကျွန်ုပ်၏တော်လှန်ရေးစိတ်ကို နားမလည်ပေ။ အခြားတပည့်များနှင့် ကျွန်ုပ် အမြဲတစေအငြင်းအခုံပြုလုပ်နေသည်ကို မမှန်ဟု ယူဆသည်။ ကျွန်ုပ်၏အပြုအမူနှင့် ပတ်သက်၍ အတင်းစကားကို ဂုရုထံသို့ ပို့လိုက်သည်။ ကျွန်ုပ်၏ဂုရု ပေါက်ချလာပြီး ကျွန်ုပ်ကို ခေတ္တခဏ သူနှင့်ပြန်ခေါ်သွားသည်။ တခြားမိသားစုထံတွင် ဧည့်သည်အာဂန္တုအဖြစ်နေရသည်မှာ ကျွန်ုပ် မပျော်ပိုက်ပေ။ သို့ရာတွင် ယင်းအဖြစ်မျိုး ဖြစ်မလာသည်မှာ ကံကောင်းထောက်မသည်ဟု ဆိုရမည်။

တစ်နေ့သောအခါ၌ ကျွန်ုပ်သည် ဆရာတူတပည့်၏ဘဝအကြောင်းကို သိချင်စိတ်ပြင်းပြလာသည်ဖြစ်၍ သူ၏ ဇာတိရပ်ရွာနှင့်ပတ်သက်၍ သူ့ကို ထပ်ခါထပ်ခါ မေးမြန်းစုံစမ်းကြည့်သည်။ လောကီလူ့ဘောင်ကို စွန့်ခွာလာသူတို့သည် မိမိတို့၏ အတိတ်အကြောင်းကို မည်သည့်အခါမှ ဆွေးနွေးပြောကြခြင်း မရှိဟူသောအချက်ကို ပ်မသိပေ။ သို့ရာတွင် ကျွန်ုပ်မရမက မေးမြန်းစုံစမ်းသည်ဖြစ်၍ ကျွန်ုပ်၏ ဆရာတူ သ့်သည် သူ၏ဇာတိရပ်ရွာအကြောင်း ပြောပြလေသည်။

ဆရာဂုရုနှင့် ရသေ့တပည့်များသည် သူတို့၏အတိတ်ကို ပြန်ပြောင်းသတိ ရလိုကြပေ။ သူတို့၏ မွေးနေ့၊ သူတို့၏ အသက်၊ သူတို့၏ ဇာတိရပ်ရွာများကိုလည်း အလေးအနက်မထားကြပေ။ သူတို့၏ သွေးချင်းသားချင်း မိဘဆွေမျိုးများအကြောင်းကိုလည်း မပြောလိုကြပေ။ လောကီလူ့ဘောင်က စွန့်ခွာလာသူသည် တပည့်တစ်ဦး အဖြစ် သိက္ခာတင်ပွဲ ပြုလုပ်ပြီးနောက် မိမိနောက်ဆုံး ထုံးတမ်းစဉ်လာများကို မိမိကိုယ်တိုင် ပြုလုပ်ဆောင်ရွက်ပြီးသည့်အခါ၌ မိမိ၏ဇာတိရပ်ရွာအကြောင်းနှင့် ယခင်က မိမိနှင့် အတူတကွ နေထိုင်ခဲ့ကြသည့် လူများအကြောင်းကို တမင်မေ့ပစ်လိုက်လေသည်။

တပည့်တို့၏ လောက၌ တပည့်တစ်ဦး၏ အတိတ်အကြောင်းကို မဆွေးနွေးခြင်းသည် ထုံးတမ်းစဉ်လာ တစ်ခုဖြစ်သည်။ တပည့်တို့သည် သူတို့၏ ဘဝဟောင်းကို သေနေသောအတိတ်ဟု ခေါ်ပြီး လက်ရှိဘဝကိုမူ ဘဝသစ် သို့မဟုတ် အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသော ဘဝဟု ယူဆကြသည်။

အလားတူ မေးခွန်းမျိုးကို ကျွန်ုပ်၏ ဂုရုအားလည်း မေးစမ်းကြည့်ဖူးသည်။ ထပ်ခါထပ်ခါ တိုးလျှိုးတောင်းပန်သော်လည်း ကျွန်ုပ်၏ဂုရုသည် သူ၏ဘဝနှင့် ပတ်သက်၍ ကျွန်ုပ်ကို ပြောပြခြင်းမရှိပေ။ အနောက်ဗင်္ဂါပြည်နယ်မှ ဗြာဟ္မဏမိသားစု တစ်စုတွင် မွေးဖွားသည်ဟူ၍လောက်သာ ပြောပြသည်။ သူ၏မိသားစုများသည် ဟိမဝန္တာတောင်ပေါ်မှ ဆင်းဆင်းလာပြီး ထိုဒေသတစ်ခွင်၌ လှည့်လည်သွားလာနေသော

mgyoe.com

mgyoe.com


တပသီတစ်ဦး၏ တပည့်များဖြစ်ကြသည်။ ကျွန်ုပ်၏ ဂုရုသည် တစ်ဦးတည်းသောသား ဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် မိတဆိုး ဖတဆိုး ဘဝရောက်ခဲ့သည်ဖြစ်၍ ထိုတပသီက သူ့ကို မွေးစားသည်။ ကျွန်ုပ်ကို ထိုအကြောင်း ပြောပြချိန်၌ ကျွန်ုပ်၏ဂုရုသည် အသက် ၈၀ အရွယ်ရောက်နေပြီ။

ကျွန်ုပ်၏ဂုရုသည် စကားပြောသည့်အခါ ဘင်္ဂါလီအသံထွက်ဖြင့် စကားပြောသည်။ သူ၏အမိဘာသာစကားကို အသုံးမပြုသော်လည်း တစ်ခါတစ်ရံ ဘင်္ဂါလီသီချင်းကို ညည်းနေတတ်သည်။ ကျွန်ုပ်၏ဂုရုသည် သက္ကတစာပေ ပညာရှင်ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားနှင့် အခြားဘာသာစကားများကိုလည်း တတ်ကျွမ်းသည်။

တစ်ခါတုန်းက ဗင်္ဂေါပြည်နယ်အတွင်း ခရီးလှည့်လည်သွားနေစဉ် ကျွန်ုပ်သည် ကျွန်ုပ်၏ ဂုရုမွေးသော ဇာတိရပ်ရွာသို့ ရောက်သွားသည်။ သူတို့၏အိမ်အစအနမျှကိုပင် မတွေ့ရတော့ပေ။ ထိုနေရာ၌ သူ့အမည်နှင့်အထိမ်းအမှတ်တစ်ခု ဆောက်လုပ်လိုသည့်ဆန္ဒ ကျွန်ုပ်တွင် ရှိသည်။ သို့ရာတွင် ကျွန်ုပ်၏ဂုရုက ထိုသို့မလုပ်ရန် တားမြစ်ပိတ်ပင်ထားသည်။ ထိုရွာ၌ အသက် ၈၀ အရွယ်ရှိ အဘွားကြီးနှစ်ယောက်မှတစ်ပါး သူ့အကြောင်း သိသူတစ်ယောက်မျှမရှိပေ။ ဟိမဝန္တာမှ ဂုရုတစ်ယောက်လာပြီး အသက် ၁၄ နှစ်လောက်သာ ရှိသေးသည့် သူ့ကို ခေါ်သွားသည်ဟူ၍ အဘွားကြီးနှစ်ယောက်က ပြောပြသည်။ "သူ့ကို ကျုပ်တို့ သတိရနေတာတော့ အမှန်ပဲ" ဟု ပြောပြီးလျှင် အဘွားကြီးနှစ်ယောက်သည် "သူအသက်နှင့်ကိုယ် ထင်ရှားရှိနေသေးသလား၊ သူ ဘယ်နေရာရောက်နေသနည်း။ သူဘာလုပ်နေသနည်း"ဟူသော မေးခွန်းများ၏အဖြေကို သိလိုကြားလိုသည့်ဆန္ဒ ရှိနေကြသည်။

ကျွန်ုပ်၏ဂုရုသည် ဂူတစ်ခုထဲတွင် နေသည်။ နံနက်နေထွက်ချိန်၌ တစ်ကြိမ်မျှသာ အပြင်ထွက်ပြီး တစ်နာရီလောက်ကြာသောအခါ သူ့နေရာသူ ပြန်သွားသည်။ တစ်နေ့တွင် နှစ်ကြိမ် ထိုင်နေရာမှ ထသည်။ တစ်ခါတစ်ရံ ဂူအပြင်ဘက်ထွက်ပြီး လမ်းလျှောက်သည် သို့ရာတွင် ဂူအပြင်ဘက် လုံးဝမထွက် သည့်နေရက်များလည်း ရှိသည်။ သူနှင့်အတူ တပည့်ကြီး သုံးယောက်မှ ငါးယောက်အထိ တစ်ချိန်လုံး ရှိနေသည်။ ဆောင်းကာလ သုံးလအတောအတွင်း၌ ကျွန်ုပ်၏ဂုရုနှင့် သူ့တပည့်များသည် ပေ ရှစ်ထောင်မြင့်ရာသို့ ဆင်းလာတတ်ကြသည်။ တစ်ခါတစ်ရံ ကျွန်ုပ်၏ဂုရုသည် နီပေါနိုင်ငံသို့ ခရီးထွက်ပြီးလျှင် နမ်ချာဘဇားနှင့် ၇ မိုင်လောက်အကွာတွင် လအနည်းငယ်ခန့် နေထိုင်သည်။

mgyoe.com

mgyoe.com

ကျွန်ုပ်၏ဂုရုသည် များသောအားဖြင့် ဆိတ်နို့ကို သောက်သည်။ တပည့်များ မွေးမြူထားသော နို့စားနွားနက်မ၏နို့ကိုလည်း သောက်သည်။ တစ်ခါတစ်ရံ ဆိတ်နို့ တစ်ဝက်၊ ရေတစ်ဝက် သူ့ကိုပေးသည်။ သူမတောင်းဘဲနှင့် ပေးခြင်းဖြစ်သည်။ သူ မသောက်လျှင်လည်း ကျွန်ုပ်ပြန်ယူသွားသည်။ နောက်ပိုင်း၌မူ ဆိတ်နို့များများပေးရ သည်။ ဆိတ်နို့သည် သူ၏ တစ်ခုတည်းသော အစာအာဟာရ ဖြစ်သည်။

ကျွန်ုပ်၏ ဂုရုသည် 'သမာဓသမာဓိ'ဖြင့် နေထိုင်လေ့ရှိပြီး အနည်းအကျဉ်းမျှ လောက်သော စကားပြောသည်။ ကျွန်ုပ်တို့သည် ကိုးလတိတိ အတူနေခဲ့ဖူးသည်။ စကားအလျဉ်းမပြောပေ။ မျက်လုံးမှိတ်၍ တရားထိုင်နေသည့်အချိန်က များသည်။ ကျွန်ုပ်က ကျွန်ုပ်၏အလုပ်ကို လုပ်ပြီး သူက သူ့အလုပ်ကို လုပ်သည်။ စကားပြော သည့် အခါအခွင့်ဟူ၍ပင် ပေါ်မလာပေ။ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိကြ သည်။ ဝစီကံဖြင့် ဆက်သွယ်ဖို့ မလိုပေ။ အချင်းချင်းနားလည်မှုမရှိသည့်အခါ တစ် ယောက်နှင့်တစ်ယောက် သိစေလိုသည့်အတွက်သာ စကားလိုသည်။ သို့ရာတွင် ဘာသာစကားသည် ဆက်သွယ်မှုအတွက် ဆင်းရဲနွမ်းပါးသော နည်းလမ်းဖြစ်သည်။ အတွင်းနက်ရှိုင်းရာ အဆင့်အလွှာ၌ ဆက်သွယ်မှုရှိပြီးဖြစ်နေသည်။ ထို့ကြောင့် စကား ပြောစရာမလိုပေ။ ကျွန်ုပ်၏ဂုရုနှင့် ကျွန်ုပ်သည် အသံတိတ် ဆက်သွယ်မှု၌ ပို၍ ယုံ ကြည်သည်။ ကျွန်ုပ်၏ဗရုတ်သုတ်ခ မေးခွန်းများကို ကျွန်ုပ်၏ဂုရုက အပြုံးဖြင့်သာ ပြန်အဖြေပေးသည်။ ကျွန်ုပ်၏ ဂုရုသည် စကားအလွန်နည်းသည်။ သို့သော်လည်း ကျွန်ုပ်၏ကြီးပွားတိုးတက်မှုအတွက် ပတ်ဝန်းကျင် အနေအထားကိုမူ ပြုလုပ်ဖန်တီးပေး သည်။

တချို့က ကျွန်ုပ်၏ဂုရုကို ဘင်္ဂါလီဗာဗာဟု ခေါ်ကြသည်။ အချို့က ဗာဗာဂျီ အဖြစ်ဖြင့်သာ သိကြသည်။ ကျွန်ုပ်ကမူ ကျွန်ုပ်၏ ဂုရုဒေဝအား 'ဂုရု'ဟူ၍ ခေါ်သည်။ ယင်းစကားလုံးထက် သင့်လျော် လျောက်ပတ်သော စကားလုံး ကျွန်ုပ်ထံတွင် မရှိသော ကြောင့် ဖြစ်သည်။ သူ့အပေါ်တွင်ထားသော ကျွန်ုပ်၏ မေတ္တာသည် နိစ္စထာဝရ နိယာမ သဘောတရားနှင့် အတူတူပင် ဖြစ်သည်။ ကျွန်ုပ်နှင့် ပတ်သက်သော သူ၏သင်ကြားပို့ ချချက်များ၌ ယထာဘူတမကျသည်ကို မည်သည့်အခါမှ မတွေ့ရပေ။ သူ့ကို ကိုယ် ကျိုးကြည့်သမားအဖြစ် မည်သည့်အခါမှ ကြည့်၍မမြင်ပေ။ ကာယကံ၊ ဝစီကံ၊ မနော ကံဖြင့် ညွှန်ကြားသောသူ၏ ညွှန်ကြားဆုံးမချက်မှန်သမျှသည် မေတ္တာမွန်၊ မေတ္တာမြတ် အပြည့်ရှိနေသည်။

ကျွန်ုပ်ထံတွင် သူ၏ ကြီးမြတ်မှုကို ငုံမိရန်အတွက် စကားလုံး လုံလုံလောက်

mgyoe.com

mgyoe.com


လောက် မရှိပေ။ ကျွန်ုပ်သည် ကျွန်ုပ်၏ဂုရုအား အမတပညာနှင့် ပြည့်စုံသော ယောဂီတစ်ဦးအဖြစ်လည်းကောင်း၊ ဟိမဝန္တာမှ အကြီးမြင့်ဆုံး ဂုရုများထဲက တစ်ဦးအဖြစ်လည်းကောင်း၊ ကြည်ညိုလေးစား ယုံကြည်ယူဆသည်။ သူ၏ ကျိုးကြောင်းဆင်ခြင်တိုင်းထွာမှုသည် အရန်သင့်ဖြစ်နေသူများအတွက် အလင်းရောင်ပေးရန်ဖြစ်ပြီး အရန်သင့်ဖြစ်ဖို့ ကြိုးစားအားထုတ်နေသူများအတွက် မေတ္တာထားရန်၊ အကာအကွယ်ပေးရန်၊ တည့်မတ်ပေးရန်ဖြစ်လေသည်။ သူ့ကို သတိရနေသူ မည်သူမဆို ဒုက္ခကြုံတွေ့ပါက သူ၏အကူအညီကို ရရှိသည်။ ယင်းအဖြစ်မျိုးသည် ကျွန်ုပ်တွင်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များစွာတွင်လည်းကောင်းအကြိမ် များစွာဖြစ်ပျက်ခဲ့သည်မှာ ကျွန်ုပ် ကိုယ်တွေ့ဖြစ်သည်။

မအားမလပ် ဖြစ်နေသည့်ကြားထဲက အချိန်ရလျှင် ရတိုင်း ကျွန်ုပ် သူ့ထံပြန်သွားချင်သည့်စိတ် ပေါ်လာတတ်သည်။ သူသည် ကျွန်ုပ်၏ တစ်ဦးတည်းသောလမ်းညွှန်ပုဂ္ဂိုလ်ဖြစ်သည်။ ဖြစ်နိုင်သည့် ကြည်ညိုမှုလေးစားမှုမှန်သမျှဖြင့် ကျွန်ုပ်သည် မည်သည့်နေရာ ရောက်နေရောက်နေ မိမိ၏ဂုရုအား ရှိခိုးဦးတိုက်ခြင်း မပြုလုပ်ဘဲ မနေနိုင်ပေ။ အကယ်၍ ကျွန်ုပ်သည် အမှားကျူးလွန် ပြုလုပ်မိသည် ဖြစ်ပါလျှင် ယင်းအမှားသည် ကျွန်ုပ်၏အမှားသာ ဖြစ်သည်။ သို့သော်လည်း အကယ်၍ ကျွန်ုပ်၏ဘဝ၌ ကောင်းသော၊ မှန်သောအရာဝတ္ထုတစ်စုံတစ်ရာ ရှိခဲ့ပါမူကား ယင်းကောင်းသော၊ မှန်သောအရာဝတ္ထုသည် ကျွန်ုပ်၏ဂုရုထံမှ လာသောအရာဝတ္ထုသာ ဖြစ်သည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ဂုရုနှင့် သားတော်ဆွာမိ

ကျွန်ုပ်ယခုပြောပြမည့် သမိုင်းဝင်အဖြစ်အပျက်ကြောင့် ကျွန်ုပ်၏ဂုရုကို အိန္ဒိယနိုင်ငံ တစ်နံတစ်လျား မသိသူရှားသည်။ အိန္ဒိယနိုင်ငံမှ များစွာသော ဥပဒေပညာရှင်များ၊ တရားသူကြီးများ၊ ပညာတတ်လူတန်းစားများသည် ယင်းအဖြစ်အပျက်ကို အပေါ်ယံ အကြမ်းဖျင်းကောက်ယူ သိပြီးဖြစ်ကြသည်။

'ဘဝါလ်ဆန္ဒာဆိ' အမည်ရှိ လုလင်တစ်ယောက်ရှိသည်။ ထိုဆန္ဒာဆိ သို့မဟုတ် တပသီသည် ဗင်္ဂါပြည်နယ်အတွင်းရှိ ဘဝါလ်နယ်စော်ဘွား၏ အရိုက် အရာခံသားတော်ဖြစ်သည်။ လက်ထပ်ထိမ်းမြားပြီးသောအခါ သားတော်သည် ဒါဂျီလင်ရှိ သူပိုင် တောင်ပေါ်ဗိမ်ခံအိမ်ဂေဟာ၌ သူ၏ ဇနီးသစ်ကလေးနှင့်အတူနေ လေသည်။ သူ၏ဇနီးသည် ဆရာဝန်တစ်ဦးနှင့် ငြိနေသည်။ ချစ်သူနှစ်ယောက်သည် သားတော်အား အဆိပ်ကို အသုံးပြုလျက် သေကြောင်းကြံကြသည်။ ဆရာဝန်သည် အစပထမတွင် သားတော်အား ဆေးထိုးအပ်ထဲ မြွေဟောက်အဆိပ် အနည်းငယ်ထည့် ပြီး ထိုးသည်။ သားတော်ကိုမူ ဗီတာမင်အားဆေးထိုးပေးခြင်းဖြစ်သည်ဟု အသိပေး ထားသည်။

ဆရာဝန်သည် အဆိပ်ပမာဏကို တစ်စတစ်စတိုးမြှင့်ပြီး ထိုးပေးသည်။ နောက်နှစ်လလောက်ကြာသွားသောအခါ သားတော် ကွယ်လွန်သွားပြီဟု ကြေညာ သည်။ ကြီးမားများပြားသော အသုဘရှုသူများသည် သားတော်၏အလောင်းကို တောင်ကျချောင်း တစ်ချောင်း၏ ကမ်းဘေးရှိ သုသာန်မြေသို့ မီးသင်္ဂြိုဟ်ရန် သယ်သွား

mgyoe.com

mgyoe.com


ကြသည်။ သင်္ချိုင်းမြေ၌ ထင်းပုံကို မီးတို့ပြီး မီးပုံပေါ်၌ အလောင်းကို တင်လိုက်သော အခါ မိုးရွာချလေသည်။ (ဒါဂျီလင်သည် ကမ္ဘာပေါ်၌ မိုးရေချိန် အမြင့်ဆုံးဖြစ်သည်ဟု အသိအမှတ်ပြုထားကြသည်။) မိုး တရကြမ်းရွာချသောကြောင့် ထင်းပုံမီးငြိမ်းသွားပြီးလျှင် ရေလျှံတက်လာပြီး အလောင်းသည် ရေစီးထဲ မျောပါသွားလေသည်။

ထိုအချိန်၌ သင်္ချိုင်းမြေနှင့်သုံးမိုင်အကွာ ချောင်းအောက်ဘက်တွင် ကျွန်ုပ်၏ ဂုရုသည် တပည့်ဆွာမိအချို့နှင့်အတူ ဂူတစ်ဂူထဲတွင် စတည်းချနေလေသည်။ ကျွန်ုပ်၏ဂုရုသည် ကင်ချန်ချန်ဂါ တောင်ခြေမှ ဟိမဝန္တာကုမာယုံရှိ ကျွန်ုပ်တို့၏ ဂူရှိရာသို့ အသွား ခရီးလမ်းစပ်ကြား ရောက်နေခြင်းဖြစ်သည်။ မိမိနေသည့် ဂူအနီးသို့ မသာလွှမ်း အဝတ်ပတ်ပြီး ဝါးခြမ်းပြားကပ်လျက် ကြိုးဖြင့်စည်းနှောင်ထားသော အလောင်းမျော လာသည်ကို တွေ့ရသောအခါ ကျွန်ုပ်၏ဂုရုသည် တပည့်အချို့အား အလောင်းကို ရေစီးထဲက ဆယ်ပြီး စည်းနှောင်ထားသော ကြိုးများကို ဖြည်ရန် ညွှန်ကြားလိုက်လေ သည်။

"ဒီလူ အသက်ပျောက်သွားတာ မဟုတ်ဘူး။ ပုံမှန် အသက်မရှုတဲ့အတွက်၊ ပုံမှန်သွေးခုန်နှုန်းမရှိတဲ့အတွက် မေ့မြောနေတာ။ ဒီလူ ငါ့တပည့် ဖြစ်လာလိမ့်မယ်"

ဟူ၍လည်း ကျွန်ုပ်၏ဂုရုက ပြောလေသည်။ တပည့်များက စည်းနှောင်ထားသော ကြိုးကိုဖြည်ပြီး အလောင်းကို ကျွန်ုပ်၏ဂုရုထံ သယ်ဆောင်လာကြသည်။

နှစ်နာရီအတောအတွင်းမှာပင် သားတော်သည် ပုံမှန်အသက်ပြန်ရှုလာပြီး သတိပြန်ဝင်လာသည်။ သို့ရာတွင် သူ၏အတိတ်ကိုမူ လုံးဝသတိမရတော့ပေ။ သားတော်သည် ဂုရု၏တပည့်ဖြစ်လာပြီးလျှင် နောက်ပိုင်း၌ သားတော်အား တပသီတစ်ဦး အဖြစ် သိက္ခာတင်ပေးလိုက်လေသည်။ သားတော်တပသီသည် ကျွန်ုပ်၏ဂုရုနှင့်အတူ ၇ နှစ်ကြာမျှ နေထိုင်သည်။ ထို့နောက် ကျွန်ုပ်၏ဂုရုက သူ့ကို တခြားတပသီများနှင့် တွေ့ဆုံရန်အတွက် အရပ်တကာ လှည့်လည်သွားလာရန် ညွှန်ကြားလေသည်။ သားတော်ဆွာမိသည် သူ့နှမနှင့်တွေ့ဆုံပြီး အတိတ်ဘဝကို အပြည့်အဝပြန်လည် သတိရ လာလိမ့်မည် ဟူ၍လည်း ကျွန်ုပ်၏ဂုရုက ကြိုတင်ဟောကိန်းထုတ်လိုက်လေသည်။

"ငါတို့မှာ ဖြေရှင်းစရာ ပြဿနာတွေ ရှိသေးတယ်။ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ တောင်ပေါ်သွားတာ ကောင်းလိမ့်မယ်" ဟု ပြောပြီးလျှင် ကျွန်ုပ်၏ဂုရုသည် ဟိမဝန္တာရှိ ကျွန်ုပ်တို့၏ ဘိုးဘေးစဉ်ဆက် နေထိုင်ခဲ့သော ဂူသို့သွားလျက် ထိုဂူ၌ နှစ်ပေါင်းများစွာ နေထိုင်လေသည်။ မြေပြန့်တွင် လပေါင်းများစွာ ခရီးလှည့်လည်လျက် တပသီပေါင်း၊ ယောဂီပေါင်းများစွာတို့နှင့် တွေ့ဆုံပြီးသောအခါ တစ်နေ့သ၌ သားတော်

mgyoe.com

mgyoe.com


ဆွာမိသည် ဆွမ်းဆန်အလှူခံရန် သူ့နမအိမ်သို့ အမှတ်မထင်ရောက်သွားသည်တွင် သူ့နမသည် သူ့အစ်ကို သားတော်ဆွာမိအား တွေ့တွေ့ခြင်း မှတ်မိသွားလေသည်။ ထိုအခါ သားတော်ဆွာမိသည် ၆ နာရီအကြာ၌ သူ၏အတိတ်က အကြောင်းအရာများကို တစ်ခုမကျန်အကုန် ပြန်သတိရလာလေ သည်။ ထိုအချိန်က ကျွန်ုပ်လုလင် အရွယ်မျှသာ ရှိသေးသည်။ အဖြစ်အပျက်တစ်ခုလုံး၏ အသေးစိတ်အကြောင်းအရာကို ထိုအချိန်က ပြောနေကြသည့်အတိုင်း အတိအကျမှတ်မိနေသည်။

သူ၏မိသားစုက လှုံ့ဆော်တိုက်တွန်းသောကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်ကလည်း အတိတ်ကို ပြန်လည်သတိရလာပြီ ဖြစ်သောကြောင့်လည်းကောင်း၊ သားတော်ဆွာမိသည် တရားရုံးတက်ပြီးလျှင် မိမိဘဝါလိစော်ဘွားသားတော်ဖြစ်သည်ဟု အရေးဆိုလေသည်။ တရားရုံး၌ တရားလို တရားခံနှစ်ဖက်စလုံးမှ အမှုအတွက် သက်သေခံရန် သက်သေများကို ဆင့်ခေါ်သည်။ အမှုစစ်ဆေးနေစဉ် အတောအတွင်း ဆရာဝန်သည် ဘုံဘေရှိ ဓါတ်ခွဲခန်းတစ်ခုမှ မြွေဆိပ်ယူလာသည်ဟူသော သက်သေထွက်ချက်များ ပေါ်လာလေသည်။ ထိုအခါ ဆွာမိသည် သူ၏ဇနီးနှင့် ဇနီး၏ချစ်သူတို့ ပူးပေါင်း၍ သေကြောင်းကြံခြင်း ခံရသူသားတော်ဖြစ်ကြောင်း ထင်ရှားသွားလေသည်။ သားတော်ဆွာမိက မိမိကိုသေပြီဟု ကြေညာလျက် မီးသင်္ဂြိုဟ်ရန် ဒါဂျီလင်အနီးရှိ သုသာန်မြေသို့ ယူဆောင်သွားပြီးလျှင် မီးသင်္ဂြိုဟ်မည်လုပ်စဉ် မိုးရေကြောင့် ချောင်းရေလျှံတက်လာပြီး ရေစီးကြောင်းထဲ မျောပါသွားသည့်အခါ ဟိမဝန္တာမှ ဆွာမိတစ်ပါးနှင့် သူ၏တပည့်များက မိမိကိုဆယ်ယူထားကြသည်ဆိုသည့် အကြောင်းကို ဖွင့်ဟပြောပြလေသည်။

ကျွန်ုပ်၏ဂုရုသည် သူကိုယ်တိုင်မူတရားရုံးသို့ မသွားပေ။ သို့ရာတွင် သူ့တပည့် အခြားဆွာမိနှစ်ပါးကို သက်သေခံရန် စေလွှတ်လိုက်လေသည်။ ထိုအမှုသည် ကာလကတ္တားတရားရုံး၌ နှစ်ရှည်လများ ကြားနာစစ်ဆေးရသည့် အမှုဖြစ်၍ အိန္ဒိယနိုင်ငံ တရားရုံးသမိုင်း၌ နှစ်အကြာဆုံးနှင့် အကြီးကျယ်ဆုံး အမှုတစ်ခုဖြစ်လေသည်။ သားတော်သည် နောက်ဆုံး၌ သူ၏စည်းစိမ်ဥစ္စာများကို ပြန်လည်ပိုင်ဆိုင်ခွင့် ရရှိသွားလေသည်။ သို့ရာတွင် ကံကြမ္မာဖန်လာပုံမှာ နောက်တစ်နှစ်အကြာတွင် ကွယ်လွန်သေဆုံးသွားရှာလေသည်။

ယင်းအမှုကြောင့် ကျွန်ုပ်၏ ဂုရုသည် နိုင်ငံအဝန်း လူသိရှင်ကြား ဖြစ်သွားပြီးလျှင် လူပေါင်းများစွာတို့သည် သူ့ကို တွေ့လိုသောကြောင့် အပြေးအလွှားလိုက်ရှာကြလေသည်။ သို့ရာတွင် ကျွန်ုပ်၏ဂုရုသည် လူစုလူဝေးကို အမြဲတမ်းရှောင်ပြီး မေတ္တာ

mgyoe.com

mgyoe.com



အပြည့်ဖြင့်ပေးသော သူ၏လမ်းညွှန်မှုကို [illegible]ူရရှိနေကြသော လက်ရွေးစင်တပည့်များနှင့်သာလျှင် အတူတကွ နေထိုင်လေသည်။ ကျွန်ုပ်၏ဂုရုသည် လူမြင်ကွင်းသို့ ထွက်လိုသည့်ဆန္ဒမရှိပေ။ အိန္ဒိယပြည်သူ ပြည်သားများသည် ယင်းမဟာတပသီသည် မည်သူမည်ဝါ ဖြစ်သနည်းဟု အကြိမ်များစွာ စူးစမ်းကြသည်။ သို့ရာတွင် ကျွန်ုပ်၏ဂုရုသည် လူစုလူဝေးနှင့်ဝေးဝေးနေရခြင်းကိုသာလျှင် နှစ်ခြိုက်သည်။ ခပ်လျှို့လျှို့နေရခြင်းကိုသာလျှင် လိုလားသည်။ တရားဓမ္မလမ်းမတွင် ရိုးရိုးသားသား လျှောက်သွားလိုသော ပုဂ္ဂိုလ်သည် လူစုလူဝေးကို လည်းကောင်း၊ လူသိအောင် ကြော်ငြာခြင်းကိုလည်းကောင်း၊ အခြွေအရံတပည့်တပန်းပေါ်များအောင် ဖန်တီးခြင်းကိုလည်းကောင်း ရှောင်ရှားသင့်၏ဟူ၍လည်း ကျွန်ုပ်၏ဂုရုက ဩဝါဒပေးသည်။

နာမည်ကြီးခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းသည် ဓမ္မပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် အကြီးမားဆုံးသော ကျဆုံးခြင်းအကြောင်းဖြစ်သည်။ လောကီလူ့ဘောင်ကို စွန့်ပစ်ခွာရှောင်ပြီးသည့်နောက်၌လည်း နာမည်နှင့် အကျော်အစောကို ရယူလိုသောဆန္ဒသည် မသိစိတ်တွင် တွယ်ကပ်မှီခိုလျက်ရှိနေသည်။ ဓမ္မပုဂ္ဂိုလ်သည် မိမိ၏ကိုယ်နှုတ်နှလုံးကို ဘုရားထံ အပ်နှံထားခြင်းအားဖြင့်လည်းကောင်း၊ မည်သည့်အရာကိုမဆို တွယ်တာလိုလားမှု မပြုခြင်းအားဖြင့်လည်းကောင်း၊ နာမည်နှင့် အကျော်အစော ရယူလိုသည့် စိတ်ဆန္ဒကို ဆေးကြောပစ်သင့်လေသည်။ ယင်းကဲ့သို့သော တပသီများ၊ ယောဂီများသည် ဟိမဝန္တာ၏တိတ်ဆိတ်ငြိမ်သက်ပြီး လူသူနှင့် အဆက်ပြတ်လျက် ထီးထီးကြီးဖြစ်နေသော ထောင့်တစ်ထောင့်မှပင် လူသားများကို အကူအညီပေးနိုင်ကြသည်။ ကုစားနိုင်ကြသည်။ တည့်မတ်ပေးနိုင်ကြသည်။ ယင်းကဲ့သို့သော တပသီများ၊ ယောဂီများအတွက် လူသားအကျိုးပြုအလုပ်သည် ဘဝ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လာလေသည်။ သူတို့သည် လူသားတို့ထံမှ မည်သည့်အရာကိုမှ မျှော်လင့်ချက်မထားပေ။ လူသားကိုအကျိုးပြုခြင်းသည် ဘုရားအား ကြည်ညိုမြတ်နိုးမှုပြုခြင်းပင် ဖြစ်သည်ဟူ၍ ယူဆထားသောကြောင့် ဖြစ်လေသည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ တိဗက်ဆရာ့ဆရာ - ၁

၁၉၃၉ ခုနှစ်က ကျွန်ုပ် တိဗက်သွားဖို့ အကြံဖြစ်ပေါ်လာသည်။ တိဗက်နယ်စပ်သည် ဆရာအရှင်နှင့် ကျွန်ုပ်အတူနေသော နေရာမှ ကိုးမိုင်လောက်သာ ဝေးသည်။ သို့ရာတွင် ကျွန်ုပ်ကို မာနာလမ်းက ဖြတ်ပြီး တိဗက်သို့ သွားခွင့်မပြုပေ။ ၇ နှစ်ကြာသောအခါ တခြားလမ်းက တိဗက်သို့သွားရန် ကြိုးစားကြည့်ပြန်သည်။ ၁၉၃၆ ခုနှစ် အစပိုင်းလောက်က ကျွန်ုပ်သည် ဒါဂျီလင်၊ ကလင်ပုန်၊ ဆစ်ကင်း၊ ပေထုန်၊ ဂရန်ဆီ၊ စီကဆေတို့ကို ဖြတ်လျက် တိဗက်မြို့တော် လာဆာသို့ ခရီးထွက်ခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ ကျွန်ုပ်၏ ဆရာ့ဆရာ (ကျွန်ုပ်ဆရာအရှင်၏ ဆရာ) ကို တွေ့ရန်နှင့် ယင်းဆရာ့ဆရာထံမှ အဆင့်မြင့် ဘာဝနာတရားများကို သင်ကြားလေ့လာရန် ဖြစ်သည်။

ကျွန်ုပ်သည် ဒါဂျီလင်၌ နေ့ရက် အတန်ကြာနေထိုင်လျက် တရားဟောသော အလုပ်ကို အနည်းအကျဉ်း လုပ်ခဲ့သည်။ ဗြိတိသျှ အစိုးရအရာရှိများက ကျွန်ုပ်ကို လာဆာသို့သွားပြီး အိန္ဒိယ၌ရှိသော ဗြိတိသျှအစိုးရကို အနှောင့်အယှက်ပေးမည့် သူပုန်တစ်ယောက်ဟု ထင်ကြသည်။ ကျွန်ုပ် ခရီးသွားမည့် စီမံကိန်းကို ဗြိတိသျှအစိုးရအရာရှိများက သိရှိကြသော်လည်း ကျွန်ုပ်၏ရည်ရွယ်ချက်ကိုမူ မသိကြပေ။ ၁၀ ရက်ကြာသောအခါ ကျွန်ုပ်က လင်ပုန်ကိုသွားပြီး ကျွန်ုပ်ငယ်စဉ်က ကွန်ဖူးနှင့် အခြားအလားတူ အနု ပညာများကို သင်ကြားဆည်းပူးခဲ့သော ဘုန်းကြီးကျောင်း၌ နေထိုင်သည်။ ကျွန်ုပ်၏ ကွန်ဖူးဆရာဟောင်းနှင့် အတူနေပြီးနောက် ဆစ်ကင်းသို့သွားပြီး

mgyoe.com

mgyoe.com


တိဗက်ပြည်က ဒလိုင်းလားမား၏ ဒ_မီ_ ပ် ဆွေမျိုးတစ်ယောက်နှင့် နေထိုင်သည်။ ဆစ်ကင်း၌ရှိသော မစ္စတာ ဟောဗ်ကင်ဆန်း အမည်ရှိ နိုင်ငံရေးအရာရှိသည် ကျွန်ုပ်ကို တိဗက်၌ရှိသော အုပ်ချုပ်သူများအား ဗြိတိသျှအစိုးရနှင့် ဆန့်ကျင်ဘက် သွေးထိုးပေးမှာ စိုးရိမ်နေသည်။ သူနှင့် ကျွန်ုပ် အကြိမ်များစွာ တွေ့ဆုံသော်လည်း သူသည် ကျွန်ုပ်အား တိဗက်သို့ သွားခွင့်မပေးပေ။ မစ္စတာ ဟောပ်ကင်းဆန်းက ကျွန်ုပ်ကို ထိုအချိန်က ဗြိတိသျှအစိုးရနှင့် တိုက်ပွဲဝင်နေသော အိန္ဒိယကွန်ဂရက်ပါတီအတွက် စပိုင်အလုပ် လုပ်နေသည်ဟူ၍ သံသယရှိသည်။

ထိုအချိန်က အိန္ဒိယနိုင်ငံ၌ အုပ်စုနှစ်စု ရှိသည်။ အုပ်စုတစ်စုမှာ အဟိံသာ လမ်းစဉ်ကို ကျင့်သုံးနေသော မဟတ္တမဂန္ဒီ၏အုပ်စုဖြစ်ပြီး ယင်းအုပ်စုက အနုနည်း နှင့် ပူးပေါင်းမဆောင်ရွက်ရေး နည်းလမ်းကို အသုံးပြုနေသော အုပ်စုဖြစ်သည်။ တခြား အုပ်စုတစ်စုမှာ အိန္ဒိယနိုင်ငံ၌ရှိသော အကြမ်းဖက်ဝါဒ စွဲကိုင်နေသောအုပ်စု ဖြစ်သည်။ ကျွန်ုပ်သည် မည်သည့်အုပ်စုကမှ မဟုတ်ပေ။ သို့ရာတွင် နိုင်ငံရေးအရာရှိသည် ကျွန်ုပ်၏ ပစ္စည်းများထဲတွင် ပေးစာနှစ်စောင် တွေ့သွားသည်။ တစ်စောင်မှာ ပဏ္ဍာစ်နေရူးပေး သောစာဖြစ်ပြီး အခြားတစ်စောင်မှာ မဟတ္တမဂန္ဒီထံမှ ပေးစာဖြစ်သည်။ ယင်းစာနှစ် စောင်သည် နိုင်ငံရေးနှင့် ပတ်သက်သော စာမဟုတ်ပေ။ သို့ရာတွင် ထိုနိုင်ငံရေးအရာရှိ အတွက် ပိုပြီးသံသယဖြစ်စရာ စာများဖြစ်နေကြသောကြောင့် ကျွန်ုပ်ကို အကျယ်ချုပ်နှင့် ထားပြီး အစောင့်အကြပ်ရှိနေသောအိမ်၌ နေရသည်။

နေရထိုင်ရသည်မှာ အဆင်ပြေသည်။ သို့ရာတွင် ၂ လလောက် အိမ်က မည်သည့်နေရာမှ သွားခွင့်မရှိဘဲ မည်သူ့ထံကိုမှလည်း စာရေးခွင့်မရှိပေ။ မည်သည့် ဧည့်သည်ကိုမှလည်း အိမ်တွင် လက်ခံတွေ့ဆုံခွင့်မရှိပေ။ နိုင်ငံရေးအရာရှိက ကျွန်ုပ်ကို ပြောပြသည်။

"ခင်ဗျား တစ်ခုခုလုပ်တယ်ဆိုတာကိုတော့ ကျုပ် အထောက်အထား မပြနိုင် ဘူး။ ဒါပေမဲ့ ခင်ဗျားကို နိုင်ငံရေး စပိုင်တစ်ယောက်လို့ ကျုပ် သံသယရှိနေတယ်။ ခင်ဗျားနဲ့ ပတ်သက်ပြီး အစီရင်ခံစာမရသေးသရွေ့ ခင်ဗျား ဒီနေရာက ထွက်သွားခွင့် မပြုဘူး"

ဘန်ဂလိုအပြင်ဘက်၌ နေ့ညဉ့်မပြတ် အစောင့်ချထားသည်။ ထိုအချိန်၌ ကျွန်ုပ်ရရှိသောအခွင့်အလမ်းတစ်ခုမှာ တိဗက်စကားကို သင်ကြားလေ့လာခွင့်ရရှိ ခြင်းဖြစ်သည်။ တိဗက်ပြည်အတွင်း သွားခွင့်ရရှိသောအချိန်၌ တိဗက်စကားတတ်ထား မှ တိဗက်လူမျိုးများနှင့် စကားပြော၍ ရပေလိမ့်မည်။

mgyoe.com

mgyoe.com


တစ်ယောက်မကသော အရာရှိများကို ထပ်ခါထပ်ခါ တိုးလျှိုးတောင်းပန်သော်လည်း နိုင်ငံရေးအရာရှိသည် ကျွန်ုပ်ကို လွှတ်လိုက်ရန် အထက်က အမိန့်မရရှိဘဲ ဖြစ်နေသည်။ ထို့ကြောင့် နှစ်လကြာပြီးသည့်နောက်၌ တိတ်တိတ်ထွက်သွားတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ အစောင့်တစ်ယောက်ထံမှ အလွန်တရာဟောင်းနွမ်းပြီး ညစ်ထပ်ထပ်ဖြစ်နေသော လောင်းကုတ်အင်္ကျီရှည်ကြီး တစ်ထည်ဝယ်ယူလျက် ရုပ်ပြောင်းရုပ်လွှဲလုပ်ရန် ကြိုးစားအားထုတ်သည်။ ချမ်းအေးသော ညတစ်ည ၁၁ နာရီအချိန်လောက်တွင် တာဝန်ကျသောအစောင့် အရက်မူးပြီး စောစောအိပ်ပျော်သွားသောအခါ တိဗက်ကုတ်အင်္ကျီရှည်ကိုဝတ်လျက် ကျွန်ုပ်ပက်ဒုန်သို့ ထွက်ခွာသွားသည်။ ကျွန်ုပ်ထွက်ခွာသွားသော နေ့မှာ ဇူလိုင် ၁၅ ရက်နေ့ ဖြစ်သည်။ မထွက်ခွာမီ မိမိအခန်း၌ရှိသော စားပွဲပေါ်တွင် 'ကျွန်ုပ်ဒေလီပြန်သွား၍' ဟူ၍ ရေးထားသော စာလေးတစ်စောင် တင်ထားခဲ့သည်။ ယင်းသို့ပြုလုပ်သည့်အတွက် မိမိ၏ဆုံးဖြတ်ချက် လွဲမှားသည်ဟု မထင်မှတ်ပေ။ အကြောင်းမူကား အုပ်ချုပ်ရေးအရာရှိများသည် ကျွန်ုပ် တိဗက်သွားသည့်ကိစ္စ၌ အဟန့် အတားပြုလုပ်နေခြင်းသည် တရားမျှတမှုမရှိဟု ကျွန်ုပ်ထင်မှတ်နေသည့်အတွက် ဖြစ် သည်။ ၃ ရက်မြောက်နေ့၌ ဆစ်ကင်းအစိုးရက အစောင့်ချထားသော ဂေါ်ရခါးစစ်သား များရှိသည့် နောက်ဆုံး စစ်ဆေးသည့်နေရာသို့ ရောက်ရှိသွားသည်။ ဂေါ်ရခါးစစ်သား များက ကျွန်ုပ်ကို စစ်ဆေးပြီး သက်သေခံ လက်မှတ်အပြခိုင်းသည်။ ကျွန်ုပ်က သူတို့ကို ကျွန်ုပ် လည်လည်ပတ်ပတ်ပြောတတ်သော နီပေါစကားဖြင့် ပြောပြသောအခါ ကျွန်ုပ်ကို နီပေါလူမျိုးအောက်မေ့ပြီး နယ်စပ်ဖြတ်ကျော်လျက် တိဗက်ပြည်ထဲ ဝင်ခွင့်ပြုလိုက်သည်။

တိဗက်ပြည်၌ ကျွန်ုပ် အခက်အခဲအမြောက်အမြား တွေ့ကြုံရသည်။ ကျွန်ုပ်က သက်သတ်လွတ်သမားဖြစ်သည်။ သို့ရာတွင် အသားဟင်းမှတစ်ပါး အခြားဟင်းရရှိဖို့ အခက်အခဲဖြစ်နေသည်။ တိဗက်ပြည်၌ ရာသီဥတုကြောင့်လည်းကောင်း၊ မြင့်မားသော ကုန်းမြေဖြစ်သောကြောင့်လည်းကောင်း၊ သက်သတ်လွတ်စားသူတစ်ယောက်မှ မတွေ့ရပေ။ လူတိုင်းလူတိုင်း သားငါးစားသူများသာ ဖြစ်ကြသည်။ ကျွန်ုပ်ကြက်ဥ၊ ဘဲဥများကို စားကြည့်သည်။ ရာသီအလိုက်ပေါ်သော ဟင်းသီးဟင်းရွက်များကိုလည်း ရသည်။ သို့ရာတွင် သားငါးစားဖို့အတွက်မူ စိတ်ကူးထည့်တွက်၍ မရအောင်ဖြစ်နေသည်။ အစားအသောက် အပြောင်းအလဲဖြစ်သောကြောင့် ကျွန်ုပ်ဝမ်းလျှောပြီး ကျန်းမာရေး ချို့ယွင်းလာသည်။ သို့ရာတွင် မိမိခရီး၏ ရည်ရွယ်ချက်အောင်မြင် ထမြောက်စေရန် ဘုန်းကြီးကျောင်းများနှင့် လိုဏ်ဂူများကို သွားရောက်ပြီး မိမိ၏ဆရာ့ဆရာနှင့် အတူနေ

mgyoe.com

mgyoe.com

ရန် ဆုံးဖြတ်ချက်ချသည်။

ညဥ့်အချိန် ကျွန်ုပ်ယာယီတဲထိုးပြီးနေသောအခါ လူတွေက ပစ္စည်းများကို လုယူဖို့စိတ်ကူးရှိသောကြောင့်လား မသိ။ ကျွန်ုပ်ပိုင်ပစ္စည်းများကို စစ်ဆေး မေးမြန်းကြသည်။ သို့ရာတွင် ဘီစကစ်မုန့် အနည်းငယ်နှင့် ရေတစ်ပုလင်းမှတစ်ပါး အခြားမရှိပေ။ ယင်းပစ္စည်းများသည်ပင် နယ်စပ်၌ အစောင့်ချထားသော စစ်သားတစ်ယောက်က ပေးလိုက်သောပစ္စည်းများဖြစ်သည်။ ကျွန်ုပ်ထံတွင် ရူပီး ၂၀၀၀ ကို ကျွန်ုပ် ခြေအိတ်ထဲတွင် ထည့်ထားသည်။ တစ်စုံတစ်ယောက်၏ရှေ့တွင် ကျွန်ုပ် မည်သည့်အခါမျှဖိနပ်မချွတ်ပေ။

တစ်နေ့ ဆယ်မိုင် သို့မဟုတ် ဆယ့်ငါးမိုင်နှုန်းဖြင့် ကျွန်ုပ်ခရီးသွားသည်။ တစ်ခါတစ်ရံ ခြေကျင်သွားပြီး တစ်ခါတစ်ရံ မြည်းစီးသည်။ ကျွန်ုပ် စိတ်မသန့်သော်လည်း တချို့လူများကို ဗေဒင်ဟောရသည်မှာ စိတ်မသန့်ပေ။ ဗေဒင်မဟောချင် ဟောချင်နှင့် ဟောရသည်။ တိဗက်လူမျိုးတို့သည် ဗေဒင်တို့ လက္ခဏာတို့ကို အလွန်ဝါသနာပါသည်။ ကျွန်ုပ်ဗေဒင် လက္ခဏာဟောတတ်သည်ဆိုသည်ကို သိသွားကြသောအခါ တိဗက်များသည် ကျွန်ုပ်နှင့် ဖက်လဲတကင်း ဖြစ်သွားကြပြီးလျှင် တောင်ပေါ်တဲစခန်းတစ်ခုမှ အခြားစခန်းတစ်ခုသို့ သွားရန်အတွက် မြည်းများကို စီစဉ်ပေးပြီးလျှင် ကျွန်ုပ်ကို ဝမ်းသာအားရ အကူအညီပေးကြသည်။ နှင်းဝက်ဝံများနှင့်လည်းကောင်း၊ အကောင်ကြီးမားသော ဘိုတီတယခွေးကြီးများနှင့်လည်းကောင်း အကြိမ်များစွာ ကျွန်ုပ် ရင်ဆိုင်ခဲ့ရသည်။ ဘိုတီတယခွေးကြီးများကို တိဗက်ရွာများ၌ ရွာအစောင့်အဖြစ် အသုံးချကြသည်။

မိမိတွေ့ကြုံရသော ပြဿနာများကြောင့် ပင်ပန်းနွမ်းလျခြင်း မရှိသော်လည်း ဟိမဝန္တာယောဂီများ၊ ရသေ့များ၏ လျှို့ဝှက်သင်ကြားချက်များကို သင်ကြားနာယူရန်အတွက် လှုံ့ဆော်အားပေးနေသော စွမ်းအားကမူ ကျွန်ုပ်ထံ၌ ရှိနေသည်။ အိန္ဒိယနိုင်ငံ၌ရှိသော ဗြိတိသျှအစိုးရက ကျွန်ုပ်ကို ဖမ်းပြီးအကျဉ်းချမည်မှာ သေချာသလောက်ဖြစ်၍ ကျွန်ုပ်အိန္ဒိယပြန်သွား၍ ရမည်ဟု မျှော်လင့်ချက်မထားတော့ပေ။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ တိဗက် ဆရာ့ဆရာ - ၂

ကျွန်ုပ်သည် ရဲဝံ့စွန့်စားစွာဖြင့် တောင်ကျချောင်းများကိုလည်းကောင်း ဖြတ်လျက် နဂိုက ကြံစည် စိတ်ကူးထားခြင်း အလျဉ်းမရှိဘဲ ဘေးအန္တရာယ်ထူပြောသော လမ်းများကို သွားရသည်။ မိမိ၏ကံကြမ္မာကို ဘုရားသခင်ကိုသာ အပ်နှင်းပြီးလျှင် အကယ်၍ ကျွန်ုပ် လမ်းပျောက်သွားပါက မိမိ၏ဆရာအရှင်နှင့် မိမိ၏ဆရာ့ဆရာများက မိမိအား ကာကွယ်စောင့်ရှောက်ကြလိမ့်မည်ဟူသော ယုံကြည်ချက် အပြည့်အဝဖြင့် မိမိ၏ခရီးကို ဆက်လက်သွားခဲ့သည်။ ထိုနေ့များက ကျွန်ုပ်သည် အထိတ်တလန့် အကြောက်အရွံ့ မရှိပေ။ သေရမှာကိုလည်း မကြောက်ပေ။ ကျွန်ုပ်၏ဆရာ့ဆရာကို တွေ့လိုသောဆန္ဒ သည် အလွန်တရာ ထက်သန်အားကောင်းနေသည်။ ယင်း ဆရာ့ဆရာနှင့် အချိန် ကာလအတန်ကြာမြင့်စွာနေဖို့ရန်သည် မိမိ၏ထိပ်တန်းတာဝန်ဝတ္တရားဖြစ်သည်ဟု တွေးတောကြံဆထားသည်။ ကျွန်ုပ်၏ ဆရာ့ဆရာသည် တိတ်ဆိတ်အေးချမ်းသော နေရာ၌နေလိုသည့်အတွက်ကြောင့်လည်းကောင်း၊ သူ့ထံမှ ပညာယူလိုကြသော အဆင့် မြင့်ယောဂီများအား သင်ကြားပို့ချပေးလိုသည့်အတွက်ကြောင့်လည်းကောင်း တိဗက်၌ အခြေချနေသည်။ ယင်းဆရာ့ဆရာကိုတွေ့ဆုံရန် ကျွန်ုပ်အကြီးအကျယ် ဆန္ဒပြင်းထန် နေသည်။ ဟရိယခန်ဗာဗာနှင့် အခြားဟိမဝန္တာရသေ့သူတော်စင်ကြီးများသည် ကျွန်ုပ် ၏ ဆရာ့ဆရာကို အလွန်တရာ လေးစားကြည်ညိုကြပြီး နှစ်ပေါင်းများစွာ ကျွန်ုပ်၏ ဆရာ့ဆရာထံမှ လေ့လာဆည်းပူးခဲ့ကြသည်ဟူ၍ ကျွန်ုပ်၏ ဆရာ အရှင်ပြောပြသည်ကို ကြားရဖူးသည်။ ကုမာရုံ တောင်တန်း၌ အလွန်တရာ နာမည်ကြီးသော ဟိမဝန္တာ၏

mgyoe.com

ထာဝရ ဗာဗာဂျီအဖြစ် ထင်မြင်ယူဆခြင်းခံရသော ဟာရိယခန်ဗာဗာသည် ကျွန်ုပ်၏ ဆရာ့ဆရာထံမှ ပညာများစွာ သင်ကြားဆည်းပူးခဲ့သည်။ ယင်းအခြေအနေသည် ကျွန်ုပ်၏ဆန္ဒကို အဆက်မပြတ် အားကောင်းအောင်ပြုမနေသောကြောင့် ကျွန်ုပ်သည် ယခု စွန့်စားမှုကို ပြုလုပ်ရခြင်းဖြစ်သည်။

နှစ်လလောက် ခရီးခဲကို စွန့်စားသွားပြီးနောက် ကျွန်ုပ်လာဆာသို့ ရောက်ရှိသွားသည်။ လာဆာ၌နေသော ကက်သလစ်ဘုန်းတော်ကြီးက သူ၏ခပ်ငယ်ငယ်အိမ်ဂေဟာသို့ ကျွန်ုပ်ကိုခေါ်သွားသည်။ ယင်းအိမ်ဂေဟာသည် သူ၏ဘုရားရှိခိုးကျောင်းသဖွယ်လည်း ဖြစ်နေသည့်အပြင် ယင်းဂေဟာ၌ အခြားသော ခရစ်ယာန်သာသနာပြုနှစ်ဦးနှင့် အတူနေထိုင်သည်။ ယင်းသုံးဦးမှတစ်ပါး လာဆာ၌ အခြားကက်သလစ်သာသနာပြုဟူ၍ မရှိသောကြောင့် သူတို့၏လှုပ်ရှားမှုများကို တိဗက်အစိုးရက မျက်စိဒေါက်ထောက်ကြည့်နေသည်။ သူတို့နှင့်အတူ ၁၀ ရက်လောက်နေပြီး ကျွန်ုပ်အားဖြည့်ခဲ့သည်။ ထိုအချိန်၌ ဆစ်ကင်း၌ရှိသော နိုင်ငံရေးအရာရှိနှင့် အိန္ဒိယ၌ရှိသော ပုလိပ်သည် ကျွန်ုပ်တိဗက်ရောက်နေပြီ ဆိုသည့်အကြောင်း သိရှိသွားကြသည်ဖြစ်၍ ကျွန်ုပ်၏အမှုတွဲကို စီအိုင်ဒီလက်ထဲ လွှဲအပ်လိုက်ကြသည်။ ကျွန်ုပ် လာမတစ်ဦးနှင့်တွေ့ပြီး မိမိသည် ဓမ္မနှင့်ပတ်သက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း၊ နိုင်ငံရေးကိစ္စများနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိကြောင်း အသိပေးပြောပြလိုက်သည်။ ယင်းလာမနှင့်အတူ ကျွန်ုပ်နှစ်ပတ်လောက် နေထိုင်ခဲ့သည် ဖြစ်၍ ထိုလာမလည်း နောက်ဆုံး၌ ကျွန်ုပ် အိန္ဒိယနိုင်ငံရေးလှုပ်ရှားမှုနှင့် မည်သို့မျှ ပတ်သက်ဆက်နွှယ်နေသူမဟုတ်ကြောင်း သိရှိနားလည်သွားသည်။ ထို့ကြောင့် ကျွန်ုပ်ကို တိဗက်မှ နှင်ထုတ်မပစ်စေရဘူး ဟူ၍ အာမခံပြီးလျှင် အဆင့်မြင့်အစိုးရအရာရှိများ နှင့် မိတ်ဆက်ပေးသည်။ မိမိအကြောင်းကို သူတို့၏ဘာသာစကားဖြင့် ရှင်းလင်း ပြောပြနိုင်စွမ်းမရှိသော်လည်း မိမိ၏ရိုးသားမှုကို သူတို့နားလည်အောင် ရှင်းလင်းပြောပြရာ၌မူ အောင်မြင်မှုရရှိသွားသည်။ လာဆာ၌ ကျွန်ုပ်အား သူ့ကျောင်း၌ နေခွင့်ပေးသော လာမသည် ကျွန်ုပ်သွားရောက်ရမည့်နေရာနှင့် အနီးကပ်ရှိနေသော ဘုန်းကြီးကျောင်း၌နေသည့် တခြားလာမတစ်ယောက်နှင့် ခင်မင်ရင်းနှီးမှုရှိကာ မိတ်ဆွေဖြစ်နေသည်။ ယင်းနေရာမှ လူ့ယဉ်ကျေးမှုနှင့် အလှမ်းဝေးကွာသော နေရာ၌ တည်ရှိနေသည့်လာဆာ၏ အရှေ့မြောက်ဘက် ၇၅ မိုင်လောက်ဝေးသော နေရာဖြစ်သည်။ ကျွန်ုပ်၏ အိမ်ရှင်လာမသည် ထိုဘုန်းကြီးကျောင်းသို့ ကျွန်ုပ်ကို ခေါ်သွားမည့်လမ်းညွှန်များကို စီစဉ်ပေးသည်။ ထိုနေရာမှ ခရီးဆက်သွားလျှင် မိမိခရီး၏ ဦးတည်ချက်ဖြစ်သောနေရာသို့ ကျွန်ုပ်ရောက်ရှိသွားပေလိမ့်မည်။

mgyoe.com

mgyoe.com

ထိုလာမကျောင်းတိုက်၌ သုံးရာမကအရေအတွက်ရှိသော လာမများ နေထိုင်ကြသည်။ တိဗက်၌ အစဉ်အဆက်အမျိုးမျိုးမှ ဆင်းသက်လာကြသော လာမ ထောင်ပေါင်းများစွာနေထိုင်ကြသည့် လာမကျောင်းများရှိသည်။ ကျွန်ုပ်အထင်ပြောရလျှင် လာမဝါဒသည် ဗုဒ္ဓဘာသာနှင့် ရောထွေးနေသော ပုဂ္ဂလိကဆန်ဆန်ဘာသာတရားဖြစ်ပေလိမ့်မည်။ လာမတိုင်း လာမတိုင်း မိမိတို့၏ သီးသန့်ရွတ်နည်းဖတ်နည်းများ၊ ဓလေ့ထုံးစံများ၊ ဂါထာမန္တန်များရှိကြသည်။ ယင်းမန္တန်များသည် များသောအားဖြင့် သက္ကတမန္တန်များမှ ပြောင်းလဲလာသော မန္တန်များ ဖြစ်သည်။ ယခင်က ဗီဟာပြည်နယ်ရှိ နာလန္ဒာတက္ကသိုလ်၌ လေ့လာသင်ကြားခဲ့ဖူးသည်ဖြစ်၍ ကျွန်ုပ်သည် ဗုဒ္ဓဘာသာယုံကြည်ချက်များနှင့် အလေ့အကျင့်များကို အတော်များများ သိရှိနားလည်နေသည်။ အိန္ဒိယ၌စတင်ပေါ်ပေါက်လာသော ဗုဒ္ဓဘာသာကိုသော်လည်းကောင်း တိဗက်၊ တရုတ်၊ ဂျပန်အရှေ့တောင်အာရှ တိုင်းပြည်များ၌ တည်ရှိနေသော ဗုဒ္ဓဘာသာကိုလည်းကောင်း ကျွန်ုပ်သင်ကြားလေ့လာဖူးသည်။ နှစ်ပေါင်းများစွာမတိုင်ခင်က တိဗက်ပညာရှင် တစ်ယောက်သည် အိန္ဒိယသို့ လာပညာသင်ကြားလျက် အိန္ဒိယမှ ကျမ်းစာများ ယူဆောင်ပြီး တိဗက်သို့ ပြန်သွားသည်။ ထိုအချိန်က အိန္ဒိယမှ ပညာရှင်များစွာတို့လည်း တိဗက်သို့သွားပြီး အိန္ဒိယ၏ ဗုဒ္ဓစာပေကို ချပို့ပေးကြ သည်။ တိဗက်၌ရှိသော ဗုဒ္ဓဘာသာဂိုဏ်းအမျိုးမျိုးကို ကျွန်ုပ်အပြည့်အဝသိရှိ နားလည်သည်။ ယင်းဂိုဏ်းများထဲက တချို့မှာ နတ်များစွာတို့၏တည်ရှိမှုကို ယုံကြည်ကြပြီး ဗုဒ္ဓကိုလည်း နတ်တစ်ပါးအဖြစ် လက်ခံထားကြသည်။

တိဗက်ဗုဒ္ဓဘာသာသည် တန္တရဗုဒ္ဓဘာသာနှင့် ခွဲ၍မရအောင် ရောစပ်မှု ရှိနေသည်။ မိမိ၏ ဆရာ့ဆရာကို သွားမတွေ့ခင် ကျွန်ုပ်သည် အခြားလာမ ကျောင်းတစ်ကျောင်းသို့ ရောက်သွားသည်။ ယင်းကျောင်း၌ တိဗက်မဟာယောဂီတစ်ဦးအဖြစ် ယူဆကြသော လာမတစ်ပါးကို တွေ့ရသည်။ ‘တိဗက်ယောဂ’ ဟု ခေါ်နေသော ယောဂကျင့်စဉ်သည် အမှန်က တန္တရပုံပျက်ပန်းပျက်ပုံစံဖြစ်သည်။ ယင်းတန္တရ၏ အစိတ်အပိုင်းကို ဝါမမဂ္ဂ (လက်ဝဲလမ်းစဉ်)ဟု ခေါ်သည်။ ယင်းလမ်းစဉ်ကို ယုံကြည်သူများသည် ဝိုင်အရက်၊ မိန်းမ၊ သားငါးများကို လည်းကောင်း၊ ရှိခိုးဝတ်ပြုရာ၌ မန္တရ (မန္တန်) များကိုလည်းကောင်း အယုံအကြည်ရှိကြသည်။ ကျွန်ုပ် ထိုလာမနှင့် တွေ့သောအခါ ထိုလာမသည် သစ်သားနှင့် ပြုလုပ်ထားသော အခန်းတစ်ခုထဲတွင် မိန်းမခုနစ်ယောက်နှင့် အတူထိုင်ပြီး မန္တန်များကို ရွတ်ဖတ်နေသည်။

မန္တန်များကို ရွတ်ဖတ်ပြီးသောအခါ သူတို့သည် လှီးဖြတ်ထားသော အသား

mgyoe.com

mgyoe.com

စိမ်းများကို ကောက်ယူပြီး စားကြသည်။ ယင်း လှီးဖြတ်ထားသော အသားများသည် ငရုတ်သီးစသည်များ ရောစပ်ထားသော အသားများဖြစ်သည်။ အသားများကို စားပြီးသောအခါ မန္တန်ရွတ်ဖတ်ကြပြန်သည်။ ဆယ့်ငါးမိနစ်လောက် ကြာသွားသောအခါ မန္တန်ရွတ်ဖတ်ခြင်းကိုရပ်တန့်လျက် ထိုလာမက ကျွန်ုပ်ကို အကျိုးအကြောင်းမေးကြည့်သည်။ ကျွန်ုပ်က ပြုံးရယ်ပြီး သူ့ကို တွေ့ရအောင် လာခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။ သူက ပြောသည်။

"ခင်ဗျား ပြောတာမမှန်ဘူး၊ ခင်ဗျားနာမည်က တစ်မျိုးကြီးဖြစ်နေတယ်။ ခင်ဗျား ရုပ်ဖျောက်ထားတဲ့လူ ဖြစ်မယ်"

ဆစ်ကင်းပရာ မူရင်းလည်းမကျပေ။ တိဗက်ဘာသာစကားနှင့် ပတ်သက်သော ကျွန်ုပ်၏ အသိဉာဏ်ဗဟုသုတသည် အလွန်တရာ အားနည်းသည်။ သို့ရာတွင် ယင်းလာမက ကျွန်ုပ်ကိုဟိန္ဒီစကားဖြင့် ပြောပြနေသည်ဖြစ်၍ စိတ်ပိုင်းဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်ပြီး သူနှင့် ဆွေးနွေးရသည်မှာ အခက်အခဲမရှိလှပေ။ နေ့စဉ်လိုအပ်ချက်များနှင့် ပတ်သက်ပြီး ကျွန်ုပ်သူ့ကို တိဗက်ဘာသာစကားဖြင့် ပြော၍ရသည်။ သို့ရာတွင် တိဗက်ပြည်ရှိ များစွာသော လာမကျောင်းတိုက်များ၌ ထိန်းသိမ်းထားသော လက်ရေးနှင့်ရေးထားသည့်ကျမ်းစာများကိုမူ ကောင်းကောင်းမဖတ်တတ်ပေ။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ တိဗက် ဆရာ့ဆရာ - ၃

ကျွန်ုပ်ရောက်ရှိနေသော ကျောင်းတိုက်၌ သက္ကတဘာသာနှင့်ရှိနေသော ကျမ်းတစ်ကျမ်းကို လာမတို့က ရှိခိုးဦးခိုက်နေကြသည်။ ယင်းကျမ်းကို စန္ဒကူးအမှုန့်များ ခပ်ထူထူသုတ်လိမ်းထားသည့်အဝတ်ဖြင့် ပတ်ထားသည်။ ယင်းကျမ်းကို ဖတ်သော သူသည် ရုတ်တရက် ကုဋ္ဌနူနာရောဂါဖြစ်ပေါ်လာပြီး အသက်သေဆုံးသွားရသည်ဟု ပြောကြသည်။ လာမများစွာတို့သည် ယင်းကျမ်းကို ရှိခိုးဦးခိုက်ရန် လာကြသည်။ သို့ရာတွင် ယင်းကျမ်းကို မည်သူတစ်ဦးတစ်ယောက်မှ မဖတ်ကြပေ။ ကျွန်ုပ်သည် ယင်းကျမ်းကို လက်ရေးမူကျမ်းစာပုရပိုဒ်ကို ကြည့်ရှုလိုသည့်ဆန္ဒ ပြင်းပြင်းထန်ထန် ပေါ်လာသည်။ သို့ရာတွင် ယင်းကျမ်းကို ကြည့်ခွင့်ပြုပါမည့်အကြောင်း မိမိ၏တောင်းပန်ချက်ကို လာမက လက်မခံပေ။ ကျွန်ုပ်၏ ကြိုးပမ်းအားထုတ်ချက် အားလုံးသဲထဲရေသွန် ဖြစ်ရသည်။ 'လေ့လာဖတ်ရှုသူများထံတွင် ရှိနေသော ကျမ်းစာများ သူတို့ လက်ထဲတွင် ရှိနေသော်လည်း ကျမ်းစာပါအချက်အလက်များကို မသိနားမလည်သော လူအများ' ဆိုသည့် စကားပုံကို ကျွန်ုပ် သတိရလာသည်။ နံနက် ၃ နာရီလောက်တွင် ကျွန်ုပ်သည် မီးတိုင်များစွာ ထွန်းထားသော ကျောင်းတိုက်အလယ်ခန်းသို့ သွားလျက် ပိုးသားပိတ် ခုနစ်ထပ်ရစ်ပတ်ထားသော ယင်းလက်ရေးမူကျမ်းစာကို ဖွင့်ကြည့်သည်။ ကျွန်ုပ်ဖွင့်ကြည့်သောအခါ အံ့သြဖွယ်တွေ့ရသည်မှာ ယင်းကျမ်းစာသည် အိန္ဒိယနိုင်ငံ ရှေးဟောင်းဝေဒစာပေကို အခြေခံလျက်ရေးထားသော စိတ်ပိုင်းဆိုင်ရာဝတ္ထုပေါင်း များစွာနှင့် နည်းနိသျရများ၊ လေ့ကျင့်ခန်းများပါဝင်သော ကျမ်းစာအတွဲ ၁၈ တွဲထဲက တစ်တွဲဖြစ်သော လိင်ပုရာဏ်ကျမ်းစာထဲက ကဏ္ဍတစ်ခုဖြစ်နေသည်။ ယင်းကျမ်းစာကို အလျှင်အမြန် ပိုးသားအဝတ်ဖြင့် ပြန်ပတ်ထားပြီးလျှင် မိမိနေထိုင်သောအခန်းထဲ ပြန်လာသည်။

mgyoe.com

mgyoe.com

မီးတိုင်များ၏ အခြေအနေ တစ်မျိုးတစ်မည် ဖြစ်နေသည်ကို လည်းကောင်း၊ ကျမ်းစာပုရပိုက်ကို စနစ်တကျ ပြန်မထုပ်နိုင်သောကြောင့်လည်းကောင်း ကျမ်းစာပုရပိုက်ကို ဖွင့်သည်ဆိုသည့်အကြောင်း ချက်ချင်းပေါ်သွားသည်။ ကျွန်ုပ်ကို မယုံသင်္ကာဖြစ်သည်။ ဟိန္ဒီစကား ပြောတတ်သော လာမကို ကျွန်ုပ်က ပြောပြသည်။

"ဟိမဝန္တာ ဆရာအရှင်မြတ်များက ဒီကျမ်းစာကို လေ့လာ ဖတ်ရှုရမယ်လို့ ကျွန်ုပ်ကို တာဝန်ပေးအပ်တဲ့အတွက် ကျွန်ုပ် ရောက်လာရခြင်းဖြစ်တယ်။ တကယ်လို့ ခင်ဗျား ကျွန်ုပ်ကို တစ်ခုခုပြောရင် ခင်ဗျားအတွက် ဆိုးကျိုးဖြစ်ဖို့ရှိတယ်။ ကျွန်ုပ် ဘာမျှ ဖြစ်လာမှာ မဟုတ်ဘူး"

ကံကောင်းထောက်မသည့်အားလျော်စွာ ကျောင်းထိုင်လာမနှင့် တခြား လာမများ ထိုကိစ္စကို ဘာမှမပြောကြတော့ပေ။ ယင်း သို့မဟုတ်လျှင် လာမများသည် ကျွန်ုပ်ကို ရိုက်သတ်ကြပေလိမ့်မည်။ ကျွန်ုပ်က သူတို့ကို ပြောပြသည်။ တားမြစ်ပိတ်ပင်ထားသော ကျမ်းစာကို ဖွင့်ကြည့်ပြီးနောက်၌လည်း ကျွန်ုပ် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ အဲဒီလို ဘာတစ်ခုမှ ဖြစ်မလာတာထောက်လျှင် ကျွန်ုပ်ကို ယခုလို လုပ်ဖို့ တာဝန်ပေးလိုက်တယ်ဆိုတဲ့ အချက်သိသာထင်ရှားသွားပြီ မဟုတ်လားဆိုသည့် အချက်ကို ထပ်မံပြောပြလိုက်သည်။ လာမများက အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှတန်ခိုးကြွဒ္ဒိ ပါဒ်လည်း ကြီးမားပြီး ပညာလည်းရှိသော လုလင်လာမတစ်ယောက်ရောက်လာသည် ဟူ၍ ကျွန်ုပ်နှင့်ပတ်သက်ပြီး ကောလာဟလ စကားဖြန့်ကြသည် ကျွန်ုပ်၏တိဗက် လမ်းညွှန်များက ကျွန်ုပ်ကို ထိုနေရာမှ ထွက်ခွာဖို့ ပြောကြားသဖြင့် ကျွန်ုသည် မိမိသွားလိုသော ဦးတည်ချက်နေရာသို့ ရောက်အောင် ခရီးဆက်သွားသည်။ တစ်ခါတစ်ရံ ဓမ္မနှင့်ပတ်သက်သော လမ်းကြောင်း၌ နလပိန်းတုံးအခြေအနေမျိုးကို လျှို့ဝှက်ပညာအဖြစ် လက်ခံကြသည်။ လူတို့သည် မိမိတို့၏အကန်းယုံကြည်ချက်ကို စူးစမ်းစစ်ဆေး လိုသောဆန္ဒ မရှိကြပေ။ ကျွန်ုပ်လည်း ယခင်က စိတ်ကူးယဉ်အယူအဆမျိုးနှင့်အကန်း ယုံကြည်ချက်များကို လက်ခံခဲ့ကြသည်။

နောက်ဆုံး ကျွန်ုပ်၏ ဆရာ့ဆရာကို တွေ့သောအခါ ကျွန်ုက်ကို လည်ပင်းယှဉ်ဖက်ပြီး 'ငါ့တပည့် တော်တော် ပင်ပန်းလာသလား၊ ပြဿနာပေါင်းများစွာကို ငါ့တပည့် ဖြတ်သန်းကျော်လွှားလာရတယ်။ ဉာဏ်အလင်းရောင် ရှိတဲ့နေရာကို သွားတဲ့ လမ်းဟာ လမ်းကြမ်းဖြစ်တယ်။ အဲဒီလမ်းကြမ်းကို ရှာမိတဲ့ အလုပ်ဆိုတာကလည်း အင်မတန် ခက်ခဲတဲ့အလုပ် ဖြစ်တယ်"

ကျွန်ုပ်၏ခရီးတစ်လျှောက်လုံးလာခဲ့ရပုံနှင့် ပတ်သက်ပြီး ကျွန်ုပ်ကို ပြောပြပြီး

mgyoe.com

 mgyoe.com


ကျွန်ုပ်၏ ဆရာ့ဆရာက ကျွန်ုပ်ကို ရေမိုးချိုး အပန်းဖြေဖို့ ပြောကြားသည်။ အလွန်တရာ ရှည်လျားပြီး အခက်အခဲအမျိုးမျိုးကို ကျော်လွှားလျက်လာခဲ့ရသော ခရီးကြောင့် ကျွန်ုပ် ခြေမသည်ကျင်၊ လက်မသည်ကျဉ် ဖြစ်နေသည်။ ကျွန်ုပ်၏လေ့ကျင့်ခန်းများနှင့် ယောဂ နည်းများကို မေ့ပျောက်သလောက် ဖြစ်သွားသည်။ ယင်းသို့ဖြစ်ရခြင်းသည် ကျွန်ုပ်၏ အတွင်းသန္တာန်ထဲက အခြေအနေအတွင်း အနိမ့်ကျဆုံးအဆင့်ရောက်ရှိသွားခြင်းဖြစ် သည်။ သို့ရာတွင် ရုတ်တရက် မိမိ၏ ဆရာ့ဆရာက လည်ပင်းယှဉ်ဖက်ပြီး အားပေး စကားပြောလိုက်သည့်အတွက် ကျွန်ုပ် တွေ့ကြုံလာခဲ့ရသော အခက်အခဲ ဒုက္ခဟူသမျှ အားလုံးမေ့ပျောက်သွားသည်။ ကျွန်ုပ်ကို သူကြည့်ပုံမျိုးသည် ကျွန်ုပ်၏ဆရာရင်ကြည့် ပုံမျိုးနှင့် တစ်ထပ်တည်း ဖြစ်နေသည်။ သူ၏ကရုဏာသည်လည်း မဖော်ပြနိုင်လောက် အောင်ပင် ကြီးမားပြန့်ကျယ်လှပေသည်။ မိမိတို့၏ တပည့်တပန်းများကို ယောဂီကြီး များနှင့် ဆရာအရှင်မြတ်များ ကြည့်ကြသည့်အခါ သူတို့တစ်ကိုယ်လုံးသည် အင်အား ကြီးမားသော မေတ္တာရောင်ခြည်များ အပြည့်ဖြစ်နေသည်ဟူ၍ ထင်ရသည်။

ကျွန်ုပ်၏ ဆရာအရှင်က ကျွန်ုပ်၏ ဆရာ့ဆရာသည် ဗြာဟ္မဏမိသားစုက မွေးဖွားလာသူဖြစ်ကြောင်း၊ ငယ်စဉ်ကာလကစပြီး ဟိမဝန္တာတွင် လှည့်သွားလာနေ ခဲ့ကြောင်း၊ ကြိုးပြတ်သွားခြင်းမရှိခဲ့သော ယောဂီတပသီအစဉ်အဆက်က လာသူဖြစ် ကြောင်း ကျွန်ုပ်ကို ပြောပြသည်။ ကျွန်ုပ်၏ ဆရာ့ဆရာသည် အကြီးအကျယ် အိုမင်း ရင့်ရော်နေသည်ဟူ၍ ထင်ရသော်လည်း ကျန်းကျန်းမာမာ တောင့်တောင့်တင်းတင်း ရှိနေသေးသည်ကို တွေ့ရသည်။ နံနက်စောစောတစ်ကြိမ်၊ ညနေတစ်ကြိမ် ထိုင်နေရာက ထသည်။ သူ့အရပ်အမောင်းသည် ၅ပေ ၉ လက်မ သို့မဟုတ် ၁၀ လက်မ ရှိသည်။ ကိုယ်ခန္ဓာက သေးသေးသွယ်သွယ်ဖြစ်သော်လည်း အလွန်တရာ ထက်ထက်မြက်မြက် ရှိသူဖြစ်သည်။ မျက်ခုံးထူထူရှိနေပြီး မျက်နှာမှ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုရောင်ခြည်များ ပွင့်နေသည်ဟု ထင်ရသည်။ ပြုံးရွှင်သော မျက်နှာထားရှိသည်။ များသောအားဖြင့် စာမရိနို့နှင့် တစ်ခါတစ်ရံ ဘာလီစွပ်ပြုတ်သောက်ပြီးနေလေ့ရှိသည်။ မကြာခဏ လာမ အချို့ သူ့ထံလာပြီး ပညာယူကြသည်။ ကျွန်ုပ်၏ ဆရာ့ဆရာသည် ပေ ၇၀၀၀ အမြင့်ရှိ သော သဘာဝဂူထဲတွင်နေပြီး စိုထိုင်းမှုကို ပယ်ပျောက်ရန်အတွက် နို့နှင့်ရေကျက်စေရန် အတွက် မီးကို အသုံးပြုသည်။ သူ၏တပည့်များက ဂူပေါက်တွင် သစ်သား အဖီလုပ် ပေးထားသည်။ အလွန်တရာ သာယာလှပသော နေရာဖြစ်၍ ထိုနေရာမှကြည့်လိုက် လျှင် တောင်တန်းကြီး တစ်လျှောက်နှင့် ကျယ်ပြန့်သော မိုးကုပ်စက်ဝိုင်းကို တွေ့မြင်ရ သည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏တိဗက် ဆရာ့ဆရာ- ၄

ကျွန်ုပ်၏ ဆရာ့ ဆရာနှင့် အတူနေထိုင်စဉ်အတောအတွင်း အဆင့်မြင့် ဘာဝနာကျင့်စဉ်များစွာနှင့်ပတ်သက်ပြီး မေးကြည့်သောအခါ ကျွန်ုပ်မေးသော မေးခွန်း အားလုံးကို ကျွန်ုပ်၏ဆရာ့ဆရာက ပြန်လည်ဖြေကြားသည်။ ကျွန်ုပ် မေးမြန်းစုံစမ်းသော မေးခွန်းပေါင်းများစွာကို ပြန်လည်ဖြေကြားပြီးသောအခါ ကျွန်ုပ်၏ ဆရာ့ဆရာက ကျွန်ုပ်ကို ကျွန်ုပ်၏အဓိက လိုအင်ဆန္ဒနှင့်ပတ်သက်ပြီး ဘာကြောင့် မေးမြန်းပြောဆိုခြင်းမရှိသေးသနည်းဟူ၍ ကျွန်ုပ်ကို မေးသည်။ တုန်တုန်ယင်ယင် ဖြစ်နေသော အသံဖြင့် ကျွန်ုပ်က ပြောလိုက်သည်။ "ပရကာယာပရဝေသနည်းလမ်းနှင့် ပတ်သက်ပြီး ကျွန်ုပ်နားလည်အောင် ရှင်းလင်းပြောပြပေးပါလား"ဟု ပြောလိုက်သည်။

ကျွန်ုပ်၏ ဆရာ့ဆရာက "ကောင်းပြီ" ဟု ပြောသည်။

နောက်တစ်နေ့နံနက်ချိန်၌ သူ၏ တပည့်လာမများထဲက လာမ တစ်ယောက် ကျွန်ုပ်ကိုလာကြည့်၏။ နံနက်ချိန် ၉ နာရီ ၉ နာရီခွဲလောက် ရှိလိမ့်မည်။ ကျွန်ုပ်၏ ဆရာ့ဆရာက "တပည့်ကို ပညာပေးမယ်၊ တပည့်အတွက် နည်းပေးလမ်းပြ ပြုလုပ်ပေးမယ်" ဟု ပြောသည်။ ကျွန်ုပ်၏ ဆရာ့ဆရာက ဆက်ပြောသည်။ "ငါ ငါ့ကိုယ်ခန္ဓာက ခွာပြီး တခြားလူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာထဲ ဝင်မယ်။ ပြီးတော့ ငါ့ကိုယ်ခန္ဓာထဲ တစ်ဖန် ပြန်ဝင်လာမယ်"ဟု ပြောပြီးလျှင် သူ့ကိုယ်ခန္ဓာကို သူသဘောရှိ အပြောင်းအလဲ လုပ်၍ရကြောင်း ပြောပြသည်။ ကျွန်ုပ်၏ စိတ်ထဲတွင် "ကျွန်ုပ်၏ ဆရာ့ဆရာသည် သူ၏ကိုယ်ခန္ဓာက ခွာပြီး သူ၏ကိုယ်ခန္ဓာထဲ ကျွန်ုပ်ကို ဝင်စေ လိုဟန်ရှိသည်ဟူသော

mgyoe.com

mgyoe.com


အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။ သို့ရာတွင် ကျွန်ုပ်၏ ဆရာ့ ဆရာက "တပည့် ထင်သလို မဟုတ်ဘူး" ဟု ပြောသည်။ ကျွန်ုပ်၏ ဆရာ့ဆရာသည် ကျွန်ုပ်၏စိတ်ကူး ကို တစ်ခုမကျန် ပြန်လည်ဖြေကြားသည်။

ကျွန်ုပ်၏ ဆရာ့ဆရာက ကျွန်ုပ်ကို ဂူထဲသွားပြီး ထွက်ပေါက် သို့မဟုတ် မလွယ်ပေါက်တစ်ခုခု ရှိမရှိ စုံစမ်းခိုင်းသည်။ သို့ရာတွင် ယင်းဂူငယ်ကလေးထဲတွင် တစ်လကျော်ကျော်လောက် ကျွန်ုပ်နေလာခဲ့သည်ဖြစ်၍ ဂူကို တစ်ဖန် စုံစမ်းလေ့လာ စရာမလိုဟု တွေးမိသည်။ သို့သော်လည်း ကျွန်ုပ်၏ ဆရာ့ဆရာက ကျွန်ုပ်ကို ဂူငယ် ကလေးထဲသွားပြီး တစ်ဖန် လေ့လာစုံစမ်းရန် အမိန့်ပေးသည်။ အမိန့်ပေးသည့်အတိုင်း ကျွန်ုပ် လုပ်ကြည့်သည်။ ယခင်က ကျွန်ုပ်တွေ့ရှိထားသည့်အတိုင်းပင် ဝင်ပေါက်ထွက် ပေါက်တစ်ခုသာ ရှိသော ကျောက်ဂူငယ်လေးတစ်ခုသာ ဖြစ်သည်ဆိုသည်ကိုတွေ့မြင် သိရှိရသည်။ ဂူအပြင်ဘက်၌ သစ်သားအဖီကလေး ထုတ်ထားသည်။ ကျွန်ုပ်ဂူထဲက ပြန်ထွက်လာပြီး ကျွန်ုပ်ထံ ရောက်လာသော လာမနှင့်အတူ အဖီအောက်၌ ထိုင်နေ သည်။ ကျွန်ုပ်၏ ဆရာ့ ဆရာသည် ကျွန်ုပ်တို့ကို သူ့အနီးသို့ခေါ်ပြီး လက်ဖက်ရည်ဇွန်း အဝိုင်းကလေးနှင့် တူသော သစ်သားဇွန်းတစ်ခုကို အကိုင်ခိုင်းသည်။ သူပြောသည့် အတိုင်း ဇွန်းကလေးကို ကျွန်ုပ်တို့ ကိုင်သောအခါ သူက "တပည့်တို့ ငါ့ကို မြင်ရရဲ့ လား" ဟု မေးသည်။

ကျွန်ုပ်တို့က ဟုတ်ကဲ့ မြင်ရပါတယ်ဟု ပြန်ပြောလိုက်သည်။ မသိနားမလည် သည့်အတွက် ကျွန်ုပ်က ပြောလိုက်သည်။

"အိမ်မွေ့ချတဲ့အလုပ်ကိုတော့ မလုပ်ပါနဲ့ ဂုရုကြီး၊ ဂုရုကြီးရဲ့ မျက်လုံးကို ကျွန်ုပ်ကြည့်မှာမဟုတ်ဘူး"

"အိပ်မွေ့ချတဲ့အလုပ်လုပ်မှာ မဟုတ်ပါဘူး"

သူ၏ကိုယ်ခန္ဓာသည် မြူမှုန်ထုတစ်ခုလို ဖြစ်သွားပြီး ယင်းမြူမှုန်ထုသည် မိုးတိမ်နှင့်တူသော လူ့ပုံသဏ္ဌာန်တစ်ခုခု ဖြစ်သွားသည်။ ယင်း မြူမှုန်ထုနှင့်တူသော လူ့ပုံသဏ္ဌာန် တိမ်သည် ကျွန်ုပ်တို့အနီးကို ကပ်လာသည်။ စက္ကန့်အနည်းငယ် အတော အတွင်း၌ တိမ်သည် ပျောက်ကွယ်သွားသည်။ ကျွန်ုပ်တို့ ကိုင်ထားသော ဇွန်းသည် လေးလာသည်ဟူ၍ သိရှိသွားသည်။ မိနစ်အနည်းငယ် အတောအတွင်း၌ပင် သစ်သား ဇွန်းသည် တစ်ဖန် ယခင်အတိုင်း တစ်ဖန်ပြန်ပေါ့လာသည်။ ၁၀ မိနစ်လောက် လာမနှင့် ကျွန်ုပ်သည် သစ်သားဇွန်းကို ကိုင်လျက်ချပ်နေပြီးလျှင် နောက်ဆုံးပိတ်၌ တစ်ခုခုဖြစ် ပေါ်လာလိမ့်မည်ဟူ၍ ထိုင်ပြီး စောင့်နေကြသည်။

mgyoe.com

mgyoe.com


၁၀ မိနစ် ၁၅ မိနစ်လောက်ကြာသောအခါ ကျွန်ုပ်၏ ဆရာ့ ဆရာ အသံပေါ်လာပြီး ကျွန်ုပ်ကို ထပြီး သစ်သားဗန်း တစ်ဖန်ပြန်ကိုင်ဖို့ ပြောပြန်သည်။ ကျွန်ုပ်တို့ သစ်သားဗန်းကိုကိုင်သောအခါ သစ်သားဗန်းသည် လေးလာပြီးလျှင် တစ်ဖန် ကျွန်ုပ်တို့၏ရှေ့တွင် လူပုံသဏ္ဍာန် တိမ်တစ်ဖန်ပေါ်လာပြန်သည်။ လူပုံသဏ္ဍာန်တိမ်မှ ကျွန်ုပ်၏ဆရာ့ဆရာသည် မျက်စေ့ဖြင့် မြင်ရသော သူ့ကိုယ်ခန္ဓာဆီသို့ ပြန်လာသည်။

ယင်း ယုံကြည်နိုင်ဖွယ်မရှိသော အံ့သြဖွယ် အတွေ့အကြုံသည် တကယ့် အဖြစ်မှန်ဖြစ်သည်။ ကျွန်ုပ်၏ ဆရာ့ဆရာသည် ယင်းပြုမူချက်ကို ယခင်နည်းအတိုင်း ပင် တစ်ဖန်လုပ်ပြပြန်သည်။ ကမ္ဘာလောကကို ယင်းအဖြစ်အပျက် ပြောပြ၍ရသော အချိန်၌ ထိုဂုဏ်က နေ့မျိုးဘယ်တော့မှ ပြန်ပေါ်လာတော့မည် မဟုတ်ပေ။ ယင်းအပြု အမူမျိုးကို ကျွန်ုပ် လုပ်ပြလိုသည့် ဆန္ဒရှိသည်။

ယင်းကဲ့သို့သော ရသေ့သူတော်စင်များ ထင်ရှားရှိနေပြီး သုတေသီများအနေ နှင့် ယင်းကဲ့သို့သော လျှို့ဝှက်ဆန်းကြယ်သည့် လက္ခဏာများကို သုတေသန ပြုလုပ် စေလိုသည့် ဆန္ဒရှိသည့်အတွက်ကြောင့် ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးအနေနှင့် ယင်း ကဲ့သို့ အပြုအမူများကို ရှင်းလင်းပြောပြထားသည်။

ယင်းကဲ့သို့သော သိဒ္ဓိပေါက် အပြုအမူများသည် တရားအမြင်ရရှိရေး အတွက် လိုအပ်သည်ဟု ကျွန်ုပ်ပြောမပြလိုပေ။ သို့ရာတွင် လူတို့၏ အတွင်းငုပ်နေ သော စွမ်းအင်များသည် အလွန်တရာ ထက်သန်အားကောင်းသည်။ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာရှင်များသည် ဇပတိဒ္ဓကမ္ဘာတွင် စူးစမ်းလေ့လာနေကြသကဲ့သို့ အဆင့်မြင့် ယောဂီ ပုဂ္ဂိုလ်များသည် အဇ္ဈတ္တသန္တာန်၌ရှိသော အတွင်းငုပ်နေသည့် လူ့စွမ်းအင်များ ကို ရုပ်နားခြင်းမရှိဘဲ စူးစမ်းလေ့လာနေကြသည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ တိဗက် ဆရာ့ဆရာ - ၅

ကျွန်ုပ် ဆရာ့ဆရာ၏ တရားနှင့်ပတ်သက်ပြီး တင်ပြပုံ တင်ပြနည်းသည် အလွန်တရာ လက်တွေ့လည်းကျသည်။ ဖြောင့်ဖြောင့်စင်းစင်းလည်း ရှိသည်။ မိမိတို့၏ တရားနှင့် အစဉ်အလာနှင့် ပတ်သက်ပြီး သိမြင်ကြားသိလိုသည့်အကြောင်း ပြောပြသောအခါ သူက ပြောပြသည်။

"ငါတို့၏ နေနည်းထိုင်နည်းနဲ့ ပတ်သက်ပြီး ပြောပြရရင်တော့ ငါတို့ဟာ ရှန်ကရရဲ့နည်းစနစ်က ဆင်းသက်လာတာဖြစ်တယ်။ ဒါပေမဲ့ အမှန်တကယ် ပြောရရင်တော့ ငါတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ အစဉ်အလာဟာ အိန္ဒိယနိုင်ငံမှာ ထင်ရှားရှိနေတဲ့ တရားဓမ္မအဖွဲ့အစည်းတစ်ခုခုရဲ့ အစဉ်အလာများနဲ့ တခြားစီဖြစ်တယ်"

ကျွန်ုပ်က "ဆရာအရှင်တို့ အိန္ဒိယမှာ မနေဘဲ ဘာဖြစ်လို့ တိဗက်မှာ လာနေသလဲ"ဟု မေးသောအခါ သူက ပြန်ပြောသည်။

"ငါ ဘယ်မှာနေနေ အဲဒါက အရေးကြီးတဲ့ အကြောင်းအရာတစ်ခု မဟုတ်ဘူး။ တိဗက်မှာ ငါ့ ညွှန်ကြားမှုအောက်မှာ တရားအကျင့် ကျင့်ကြံအားထုတ်နေကြတဲ့ အဆင့်မြင့်ယောဂီအနည်းအကျဉ်းရှိနေတယ်။ တိဗက်မှာရှိတဲ့ ယောဂီတွေကို ငဲ့ပြီး ငါတိဗက်မှာနေတာ။ နောက်ပိုင်းတစ်ချိန်ချိန်ကျရင်တော့ ငါ အိန္ဒိယ လာနိုင်ကောင်း လာနိုင်ပါလိမ့်မယ်"

ဟိမဝန္တာ၌ရှိသော ကျွန်ုပ်၏ ဆရာအရှင်ကို မေးခွန်းထုတ်သလိုပင် ကျွန်ုပ်သည် သူ့ကိုလည်း တစ်ခုပြီးတစ်ခု မေးခွန်းထုတ်နေသည်။ ကျွန်ုပ်၏ ဆရာ့ဆရာ

mgyoe.com

mgyoe.com


သည် ပြုံးလျက် ကျွန်ုပ် မေးသောမေးခွန်းများနှင့် ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းပြောပြမနေဘဲ အကျဉ်းချုပ်လောက်သာ ပြောပြပြီး မျက်လုံးမှိတ်နေသည်။

"တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်နေပါ။ ငါပြောတဲ့စကားကို အကျယ်တဝင့် ကြားမနေရဘဲ တပည့်ကိုယ်တိုင် သိရှိနားလည်လာပါလိမ့်မယ်။ မိမိအတွင်း က မျက်စိဖြင့် ငါ့တပည့်ကြည့်ရှုရလိမ့်မယ်။ မိမိအတွင်းက နားဖြင့် နားထောင်ရလိမ့်မယ်"

ကျွန်ုပ်၏ ဒိုင်ယာရီစာအုပ်သည် ဆရာ့ဆရာ၏ သင်ကြားချက်များအပြည့် ဖြစ်နေသည်။ မိမိ၏ တပည့်များနှင့် ယောဂီများအား ဘာဝနာပွားများ အားထုတ်ခြင်းဖြင့် လည်းကောင်း၊ တရားစကားပြောကြားခြင်းအားဖြင့် လည်းကောင်း၊ လက်တွေ့ အလုပ်လုပ်ပြခြင်းအားဖြင့် လည်းကောင်း မိမိ၏ တပည့်များနှင့် ယောဂီများအပေါ် ထားတဲ့မေတ္တာနှင့် စေတနာကို ဆတက်ထမ်းပိုး တိုးပွားလာအောင် ပြုလုပ်ရမယ်ဟူ၍ လည်း ကျွန်ုပ်၏ဆရာ့ဆရာက ကျွန်ုပ်ကို ညွှန်ကြားပြောပြသည်။ ကျွန်ုပ်က ဘာဝနာ ပွားများခြင်းအားဖြင့် မိမိတပည့်များနှင့် ယောဂီများအတွက် မည်သို့မည်ပုံ အကျိုးရှိအောင် လုပ်နိုင်မည်နည်းဟူ၍ ထပ်မံ မေးမြန်း စုံစမ်းကြည့်သောအခါ ဆရာ့ဆရာက ပြောပြသည်။

"ရသေ့သူတော်စင်ကြီးများ၊ ယောဂီပုဂ္ဂိုလ်ကြီးများ၊ ဓမ္မဆရာများဟာ မေတ္တာစမ်းရေကြည်နက်ရာကို ဆင်းသွားခြင်းအားဖြင့် လည်းကောင်း ယခု ခေတ်သစ်လူများ သိရှိနေကြတဲ့ ဆက်သွယ်မှု နည်းလမ်းတစ်ခုခုကို အသုံးမပြုဘဲ မိမိ၏ တပည့်ယောဂီများအား ယင်းမေတ္တာစေတနာကို ဖော်ပြခြင်းအားဖြင့်လည်းကောင်း ကမ္ဘာလောကကို အကျိုးပြုလေ့ရှိကြတယ်။ ဆက်သွယ်မှု နည်းလမ်းရှိသမျှထဲက အကောင်းဆုံးနည်းလမ်း ဖြစ်တဲ့ တုံဏှိဘာဝေ ဆိတ်ဆိတ်နေ ခြင်းအားဖြင့် မိမိ၏ တပည့်ယောဂီများအား သူတို့၏အကြောက်တရားများ၊ ယုံမှား သံသယများ၊ ပြဿနာများကိုဖြေရှင်းရာမှာ အကူအညီ အထောက်အပံ့များစွာပေးနိုင်တယ်။ အဲဒီအချိန်ကာလမျိုးမှာ ဆရာ ဂုရု တစ်ဦးအနေနဲ့ထားရှိတဲ့ ကိုယ်ကျိုးမဖက်တဲ့ လိုလားချက်ဟာ အခါခပ်သိမ်း ပြည့်ဝအောင်မြင်မှု ရရှိသွားတတ်တယ်"

ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာ့ဆရာနှင့် လပေါင်းများစွာ နေထိုင်ရင်း တရားဘာဝနာ ကျင့်ကြံအားထုတ်ပြီး အဆင့်မြင့် တန္တရ နည်းစနစ်များကို သင်ကြားလေ့လာသည်။ သူရိယပညာ (solar) နှင့် ပတ်သက်ပြီး လေ့လာဆည်းပူးသည်။

သူရိယပညာသည် အဆင့်မြင့်ရောဂီပညာများထဲက တစ်ခုအပါအဝင် ဖြစ်

mgyoe.com

mgyoe.com


ပြီး လူသားတို့ဆင်းရဲဒုက္ခပပျောက်သွားအောင် အကူအညီပေးနိုင်သော ပညာရပ် ဖြစ်သည်။ ကျွန်ုပ် ဆရာ့ဆရာ၏ အလိုအရ သူရိယပညာရပ်ထဲက သူရိယကွန်ရက် (solar Plexus) နှင့် ပတ်သက်သော ထူးခြားမှုရှိသည့် ဘာဝနာသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများကြောင့် ဖြစ်ပေါ်လာသော အနှောင့်အယှက် အဟန့်အတားအားလုံးကို ပပျောက်သွားစေရန်အတွက် အလွန်တရာ ကျေးဇူးရှိသော ဘာဝနာဖြစ်သည်။ သူရိယ မဏ္ဍလ (solar system) ၏ လူ၏ ကိုယ်ခန္ဓာ၌ရှိသော အကြီးမားဆုံး ကွန်ရက်ဖြစ်သည်။ ယင်း၏ သော့ချက်ကို 'မဏိပူရ ကျက္ကရ' ဟု ခေါ်သည်။ ယင်းကျက္ကရနှင့်ပတ်သက်ပြီး ဘာဝနာများနည်းအမျိုးမျိုးရှိသည်။ သို့ရာတွင် 'ပရဏာယာမ'(ထွက်သက်ဝင်သက် ရှုခြင်းအပါအဝင်) သူရိယပညာရပ် သည် အားအစွမ်းကြီးမားသော အဆင့်ရှိသည့် သမာဓိတရားအထိ ခေါ်ဆောင်သွားနိုင်သည်။ ယင်းအဆင့်ကို မနက်နေထွက်ချိန် သို့မဟုတ် မီး၏ ဗဟိုချက်မှ 'ဥဒရဂ္ဂနိ'နှင့်ပတ်သက်ပြီး ဘာဝနာပွားများခြင်းအားဖြင့် အာရုံပြု၍ ရသည်။ ယင်းရောဂါ ဝေဒနာကုစားမှု ပညာရပ်သည် ဥပနိသျှဒ်၌ ဖော်ပြထားပြီး ပညာရှင်များသိကြသည့် ပညာရပ်ဖြစ်သော်လည်း လက်တွေ့ကျကျ သိသူများ အလွန်တရာ အရေအတွက် နည်းသည်။ ယင်းပညာရပ်ကို တတ်မြောက်ထားခြင်းအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ၎င်းပရယဏာခေါ် ထွက်လေဝင်လေနှင့် ပတ်သက်၍ လည်းကောင်း အပြည့်အဝချုပ်တည်းမှု ပြုလုပ်၍ ရသည်။ ယင်းအတတ်ပညာ ကျွမ်းကျင်တတ်မြောက်ထားသူသည် ခရီးမည်မျှလောက် အဝေး၌ရှိနေသော ပုဂ္ဂိုလ်ကိုဖြစ်စေ သူ၏ ရောဂါဝေဒနာကို အဝေးကနေ၍ စိတ်ကိုလွှတ်ပြီး ကုစားနိုင်သည်။

❖

mgyoe.com

mgyoe.com

# ကျွန်ုပ်၏ တိဗက် ဆရာ့ဆရာ - ၆

တိဗက်စာပေနှင့် အိန္ဒိယစာပေ၌ရှိသော မဏ္ဍလအားလုံးထဲက မိခင်မဏ္ဍလဖြစ်သော ပညာရပ်အားလုံးထဲက အမြင့်ဆုံးဖြစ်သော သိရိဗိဒျာနှင့် ပတ်သက်သည့် အရေးကြီးသော သင်ခန်းစာအချို့ကိုလည်း ကျွန်ုပ်၏ ဆရာ့ဆရာထံမှ ရရှိခဲ့သည်။ အဆင့်မြင့် ဘာဝနာအားထုတ်မှုများ၌ ယောဂီပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သိရိယန္တြစိတ်ပိုင်းဆိုင်ရာ အမျိုးမျိုးနှင့် ပတ်သက်ပြီး သမာဓိရနည်းကို သင်ကြားလေ့လာ ရသည့်အပြင် လက်ရွေးစင် ယောဂီအနည်းငယ်ကမူ ဗဟိုချက်မသို့အထိ ခရီး သွားနည်းကိုလည်း သင်ကြားရသည်။ ယင်းယန္တြသည် ဒိဗ္ဗစွမ်းအင်နှင့် ဗိန္ဒု ရရှိရာ ရရှိကြောင်း ဖြစ်သည်ဟူ၍ ဆိုကြသည်။ ဗိန္ဒုဟူသည်မှာ သတ္တိနှင့်သိဝပေါင်းစပ်နေသော ဗဟိုချက်မရှိ အစက်ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ မလဗာတောင်၌ ယင်းဗိန္ဒုပညာကို အလေ့အကျင့် ပြုလုပ်ပြီးသည့် နောက်ပိုင်း၌ပင် ကျွန်ုပ်၏ ဆရာ အရှင်သည် ကျွန်ုပ်ကို ဗိန္ဒုဝေဒနာခေါ် အစက်ထဲ ထွင်းဖောက်ရောက်ရှိသွားအောင် ပြုလုပ်သောအလေ့အကျင့် ကျွန်ုပ်ကို ပြောမပြခဲ့ပေ။ ယင်းဒိဗ္ဗမာတာကို ကိုးကွယ် ဆည်းကပ်ရာ၌ မဟာယောဂီကြီးများ သင်ကြားပို့ချထားသော နောက်ဆုံးပိတ် ပညာရပ်ကို တွေ့မြင်သိရှိရသည်။ ယင်းပညာရပ် အတွက် စိတ်ပိုင်းဆိုင်ရာ လေ့လာမှုလိုအပ်သည်။ သို့ရာတွင် ပိုပြီးလိုအပ်သည်မှာ ယင်းပညာရပ်နှင့် ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင်ရှိသော ဆရာ ဂုရုတစ်ယောက်၏ တိုက်ရိုက် သွန်သင် ညွှန်ပြခြင်းဖြစ်သည်။ ယင်းပညာရပ်ကို သိကျွမ်းသော ပုဂ္ဂိုလ်များမှာ လက်ချိုးရေတွက်လို့ရလောက်အောင်ပင် နည်းပါးသည်။ သို့သော်လည်း ယင်းပုဂ္ဂိုလ်အားလုံးကို ကျွန်ုပ် မသိပေ။ အစဉ်အလာဆင်းသက်လာခဲ့သော နည်းလမ်းအရသာ

mgyoe.com

mgyoe.com


ယင်းဒိဗ္ဗာအတတ်ပညာကို ညွှန်ကြားသင်ပြပေးခြင်းဖြစ်သည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ယင်းပညာရပ်နှင့်ပတ်သက်ပြီး ကျွမ်းကျင်တတ်မြောက်နေသည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့၏အစဉ်အလာထဲက ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာ့ဆရာကို တွေ့ပြီး သူ့ထံမှ ယင်းပညာရပ်ကို ရရှိသည့်အတွက် တိဗက်သို့ ကျွန်ုပ်လာရခြင်း၏ ရည်ရွယ်ချက်ထမြောက် အောင်မြင်သွားသည်။

နှစ်လနှင့် နှစ်ပတ်ကြာမျှ ကျွန်ုပ်၏ ဆရာ့ဆရာထံတွင် သင်ကြားလေ့လာပြီးသည့်နောက် တစ်နေ့သောအခါတွင် ဂူ၏အပြင်ဘက်၌ထိုင်ပြီး မိမိ၏အတွေ့အကြုံအမှတ်တရဒိုင်ယာရီရေးမည်ဟု စဉ်းစားနေသည်။ ထိုအခိုက် ကျွန်ုပ်၏စိတ်ထဲတွင် အတွေးတစ်ခုပေါ်လာသည်။

"ငါ၏ အတွေ့အကြုံများကို ရေးမှတ်ထား၊သော ငါ့ဒိုင်ယာရီ စာအုပ် ယခု ငါ့ဆီမှာရှိရင် ကောင်းမည်"

ကျွန်ုပ်၏ ဆရာ့ဆရာသည် ပြုံးပြီး သူ့ထံလာရန် ကျွန်ုပ်ကို ခေါ်လိုက်ပြီးလျှင် ပြောပြသည်။

"တပည့်အတွက် တပည့်၏ဒိုင်ယာရီစာအုပ် ငါယူပေးလို့ရတယ်။ တပည့်အလိုရှိလို့လား"

ယင်းကဲ့သို့ဖြစ်လာရခြင်းမျိုးသည် ကျွန်ုပ်အတွက် ကြီးကျယ်သော အံ့သြဖွယ်မဟုတ်ပေ။ အကြောင်းမူကား ယခင်ကလည်း ယင်းကဲ့သို့သော အဖြစ်အပျက်မျိုးကို တွေ့ကြုံဖူးပေါင်းများလှပြီဖြစ်သည်။

ကျွန်ုပ်က ဖြေရိုးဖြေစဉ်ပင် ပြန်ဖြေလိုက်သည်။ "ဟုတ်ကဲ့၊ ခဲတံ လေးငါးချောင်းလည်း လိုချင်ပါတယ်" ကျွန်ုပ်၏ ဒိုင်ယာရီစာအုပ်ကို အိန္ဒိယမြောက်ပိုင်း နာနီတာတောင်တန်းအနီးရှိ ဘဝါလီဟုခေါ်သော ဆေးရုံ၌ ထားပစ်ခဲ့သည်။ ရုတ်တရက်ခဲတံသုံးချောင်းနှင့် ဆိုက်အတော်အတန်ကြီးမားသော စာမျက်နှာ ၄၇၅ မျက်နှာရှိ ကျွန်ုပ်၏ဒိုင်ယာရီစာအုပ် ကျွန်ုပ်ရှေ့ရောက်လာသည်။ ကျွန်ုပ်ဝမ်းသာအားရ ဖြစ်သွားသည်။ သို့သော်လည်း ထူးထူးခြားခြား အံ့သြခြင်း မဖြစ်ပေ။ ကျွန်ုပ်၏ဆရာ့ဆရာအား ကျွန်ုပ်ကို စိတ်ပိုင်းဆိုင်ရာ တစ်ခုခု ပေးဖို့ကိုသာ ပိုပြီး လိုလားသည်ဟု ပြောလိုက်သည်။

ကျွန်ုပ်၏ ဆရာ့ဆရာက ရယ်ပြီး ပြောသည်။ "အဲဒါ တပည့်ကို ငါ ပေးပြီးပြီးပဲ။ တပည့် သတိဝီရိယနှင့် မှတ်ယူလေ့လာဖို့ပဲလိုတယ်" ယင်းသို့ပြောပြီးလျှင် ဆရာ့ဆရာက ဆက်ပြောသည်။

"ငါမင်းကို ပညာပေးပြီးပြီ။ တပည့် ယခု လာဆာသွားပြီး လာဆာက

mgyoe.com

mgyoe.com

တစ်ဆင့် အိန္ဒိယပြန်ပေတော့"

"ကျွန်ုပ် အိန္ဒိယပြန်လို့မဖြစ်ဘူး။ အိန္ဒိယပြန်ရင် ကျွန်ုပ် အဖမ်းခံရလိမ့်မယ်"

"အိန္ဒိယ မကြာခင် လွတ်လပ်ရေးရတော့မယ်။ တပည့်ပြန်ဖို့ နှောင့်နှေးနေရင် နှင်းထုနှင်းခဲများနဲ့ ရေခဲပြင်များက တပည့်ကို ဒီနှစ် အိန္ဒိယပြန်လို့မရအောင် ပိတ်ပင်တားမြစ်ထားလိမ့်မယ်"

နောက်တစ်ကြိမ် ကျွန်ုပ်၏ ဆရာ့ဆရာကို ကျွန်ုပ် ပြန်မတွေ့ရတော့ပေ။ အချိန်အတန်ငယ် ကြာသွားသောအခါ၌ ကျွန်ုပ်၏ ဆရာ့ဆရာသည် သူ၏ တပည့်ရင်းများကို နှုတ်ဆက်ပြီး ပျောက်ကွယ်သွားသည်ဟု ကျွန်ုပ်ကြားရသည်။ သူ့ကို လည်ပင်းပတ်လည်၌ ပန်းကုံးများ စွပ်ထားပြီး တနကပူတစ်လျှောက် စီးဆင်းသွားသော ကလိဂင်္ဂါမြစ်ရေစီးကြောင်းထဲ ထိုင်လျက် မျောပါသွားသည်ကို နောက်ဆုံး တွေ့မြင်လိုက်ရသည် ဟု လူအချို့က ပြောပြသည်။ ကျွန်ုပ်၏ ဆရာ့ ဆရာ အသက်ရှင်လျက်ရှိသေးသလားဟူ၍ ကျွန်ုပ်၏ ဆရာအရှင်အား မေးကြည့်သည်။ ကျွန်ုပ်၏ဆရာအရှင်က ပြုံးရုံသာ ပြုံးပြီး "အဲဒါ မင်းကိုယ်တိုင် သိလာပါလိမ့်မယ်"ဟု ပြောသည်။

ကျွန်ုပ်၏ အပြန်ခရီး၌ မည်သည့်အရာများ ဖြစ်ပျက်ခဲ့သည်ဆိုသည်နှင့် ပတ်သက်၍မူ လျှို့ဝှက်ထားရမည့် အကြောင်းအရာ အချို့ရှိသည်။ စောစောက ကျွန်ုပ်၏ အိမ်ရှင်ဖြစ်ခဲ့သော လာမ၏ အကူအညီဖြင့် ကျွန်ုပ်လာဆာသို့ သွားသည်။ လာဆာက တစ်ဆင့် ၁၉၄၇ ခုနှစ် ဇွန်လ၌ ကျွန်ုပ် အိန္ဒိယသို့ ထွက်ခွာသွားသည်။ မြည်းနှစ်ကောင်နှင့် လမ်းညွှန်နှစ်ယောက်၏အကူအညီဖြင့် နှင်းထု ဖုံးလွှမ်းနေသော တောင်ပေါ်လမ်းများကို ဖြတ်လာခဲ့ရာ တစ်လလောက်အကြာတွင် ဆစ်ကင်း၏ မြို့တော်ဖြစ်သော ဂန်တုတ်သို့ ရောက်ရှိလာသည်။ ဂန်တုတ်သို့ ကျွန်ုပ်မရောက်ခင် ၃ ရက်အလိုတွင် အိန္ဒိယလွတ်လပ်ရေး ကြေညာသည်။

ဂန်တုတ်၌ ယခုထက်တိုင်ရှိနေသော မြို့မြောက်ဘက်ခြမ်းရှိ ကျောင်းတစ်ကျောင်းတွင် ကျွန်ုပ်နေသည်။ ဂန်တုတ်တွင် ထူးခြားမှုရှိသော လာမတစ်ပါးထံ ကျွန်ုပ်ရောက်သွားသည်။ ယင်းလာမသည် ဆန်စကရစ်ပညာရှင် ဗုဒ္ဓဘာသာ ယောဂီတစ်ဦးဖြစ်ပြီး အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ၌ နှစ်ပေါင်းများစွာနေလာခဲ့သူဖြစ်သည်။ ရှန်ကရာကျာရယအဆက်အနွယ်များက ဗုဒ္ဓဘာသာကိုဝေဖန်သည့်နည်းတူ များသောအားဖြင့် ဗုဒ္ဓစာပေပညာရှင်များသည် ရှန်ကရကို ဝေဖန်လေ့ရှိကြသည်။ သို့ရာတွင် ယင်းပညာရှင်သည် အကိုးအကား ကျမ်းစာအများအပြားကို ရွတ်ဖတ်ပြီးလျှင် ဗုဒ္ဓဘာသာနှင့် ရှန်ကရ၏ အဒွိတ္တနည်းစနစ် တူညီပုံ ကျွန်ုပ်ကို ရှင်းလင်းပြောပြသည်။

mgyoe.com

 mgyoe.com



"ဒီဒသသနနစ်ရပ်ဟာ ပရမတ္တသစ္စာနှင့် ပတ်သက်ပြီး ကွဲပြားခြားနားချက် မရှိဘူး။ စကားအရပြောရရင်တော့ ကွဲပြားခြားနားမှု ရှိပေလိမ့်မယ်။ ဒါပေမဲ့ အတွေ့ အကြုံအရ ပြောရရင်တော့ ကွဲပြားခြားနားချက်မရှိဘူး။ ဂိုဏ်းဂဏ အယူဝါဒအားလုံးရဲ့ ဩဇာလွှမ်းမိုးမှုကို ဖယ်ရှားပြီး နောက်ဆုံးပိတ် အမြင့်ဆုံးအခြေအနေဖြစ်တဲ့ နိဗ္ဗာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရမယ်"

မျက်မှောက်အခြေအနေကို တွေ့မြင်ရသည့်အတွက် သူ့ စိတ်မကောင်း ဖြစ်ရကြောင်းကိုလည်း ထိုလာမက ဤသို့ပြောပြသည်။ အိန္ဒိယ၊ တိဗက်၊ တရုတ်၊ ဂျပန်၊ အာရှအရှေ့တောင်ပိုင်းက ဗုဒ္ဓဘာသာဝင်များသည် တရားအမြင်ရရှိရေးအတွက် အစဉ်အလာက ဆင်းသက်လာခဲ့သော တရားဘာဝနာ အားထုတ်နည်းကို မေ့မေ့ပျောက်ပျောက်ဖြစ်နေကြပြီး ခေတ်သစ်ကမ္ဘာကို အကျိုးပြုနိုင်မည့် ဗုဒ္ဓဘာသာကို မေ့ထားကြသည်။ ထောင်ပေါင်းများစွာသောကျောင်းများ၌ ဗုဒ္ဓဘာသာလာမများ၊ ဘုန်းကြီးများသည် ဓလေ့ထုံးစံ အစဉ်အလာများကိုသာ ပြုလုပ်နေကြသည်။

သို့သော်လည်း ဗုဒ္ဓက "မိမိကိုယ်ကို ဆီမီးသဖွယ် ပြုလုပ်ကြလော့။ မိမိတို့၏ ဆီမီးကိုသာ ထွန်းညှိကြလော့။ မည်သူကမှ သင်တို့ကို လွတ်မြောက်ငြိမ်းချမ်းမှုပေးလိမ့်မည် မဟုတ်ပေ။ မိမိကိုယ်ကို နားလည်သဘောပေါက်အောင် လုပ်ကြလော့။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားကြလော့" ဟု ဟောပြတော်မူထားသည်။

ကျွန်ုပ်ကို နေ့ရက်အတန်ကြာမျှ နည်းပေးလမ်းပြ ပြုလုပ်ပြီးနောက် ထိုလာမသည် ကျွန်ုပ်အား ဟိမဝန္တာ တောင်တန်း၌ရှိသော ကျွန်ုပ်၏ ဆရာအရှင်ထံ ပြန်သွားခိုင်းလေသည်။

❖

mgyoe.com

mgyoe.com

# ကျိန်စာ နှင့် ဆုမွန်

ကျွန်ုပ်၏ မိတ်ဆွေသူငယ်ချင်း နန်တင်ဗာဗာနေသော ရာမဂရတောအုပ်သို့ ကျွန်ုပ်မကြာခဏ သွားရောက်လေ့ရှိသည်။ ကျွန်ုပ်၏ မိတ်ဆွေသူငယ်ချင်းသည် အသက် ၆ နှစ်အရွယ်ကစ၍ တရားအကျင့် ကျင့်ကြံအားထုတ်နေသူဖြစ်သည်။ ကျွန်ုပ်တို့နှစ်ဦးလုံး လူရမ်းကားများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ရွာတစ်ရွာသို့ လူ မသိအောင် တိတ်တိတ်ကလေး သွားကြပြီးလျှင် တစ်စုံတစ်ယောက်သောသူ၏မီးဖိုချောင်သို့ ဝင်လျက် တွေ့သမျှ စားသောက်ပြီး တောအုပ်သို့ ပြန်လာတတ်ကြသည်။ ယင်းသို့ ကျွန်ုပ်တို့ ခိုးကြောင်ခိုးဝှက် ပြုလုပ်နေခြင်းသည် ရွာသူရွာသားများအတွက် လျှို့ဝှက်အသိခက် အကြောင်းအရာတစ်ရပ် ဖြစ်နေသည်။ အချို့က ကျွန်ုပ်တို့အား နတ်ဝင်စားများဟု အောက်မေ့ကြပြီး အချို့မူ နတ်မိစ္ဆာများဟု အောက်မေ့ကြသည်။

ထိုဒေသ၌ နန်နီတာလ်မှ သူဌေးများပိုင်သော ပန်းသီးခြံများ အမြောက်အမြားရှိသည်။ တစ်နေ့သ၌ ကျွန်ုပ်တို့သည် ပန်းသီးခြံကြီး တစ်ခြံကို ဖြတ်၍ စီးဆင်းနေသော ချောင်းကလေးတစ်ချောင်း၏အနီး၌ နေရန် မိမိတို့၏နေရာမှ ထွက်ခွာလာခဲ့ကြသည်။ ညနေချမ်းအချိန်၌ ကျွန်ုပ်တို့သည် မီးဖိုရန် ထင်းခွေကြ သည်။ သစ်တောအရာရှိများ တောမီးလောင်မှာစိုးသောကြောင့် ကျွန်ုပ်တို့သည် ပန်းသီးခြံထဲ၌ မီးဖိုကြသည်။ ခြံပိုင်ရှင်က ကျွန်ုပ်တို့ကို တွေ့သွားသောအခါ ကျွန်ုပ်တို့အား ရွှေရောင်ပန်းသီးနှင့် တခြား ရှားပါးပစ္စည်းပစ္စယများကို ခိုးယူမည့် သူခိုးဟု ထင်မှတ်ကြသည်။ ခြံပိုင်ရှင်သည် အခြားသော ခြံဥယျာဉ်ပိုင်ရှင်များနှင့် မတူဘဲ အလွန်ကပ်စေးနှဲသူတစ်ယောက်ဖြစ်သည်။ မြေကြီးပေါ် ကြွေကျနေသော ပန်းသီးများကို မည်သူတစ်ဦးတစ်ယောက်ကိုမှ ကောက်ယူခွင့်မပြုပေ။ သူ၏ အစောင့်များအား ကျွန်ုပ်တို့ကို မောင်းထုတ်ရန် အမိန့်ပေး

mgyoe.com

လိုက်သည်။ လူသုံးယောက်သည် တုတ်ဆွဲပြီး ကျွန်ုပ်တို့ကို ရိုက်နှက်ရန် ပြေးလာကြသည်။ ကျွန်ုပ်တို့အနီး ရောက်ရှိလာသောအခါ ထိုလူသုံးယောက်သည် ကျွန်ုပ်တို့ သူခိုးမဟုတ်ဘဲ တောအုပ်တွင်းဌ်နေသော ယောဂီနှစ်ဦးဖြစ်ကြောင်း တွေ့မြင်သွားကြသည်။

သုံးလလောက် ကြာသွားသောအခါ ကျွန်ုပ်၏ဆရာ ဂုရုထံ ကျွန်ုပ်ပြန်လာသည်။ ထိုအခါ ဆရာဂုရုက "မင်းမိုက်မဲတဲ့ အလုပ်တွေကိုလုပ်ပြီး ငါ့အတွက် ပြဿနာဖြစ်အောင် ဖန်တီးတယ်" ဟု ပြောလေသည်။

ကျွန်ုပ်က "ကျွန်ုပ် ဘာလုပ်လို့လဲ" ဟု ပြန်စောဒက တက်လိုက်သည်။

ဆရာဂုရုက ဆက်ပြောသည်။

"မိခင်တစ်ဦးက သူ့ရင်သွေးကို ကာကွယ်စောင့်ရှောက်သလို ငါမင်းကို ကာကွယ်စောင့်ရှောက်လာခဲ့တယ်။ မင်း ဘယ်တော့ လူမှန်းသူမှန်းသိမှာလဲ။ မင်းဘာဖြစ်လို့ သူတစ်ပါးပိုင်နက်ကို ကျူးကျော် ဝင်ရောက်ရတာလဲ"

ကျွန်ုပ်က ပြန်ဖြေသည်။

"ဘာပစ္စည်းဝတ္ထုမျိုးမဆို ဘုရားသခင်ပိုင်တဲ့ ပစ္စည်းဝတ္ထုတွေသာ ဖြစ်တယ်။ ဘုရားသခင်ပိုင်တဲ့ ပစ္စည်းဝတ္ထုတွေကို ဘုရားသခင်ကိုးကွယ်ဆည်းကပ်တဲ့ လူတိုင်း သုံးစွဲပိုင်ခွင့်ရှိတယ်"

ကျွန်ုပ်၏စကားကို ကြားရသောအခါ ဆရာဂုရုက ပြောပြန်သည်။ "အဲဒီလို အတွေးအခေါ်မျိုးဟာ တရားဓမ္မ အဆိုအမိန့်ကို ကိုယ်ကျိုး ကိုယ့်စီးပွားအတွက် အလွဲသုံးစားလုပ်ခြင်းမျှသာ ဖြစ်တယ်။ မင်း အတွေးအခေါ်တွေကို ပြန်ပြင်လိုက်ပါ"

ယင်းသို့ပြောဆိုပြီးလျှင် ဆရာဂုရုသည် ကျွန်ုပ်အား ဤသို့ ညွှန်ကြား ဆိုဆုံးမသည်။

၁။ ပရမတ္ထ သစ္စာတရားကို စကြဝဠာအနှံ့ ပျံ့နှံ့တည်ရှိနေသည့် အရာဝတ္ထုအဖြစ် ရှုမြင်ရမည်။

၂။ ကမ္ဘာလောက၏ အရာဝတ္ထုများမှရရှိသော အာရုံခံစားမှုများကို တွယ်တာကပ်ငြိခြင်းမပြုပါနှင့်။ ယင်းတို့ကို ဓမ္မတိုးတက်ရေးအတွက် နည်းလမ်းအဖြစ်ဖြင့်သာလျှင် ဆက်ဆံပါ။

၃။ တစ်စုံတစ်ယောက်သူ၏ဥစ္စာပစ္စည်းကိုလည်းကောင်း၊ မိန်းမနှင့်စည်းစိမ်ချမ်းသာကိုလည်းကောင်း၊ ပိုင်ဆိုင်လိုစိတ် မဖြစ်ပွားစေပါနှင့်။

ဆရာဂုရုက ဆက်ပြောသည်။

mgyoe.com

mgyoe.com

"ဥပနိသျှဒ်၏ ယင်းအဆိုအမိန့်များကို မင်းမမှတ်မိဘူးလား။ နောက်နောင် တကယ်လို့ မင်း လူမှုရေးအပြစ်များကို ကျူးလွန်ပြီး တခြားလူတွေကို အနှောင့် အယှက်ပေးရင် ငါ မင်းကို စကားမပြောတော့ဘူး"

ဆရာဂုရုသည် အကြိမ်များစွာ စကားမပြောဘဲ နေခြင်းအားဖြင့် ကျွန်ုပ်အား အပြစ်ဒဏ်ပေးတတ်သည်။ သူ၏ စိတ်ကောက်ပြီး ဆိတ်ဆိတ်နေခြင်းနှင့် ချစ်ခင်မှု၊ နားလည်မှု အပြည့်ရှိသော အပြုသဘော ဆိတ်ဆိတ်နေခြင်း၏ ခြားနားချက်သည် ကျွန်ုပ်အတွက် ထင်ရှားပြတ်သားလှပေသည်။ ထိုအချိန်က အသက်အရွယ် ၁၆ နှစ်မျှသာ ရှိသေးသော ကျွန်ုပ်သည် ခွန်အားဗလ အပြည့်အဝ ရှိနေသည်။ အလွန်တရာ တက်ကြွလှုပ်ရှားပြီး သူ့ကို အမြဲမပြတ် စိတ်စနှောင့်စနင်း ဖြစ်အောင်လုပ်နေသည်။ သို့သော်လည်း ဆရာ ဂုရုက "ယခုလိုဖြစ်ရတာ ငါ့ကံအကြောင်းတရားဖြစ်တယ်။ မင်းအပြစ် မဟုတ်ပါဘူး ငါ့တပည့်။ ငါပြုလုပ်ခဲ့တဲ့ အလုပ်များရဲ့ အသီးအပွင့်ကို ငါ ရိတ်သိမ်းနေတာ ဖြစ်တယ်" ဟု ပြောလေ့ရှိသည်။ ကျွန်ုပ် စိတ်မကောင်းဖြစ်သွားပြီးလျှင် သူသွန်သင်ဆုံးမသည်များကို ဆန့်ကျင်ဘက် မလုပ်တော့ပါဘူးဟူ၍ ဝန်ခံကတိပေးသည်။ သို့ရာတွင် မကြာခင်မှာပင် ခွေးမြီးကောက် ပြန်ကောက်မြဲ ကောက်ပြီး မဖွယ်မရာ အလုပ်များကို ပြန်လုပ်လေသည်။ တစ်ခါတစ်ရံ တမင်သက်သက် တာဝန်မဲ့ လုပ်ခြင်းမျိုးရှိပြီး တစ်ခါတစ်ရံ၌မူ မတော်တဆ အမှုမဲ့ အမှတ်မဲ့ အမှားလုပ်မိခြင်း မျိုးလည်း ရှိသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ် ဆိုးဆိုးရွားရွားလုပ်စေကာမူ မည်သည့် အခြေအနေမျိုး၌မဆို အစဉ်မပြတ် ကျွန်ုပ်ကို အခင်မင်မပျက်ပေ။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ရင့်ကျက်မှုရှိလာသည့်အခါ၌ ဘဝ၏ ဒဿနအမှန်တရားကို သိရှိနားလည်လာလေသည်။ ထို့နောက် ထိုပုဂ္ဂိုလ်သည် မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံများနှင့် ပတ်သက်၍ သတိတရားရှိလာလေသည်။ ဓမ္မနှင့် ပတ်သက်သော အလေ့အကျင့်သည် အစဉ်တစိုက် သတိတရားထားဖို့လိုအပ်သည်။ ကျင့်ဝတ်စည်းကမ်းကို အတင်းအကြပ် လိုက်နာဆောင်ရွက်စေခြင်း မပြုလုပ်သင့်ပေ။ တပည့်တပန်းများသည် မိမိတို့ ကိုယ်တိုင် နားလည် သဘော ပေါက်အောင် သင်ကြား လေ့လာပြီးလျှင် ကျင့်ဝတ်စည်းကမ်းကို မိမိ၏တိုးတက်ရေးအတွက် လိုအပ်သော အရာအဖြစ်ဖြင့် လက်ခံသင့်ပေသည်။ ကျင့်ဝတ်စည်းကမ်းကို အတင်းအကြပ် လိုက်နာစေသည်ဖြစ်၍ လိုက်နာကျင့်သုံးရခြင်းသည် အကူအညီအထောက်အပံ့ဖြစ်လာလိမ့်မည် မဟုတ်ပေ။ အကျိုးဖြစ်ထွန်းလာလိမ့်မည် မဟုတ်ပေ။ ယင်း ချဉ်းကပ်နည်းဖြင့် ချဉ်းကပ်စေလျှင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လုပ်ရမည့်အရာနှင့် မလုပ်ရမည့်အရာကို သိချင်

mgyoe.com

mgyoe.com

သိနိုင်မည် ဖြစ်သော်လည်း မည်သို့မည်ပုံ ဖြစ်လာမည်ဆိုသည်ကိုမူ မည်သည့်အခါမှ သိနိုင်မည်မဟုတ်ပေ။

ကျွန်ုပ်သည် အတ္တစွဲကြီးလာသည့်အခါ၌ ကျဆုံးသွားသည်သာ များလေသည်။ ယင်းမှာ ကျွန်ုပ်၏ ကိုယ်ပိုင်အတွေ့အကြုံ ဖြစ်သည်။

ကျွန်ုပ်၏ ဆရာဂုရုကပြောသည်။

"အတတ်နိုင်ဆုံး ကြိုးစားပါ။ သို့သော်လည်း မိမိ၏အတ္တကို ကြီးထွားအောင် လုပ်သည့်အခါတိုင်း၊ တစ်စုံတစ်ခုကို ကိုယ်ကျိုးကြည့်လုပ်သည့် အခါတိုင်း မင်း အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ပေ။ အဲဒါ မင်းကို ငါကျိန်ဆိုတဲ့ ကျိန်စာပဲ"

ကျွန်ုပ် ဆရာဂုရုကို တအံ့တသြ ကြည့်နေမိသည်။ သူဘယ်လိုများ ပြောလိုက်ပါလိမ့်။

ထို့နောက် ဆရာဂုရုက ဆက်ပြောသည်။

"ငါ မင်းကို ဆုမွန်လည်း ပေးလိုက်မယ်။ အတ္တစွဲကင်းတဲ့အခါတိုင်း၊ ကိုယ်ကျိုးမကြည့်တဲ့အခါတိုင်း၊ အတ္တစွဲကင်းရှင်းပြီး မေတ္တာတရား ထားရှိတဲ့အခါတိုင်း၊ မင်းရဲ့နောက်မှာ ကြီးမားတဲ့ အင်အားရှိနေတာကို မင်းတွေ့လိမ့်မယ်။ မင်း မပျက်မကွက် အကျိုးထူးတရားကို ရရှိလိမ့်မယ်"

ကိုယ်ကျိုးကိုသာ ကြည့်သူသည် မိမိအကြောင်းကိုသာ စဉ်းစားသည်။ မိမိအကြောင်းကိုသာ ပြောသည်။ သူ၏အတ္တစိတ်သည် ကိုယ်ကျိုးကိုသာ ကြည့်သည့် ညဉ်သည် သူ့အား မိမိတစ်ကိုယ်တည်း၌ ကိန်းဝပ်စေပြီးလျှင် မိမိအား ဒုက္ခရောက်စေသည်။ မိမိကိုယ်ကို သိမြင်သဘောပေါက်ရန်အတွက် အကောင်းဆုံး ဖြတ်လမ်းမှာ အတ္တစွဲကို ဖြုတ်ပစ်ခြင်းဖြစ်သည်။ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်၏ ရှေ့မှောက်တွင် မိမိကိုယ်ကို ပုံအပ်ရမည်။ 'ဆတ်ဆံဂ'ခေါ် သူတော်သူမြတ်များနှင့် အမြဲတစေ ပေါင်းသင်း ဆက်ဆံခြင်းသည်လည်းကောင်း၊ မိမိ၏အတွင်းသန္တာန်ကို အခါခပ်သိမ်း သတိပြုနေခြင်းသည်လည်းကောင်း၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား မောဟညွန့်ပျောင်းကို ကျော်လွှန်သွားရာ၌ အကူအညီ အထောက်အပံ့ပေးလေသည်။

မစင်ကြယ် မသန့်ရှင်းသော အတ္တသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ တိုးတက်ရေး၌ အနှောင့်အယှက် အဟန့်အတား ဖြစ်သော မကောင်းဆိုးဝါး ဖြစ်သည်။ စင်ကြယ်သန့်ရှင်းသော အတ္တမှာမူ အတ္တစစ်နှင့် အတ္တတုကို ခွဲခြားမှုပြုရာ၌ အတ္တစစ် အတ္တမှန်နှင့် သာမန်အတ္တကို ခွဲခြားမှုပြုရာ၌ လုပ်နည်းကိုင်နည်း ဖြစ်လေသည်။

အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အတ္တစွဲကြီးနေပါလျှင် မိမိ၏

mgyoe.com

mgyoe.com

အသိစိတ်ကို မဖြန့်ကြက်နိုင်ပေ။ မိမိတို့၏ အတ္တစွဲကြောင့် မိမိတို့၏ ဝန်းကျင်၌ စည်းခြားထားမည်ဆိုလျှင် ပြဿနာများသည် မိမိတို့အတွက် ဒုက္ခကို မလွဲမသွေ ဖန်တီးပေလိမ့်မည်။ သို့ရာတွင် တခြားပုဂ္ဂိုလ်များနှင့် မိမိတို့၏ပေါင်းစည်းညီညွတ်ရေးကို အမြဲတစေ သတိရှိနေစေရန် ကြိုးစားသူများမှာမူ ဘဝ၏ ခဏတိုင်းခဏတိုင်း၌ ရွှင်လန်းချမ်းမြေ့စွာ အကြောက်အလန့် ကင်းမဲ့စွာနေကြရပေလိမ့်မည်။ ကိုယ်ကျိုးမငဲ့သော၊ ပလွှားခြင်းမရှိသော၊ မေတ္တာတရားကြီးမားသောသူတို့သည် လူသား၏ စစ်မှန်သောအကျိုးပြုပုဂ္ဂိုလ်များ ဖြစ်ပေသည်။

❖

mgyoe.com

mgyoe.com

# ခရစ်တော်ကို ကိုးကွယ်သော ဟိန္ဒူဆာဓူး

ကျွန်ုပ် ရှန်ကရာကျာရယအဖြစ်နှင့်ရှိစဉ်က ခရစ်ယာန်ဒ္ဒ ဆာဓူးတစ်ပါး (ခရစ်တော်၏ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးလိုသော ဆာဓူး) ကို မကြာခဏ တွေ့ဆုံဖူးသည်။ ဆာဓူးနှင့် ဆွာမိတို့သည် ဝတ်ဖြူစင်ကြယ် (သို့မဟုတ်) ဂုန်နီစကို ဝတ်ရုံလေ့ရှိကြသည်။ သို့ရာတွင် လောကီလူ့ဘောင်က ခွာရှောင်ပြီး ရသေ့ရဟန်းဘဝရောက်ရှိလာကြသောအခါ လျှော်တေဝတ်ရုံကို ဝတ်လေ့ရှိကြသည်။ လျှော်တေဝတ်ရုံသင်္ကန်းသည် မီး၏အရောင်ဟူသော အနက်အဓိပ္ပာယ်ကိုဆောင်သည်။ လောကီအာရုံ ဟူသမျှကို အသိပညာနည်းဖြင့် ရှို့ပစ်လိုက်ကြသူများသာလျှင် လျှော်တေဝတ်ရုံသင်္ကန်းကို ဝတ်ရုံခွင့်ရှိကြသည်။ အဆင့်အတန်းမြင့်လာကြသော ရသေ့၊ ရဟန်း အချို့သည် ယင်းကဲ့သို့သော လျော်တေဝတ်ရုံခြင်းမရှိကြတော့ဘဲ ယင်းအစဉ်အလာကိုလည်း လိုက်နာကျင့်သုံးခြင်းမရှိကြပေ။ ထိုရသေ့၊ ရဟန်းများသည် ဝတ်ဖြူစင်ကြယ်အဝတ်ကို ဝတ်ကြသည်။ သူတို့၏ ကိုယ်များကို စောင်များဖြင့် ပတ်ထားကြသည်။ သို့မဟုတ် ဂုန်နီစကိုလည်း အသုံးပြုကြသည်။ ယင်းကဲ့သို့သော ရသေ့၊ ရဟန်းများသည် သတ်မှတ်ထားသော ဝတ်ရုံသင်္ကန်းတစ်မျိုးမျိုးကို ဝတ်ရုံခြင်း မရှိကြတော့ပေ။

ဆွာမိအမျိုးအစား ၁၀ မျိုးရှိပြီး ဆာဓူးတို့၏အမျိုးအစားမှာ အမြောက်အများရှိသည်။ ဆွာမိအမျိုးအစား ၁၀ မျိုးထဲက လေးမျိုးလေးစားသည် ဗြာဟ္မဏများအတွက်သာ ဖြစ်သည်။ ဗြာဟ္မဏများကမူ သူတို့၏ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် စတင်လျက် ဓမ္မကျမ်းစာများကို လေ့လာသင်ကြားပြီး လိုက်နာကျင့်သုံးခြင်းပြုလုပ်ကြသည်။ သူတို့သည် စိတ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင် အခြေအနေတွင် လူလား

mgyoe.com

mgyoe.com


မြောက်လာရသူများ ဖြစ်သည်။ ဓမ္မကျမ်းစာများကို လေ့လာသင်ကြားပြီး မိမိတို့ တတ်သိသော အသိပညာများကို ပေးဝေဖြန့်ဖြူးနိုင်ကြသည်။ သို့ရာတွင် အခြားဆွာမိအမျိုးအစား ၆ ပါးတို့သည် အခြား ဗြာဟ္မဏများမှတစ်ပါး အခြားလူတန်းစားများအတွက် ဖြစ်သည်။

ကျွန်ုပ်နှင့် မကြာခဏတွေ့ဆုံလေ့ရှိကြသော ခရစ်ယာန်ဆာဓူးသည် လျှော်တေသင်္ကန်းကိုဝတ်ရုံထားပြီး လက်ဝါးကပ်တိုင်ကို သူ၏လည်ပင်းတွင် ဆွဲထားသည်။ ယင်းအခြေအနေကိုတွေ့သောအခါ ကျွန်ုပ်သည် ထူးဆန်းသလိုလို ဖြစ်နေသည်။ ထိုဆာဓူးသည် ကျွန်ုပ်တွေ့ဖူးသော ခရစ်ယာန်ဆာဓူးများထဲက တတိယမြောက် ဆာဓူးဖြစ်သည်။ ကျွန်ုပ်နှင့် ထိုခရစ်ယာန်ဆာဓူးသည် ခရစ်ယာန်ဘာသာ၏လက်တွေ့အပိုင်းနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားကြသည်။ ထိုခရစ်ယာန်ဆာဓူးသည် ဆန်စကရစ်ဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် အိန္ဒိယ တောင်ပိုင်းဘာသာစကားအတော်များများကို တတ်ကျွမ်းသော ပညာတတ်ဆာဓူးတစ်ပါး ဖြစ်သည်။ ဟိန္ဒူဆွာမိများ နေထိုင်သည့်နည်းအတိုင်း တစ်သဝေမတိမ်း နေထိုင်သူဖြစ်သည်။

အိန္ဒိယခရစ်ယာန်များနှင့် အနောက်တိုင်းခရစ်ယာန်များသည် တစ်ဦးနှင့်တစ်ဦး ခြားနားချက်ရှိနေသလိုလို ထင်ရသည်။ အိန္ဒိယခရစ်ယာန်များသည် ဘာဝနာတရားများကို ပွားများအားထုတ်ကြပြီး ဆွာမိများ ဥပနိသျှဒ်နှင့် ဥပနိသျှဒ်အဖွင့် ကျမ်းစာများကို သင်ကြားပြောပြကြသကဲ့သို့ သမ္မာကျမ်းစာကို ဒဿနအမြင်ဖြင့် သင်ကြားဟောပြကြသည်။ ထိုဆာဓူးကပြောပြသည်။ လက်တွေ့အပိုင်းကို ညွှန်ကြားပြောပြလျက် ခရစ်ယာန်ဘာသာကို ပြန်လည်ဆန်းသစ်လာအောင် ပြုလုပ်နိုင်သည်။ အနောက်နိုင်ငံ၌ရှိသော ခရစ်ယာန်ဘာသာဝင်များသည် လက်တွေ့အပိုင်းကို နားမလည်ကြပေ။ ဟိမဝန္တာ၌ ခရစ်တော်နေထိုင်ခဲ့ဖူးသည်ဟူ၍ ထိုဆာဓူးက ယုံကြည်ယူဆသည်။ သို့ရာတွင် ခရစ်တော်ဟိမဝန္တာ၌ နေခဲ့ဖူးသည် မနေခဲ့ဖူးဆိုသည်မှာ မိမိအတွက်အကြောင်းမဟုတ်ဟူ၍လည်း ထိုဆာဓူးက ပြောပြသည်။

ထိုခရစ်ယာန်ဆွာမိသည် အလွန်တရာနှိမ့်ချမှုရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ ခရစ်တော်နှင့်အတူ သူလမ်းလျှောက်ပုံအကြောင်းကို ကျွန်ုပ်အား ပြောပြသည်။ ကျွန်ုပ်က သူ့ကို မေးကြည့်သည်။

"လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ခန့်က ရှိခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်နှင့်အတူ ဆွာမိဂျီ ဘယ်လိုလမ်းလျှောက်သလဲ"

ထိုခရစ်ယာန်ဆွာမိက ရယ်ပြီးပြောပြသည်။

mgyoe.com

mgyoe.com


"မင်း နားမလည်ဘူးလား၊ ခရစ်တော်ဆိုတာ ပရိပုဏ္ဏာသဘောတရား၏ အခြေအနေဖြစ်တယ်။ အရာဝတ္ထုအားလုံးပေါင်းစုနေတဲ့ တစ်ခုတည်းသော အရာဝတ္ထု၏ အခြေအနေဖြစ်တယ်။ အမှန်တရား၏အခြေအနေဖြစ်တယ်။ အမှန်တရားဆိုတာ ထာဝရတည်မြဲနေတဲ့ အမြိုက်တရားဖြစ်တယ်။ ငါက ခရစ်တော်အသိစိတ်နှင့်နေပြီး ခရစ်တော်၏ခြေရာနောက်ကို လိုက်သွားတဲ့လူ ဖြစ်တယ်"

"ခရစ်တော်၏ခြေရာတွေက ဘယ်မှာရှိသလဲ"

ထိုခရစ်ယာန်ဆာဓူးက တစ်ကြိမ်ရယ်ပြီးလျှင် ပြောပြသည်။

"ငါ ဘယ်ကိုသွားသွား ငါ့ကို လမ်းညွှန်နေတဲ့ ခရစ်တော်ကို ငါ တွေ့တယ်၊ ဘယ်နေရာမှာမဆို ခရစ်တော်ကို ငါတွေ့တယ်။ ဒါပေမဲ့ မင်းတို့ အနေနဲ့ကတော့ ယုံကြည်မှုမျက်လုံးနှင့် ကြည့်ရလိမ့်မယ် မင်းမှာ အဲဒီလို ယုံကြည်မှုမျိုး ရှိသလား"

ကျွန်ုပ်သည် ထိုဆာဓူး၏ ခရစ်တော်အား ယုံကြည်မြတ်နိုးမှုကို လေးစားပြီးလျှင် ထိုခရစ်ယာန်ဆာဓူးထံမှ ထွက်ခွာလာခဲ့သည်။

❖

mgyoe.com

mgyoe.com

# ခါးသီးသော အမှန်တရားနှင့် ကောင်းကျိုးမင်္ဂလာ

ကျွန်ုပ်၏ဆရာ ဂုရုနှင့်အတူ ခရီးသွားစဉ်က တွေ့ကြုံခဲ့ရသော အကြောင်းတရားတစ်ခု ကို ကျွန်ုပ် သတိရနေသည်။ ကျွန်ုပ်တို့ ဖြတ်သွားသော မြို့တစ်မြို့၏ဘုတာရုံမှ ရုံပိုင်သည် ကျွန်ုပ်ထံ ချဉ်းကပ်လာပြီးလျှင် "လိုက်နာကျင့်သုံးရန်အတွက် တစ်ခုခု ကျုပ်ကို ပြောပြပါ။ ကျုပ် ယုံယုံကြည်ကြည် လိုက်နာကျင့်သုံးမယ်ဆိုတာ ကတိပေးပါတယ်"ဟု ပြောလေသည်။

ကျွန်ုပ်၏ဆရာ ဂုရုက ကျွန်ုပ်အား "လိုက်နာကျင့်သုံးစရာတစ်ခုခု တိတိကျကျ ပြောပြလိုက်ပါ"ဟု ကျွန်ုပ်ကို အမိန့်ပေးလေသည်။

ကျွန်ုပ်က ပြန်ပြောလိုက်သည်။ "နကန်းတစ်လုံးမှ မသိနားမလည်တဲ့ လူတစ်ယောက်က တခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို လမ်းလွဲလမ်းမှားရောက်အောင်လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ သူ့ကို ဆရာအရှင်အနေနှင့် သင်ကြားပြောပြတာက ပိုမကောင်းပေဘူးလား"

ထိုအခါ ကျွန်ုပ်၏ဆရာ ဂုရုက ပြောပြသည်။

"ဒီလိုဆိုရင် ဒီနေ့ကစပြီး မုသားစကားမပြောနှင့်။ အဲဒီစည်းကမ်းကို နောက်သုံးလကြာတဲ့အထိ မပျက်မကွက် လိုက်နာကျင့်သုံးပါ"

ထိုနယ်ပယ်ဒေသရှိ မီးရထားဝန်ထမ်းအများစုမှာ ရိုးသားဖြောင့်မတ်မှု မရှိကြဘဲ တံစိုးလက်ဆောင်ယူကြသူများ၊ အကျင့်ပျက်နေသူများ ဖြစ်ကြသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်သည် တံစိုးလက်ဆောင်ယူခြင်းကိုလည်းကောင်း၊ မုသားပြောခြင်းကိုလည်းကောင်း မပြုတော့ဟူ၍ ဆုံးဖြတ်ချက်ချလိုက်သည်။

mgyoe.com

mgyoe.com


ရက်သတ္တပတ်အတွင်း ရုံးချုပ်မှစစ်ဆေးရေးအရာရှိတစ်ယောက်သည် ထို ရုံပိုင်နှင့် သူ၏လက်ထောက်များအား စုံစမ်းစစ်ဆေးရန် ရောက်ရှိလာသည်။ ရုံပိုင်သည် စစ်ဆေးရေးအရာရှိ စစ်ဆေးမေးမြန်းသော မေးခွန်းများကို မကွယ်မထောင့် ဟုတ်တိုင်း မှန်ရာ ပြန်လည်ဖြေကြားသည်။ ယင်း စုံစမ်းစစ်ဆေးချက်ကြောင့် ရုံပိုင်၏လက်အောက် ငယ်သားများ ဒုက္ခရောက်ကုန်ကြသည်။ ရုံပိုင်ကိုယ်တိုင် အပါအဝင် လာဘ်ပေးလာဘ် ယူလုပ်ကြသော မီးရထားဝန်ထမ်းအားလုံးအား ရုံးတင်တရားစွဲဆိုသည်။ ရုံပိုင်က "ရက်ပေါင်း ၁၃ ရက်မျှသာ ရှိသေးသည်။ ငါ ဘယ်လောက် ဒုက္ခရောက်နေသနည်း။ နောက် ၃ လကြာသည်အထိ မည်ကဲ့သို့သောအရာများ ဆက်လက်ဖြစ်ပေါ်နေဦးမည် မသိ" ဟူ၍ စဉ်းစားကြည့်လေသည်။

မကြာမီအတောအတွင်း၌ပင် ရုံပိုင်၏ ဇနီးနှင့်သားသမီးများသည် ရုံပိုင်ထံမှ ထွက်ခွာသွားကြလေသည်။ တစ်လအတောအတွင်း၌ပင် ရုံပိုင်၏ဘဝသည် စက္ကူချပ် ဖြင့် ဆောက်ထားသောအိမ်ကဲ့သို့ တစ်ကြိမ်တစ်ခါ ထိလိုက်ရုံနှင့် ပျက်စီးသွားလေသည်။

ထိုနေ့တွင် ရုံပိုင်သည် အကြီးအကျယ် စိတ်ထိခိုက်သွားသည်။ ကျွန်ုပ်တို့ သည် မိုင်ပေါင်း ၃၀၀ လောက်ဝေးသော နာဗဒါမြစ်ကမ်းခြေသို့ ရောက်ရှိနေကြသည်။ ကျွန်ုပ်၏ ဆရာဂုရုသည် သစ်ပင်တစ်ပင်အောက်တွင် လဲလျောင်းနေစဉ် ရုတ်တရက် ထရယ်လိုက်ပြီးလျှင် "ဘာတွေဖြစ်နေတယ်ဆိုတာ မင်းသိလား။ ငါ မုသားစကား မပြောနဲ့လို့ ညွှန်ကြားခဲ့တဲ့လူ ဒီကနေ့ အကျဉ်းထောင်ထဲ ရောက်သွားပြီ"ဟု ပြောလေ သည်။

ကျွန်ုပ်က မေးလိုက်သည်။

"အဲဒါ ရယ်စရာလား။ သူ အကျဉ်းခံနေရတာ ဆရာအရှင်က ဘာ့ကြောင့် ရယ်ရတာလဲ"

"ငါ သူ့ကို ရယ်တာ မဟုတ်ဘူး။ မိုက်မဲလှတဲ့ ကမ္ဘာလောကကြီးကို ရယ် နေတာ"

ရုံပိုင်သည် ဟုတ်တိုင်းမှန်ရာကို ဖွင့်ဟပြောသော်လည်း သူ၏ရုံးတွင် အလုပ် လုပ်ကြသည့် ဝန်ထမ်း ၁၂ ဦးက ပူးပေါင်းပြီး ရုံပိုင်လီဆယ်ပြောသည်ဟု ထွက်ဆိုကြ သည်။ တံစိုးလက်ဆောင်ယူသူမှာ ရုံပိုင်တစ်ဦးတည်းသာဖြစ်သည်ဟူ၍ ရုံပိုင်အား စွပ်စွဲကြလေသည်။ ရုံပိုင်သည် အကျဉ်းထောင်ထဲရောက်သွားပြီး တခြားသူအားလုံးမှာ အမှုမှ ကွင်းလုံးကျွတ်လွတ်သွားကြသည်။

ရုံပိုင် တရားရုံးရောက်သွားသောအခါ တရားသူကြီးက ကုလားထိုင်ပေါ်က

mgyoe.com

mgyoe.com


သူ့ကို ငုံ့ကြည့်ပြီး "ခင်ဗျားရှေ့နေ ဘယ်သူလဲ" ဟု မေးလိုက်လေသည်။

"ကျွန်တော့်အတွက် ရှေ့နေမလိုပါဘူး"

တရားသူကြီးက ပြောလေသည်။

"အဲဒီလိုလည်း မဟုတ်သေးဘူး။ ခင်ဗျားကို အကူအညီပေးဖို့ ရှေ့နေတစ်ယောက်လိုတယ်"

"ကျွန်တော် ရှေ့နေ ငှားဖို့မလိုပါဘူး။ ကျွန်တော်မှန်တာကိုပဲ ပြောပြချင်တယ်။ တရားသူကြီးမင်းတို့ ဘယ်နှနှစ် ထောင်ချ ထောင်ချ ကျွန်တော်လိမ်ပြီး ထွက်ဆိုမှာမဟုတ်ပါဘူး။ ကျွန်တော့်အတွက်လည်း တံစိုးလက်ဆောင် ဝေစုရတယ်။ အဲဒီအချိန်မှာ ကျွန်တော် ဂုရုတစ်ပါးကိုတွေ့တယ်။ အဲဒီဂုရုက ကျွန်တော့်ကို ဘာပဲဖြစ်ဖြစ် လိမ်ညာမပြောရဘူးလို့ ဆုံးမသွားတယ်။ ကျွန်တော့်ဇနီးနဲ့ သားသမီးတွေ ကျွန်တော့်ကို စွန့်ခွာသွားပြီ။ ကျွန်တော်အလုပ်လည်း ပြုတ်သွားပြီ။ ကျွန်တော့်မှာ ပိုက်ဆံလည်း မရှိတော့ဘူး။ မိတ်ဆွေအပေါင်းအသင်းလည်း မရှိဘူး။ ကျွန်တော် အခု ထောင်ထဲရောက်နေတယ်။ အဲဒါတွေအားလုံးကို စမ်းသပ်ကြည့်ရလိမ့်ဦးမယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်နောက်ထပ် ၂ လ အမှန်တရားကို စမ်းသပ်ကြည့်ရလိမ့်ဦးမယ်။ တရားသူကြီးမင်းခင်ဗျား ကျွန်တော့်ကို ထောင်ထဲမှာ ထည့်ထားလိုက်ပါ။ ကျွန်တော် ဂရုမစိုက်ပါဘူး"

တရားသူကြီးသည် အမှုကြားနာခြင်းကို ခေတ္တရပ်နားလိုက်ပြီး တရားခံအားသူ့အခန်းထဲ တိုးတိုးတိတ်တိတ် ခေါ်ယူလျက် "ခင်ဗျားကို မုသားမသုံးရဘူးလို့ ဆိုဆုံးမတဲ့ဂုရုက ဘယ်ဂုရုလဲ "ဟု မေးလေသည်။

ရုံပိုင်က ထိုဂုရု၏ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်လေသည်။ ကံအားလျော်စွာ တရားသူကြီးမှာ ကျွန်တော့်ဆရာဂုရု၏ တပည့်တစ်ဦးဖြစ်နေသည်။ တရားသူကြီးသည် ရုံပိုင်အား တရားသေလွှတ်လိုက်ပြီးလျှင် "ခင်ဗျားလုပ်တာ မှန်တယ်။ အဲဒီလမ်းအတိုင်း ဆက်လျှောက်ပါ။ ကျုပ်လည်း အဲဒီလမ်းစဉ်လိုက်ဖို့ ကြိုးစားရမယ် "ဟု ပြောလေသည်။

သုံးလ ကြာသွားသောအခါ ရုံပိုင်တွင် ဘာတစ်ခုမှမရှိတော့ပေ။ ဖြူခါ ပြာခါ ကျသွားသည်။ သုံးလတင်းတင်းပြည့်သည့်နေ့၌ သစ်ပင်တစ်ပင်အောက်တွင် ထိုင်နေစဉ် သူ့ထံသို့ ကြေးနန်းတစ်စောင် ရောက်လာသည်။ "ခင်ဗျားဖခင်၏ ကျယ်ပြန့်သော လယ်မြေဧကများကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အစိုးရက သိမ်းထားသည်။ ယခု အစိုးရက ထိုလယ်မြေအတွက် ခင်ဗျားကို လျော်ကြေးပေးလိုသည် "ဟူ၍ ရေးသား ဖော်ပြထားသော ကြေးနန်းဖြစ်သည်။ အစိုးရက သူ့ကို ရူပီး တစ်သန်းပေးသည်။

mgyoe.com

mgyoe.com


ထိုလယ်မြေမှာ တခြားပြည်နယ်၌ရှိသော လယ်မြေဖြစ်၍ ထိုလယ်မြေအကြောင်းကို သူဘာမျှမသိပေ။ "ယနေ့ ငါ မုသာဝါဒကံ ရှောင်ကြဉ်လာခဲ့သည်မှာ သုံးလပြည့်သွားပြီ။ မုသာဝါဒကံကို သုံးလရှောင်ကြဉ်ရုံမျှဖြင့် ယခုလောက် ကြီးမားသောအကျိုးတရားကို ရရှိသည်"ဟူ၍ ရုံပိုင် စဉ်းစားဆင်ခြင်မိလေသည်။

ရုံပိုင်သည် သူရရှိသော လျော်ကြေးများကို သူ့ဇနီးနှင့် သားသမီးများအား ပေးလိုက်သောအခါ သူ့ဇနီးနှင့် သားသမီးများက အားရဝမ်းသာဖြစ်သွားကြပြီးလျှင် "ကျွန်မတို့ ပြန်လာပြီး ရှင်နဲ့အတူနေကြမယ်"ဟု ပြောကြလေသည်။

"ဟင့်အင်း အဲဒီလိုနေလို့ မဖြစ်ဘူး။ သုံးလ မုသာဝါဒကံကို ရှောင်ကြဉ်တဲ့အတွက် ဘယ်လိုဖြစ်လာတယ်ဆိုတာကိုပဲ ငါ ယခု တွေ့ရသေးတယ်။ တစ်သက်လုံး မုသာဝါဒကံကို ရှောင်ကြဉ်လျှင် ဘယ်လိုဖြစ်လာမပ်ဆိုတာ ငါ ရှာချင်သေးတယ်"

အမှန်တရားသည် လူ့ဘဝ၏ အပြီးသတ်ပန်းတိုင်ဖြစ်သည်။ အကယ်၍ အမှန်တရားကို ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးဖြင့် ကျင့်သုံးမည်ဆိုလျှင် ပန်းတိုင်သို့ ရောက်ရှိနိုင်သည်။ မုသာဝါဒကံကို ရှောင်ကြဉ်ခြင်းအားဖြင့်လည်းကောင်း၊ မိမိ၏ အသိစိတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အပြုအမူများကို မပြုလုပ်ခြင်းအားဖြင့်လည်းကောင်း အမှန်တရားကို ရရှိနိုင်ပေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ဆရာဂုရုအား ဆွာမိဂျီ ကျွန်တော့်ကို လှည့်စားနေတယ်ဟု ပြောလိုက်မိသည်။ ကျွန်ုပ်တို့သည် မိမိတို့ ကိုယ်တိုင်က ဖြစ်ဖြစ်မြောက်မြောက် စွမ်းဆောင်နိုင်ခြင်းမရှိဘဲနှင့် အတ္တမာန်မာနကြီးနေသည့်အခါမျိုး၌ သူတစ်ပါးကို အပြစ်ဖို့ချင်ကြသည်။

ဆရာဂုရုက "ဘာဖြစ်လို့လဲ"ဟု မေးလေသည်။

"ကျွန်တော့်ကို သူငယ်နှပ်စားအရွယ်မျှသာ ရှိသေးတယ်လို့ အောက်မေ့ပြီး ကျွန်တော့်ဆီက ရှိတာလေးတွေကိုတောင် ပြန်ရုပ်သိမ်းနေတယ်"

"ပြောစမ်းပါဦး။ ငါက ဘာတွေများ ရုပ်သိမ်းနေလို့လဲ"

"ဆွာမိဂျီ ကျွန်တော့်ကို ဘုရားသခင်မပြဘူး။ ဆွာမိဂျီ ပြနိုင်ချင်မှလည်း ပြနိုင်မယ်။ ဒါပေမဲ့ ဘုရားသခင်အကြောင်းကိုတော့ ဆွာမိဂျီ ကျွန်တော့်ကို ပြောပြနိုင်ပါတယ်။ တကယ်လို့ ဆွာမိဂျီ စွမ်းဆောင်နိုင်မယ်ဆိုရင် ဒီကိစ္စနဲ့ပတ်သက်ပြီး ဆွာမိဂျီ ရိုးသားမှု ဂိုသင့်ပါတယ်"

"ကောင်းပြီ။ အဲဒီလိုဆိုရင် နက်ဖြန်ခါကျရင် ငါမင်းကို ဘုရားသခင် ပြမယ်"

"တကယ်ပဲလား"

mgyoe.com

"တကယ်မဟုတ်ဘူး။ နှစ်ကယ်။ မင်းအနေနှင့် အဆင်သင့်သာပြင်ထား"

ကျွန်ုပ်သည် အိပ်ရာမဝင်ခင်အချိန်မှန်မှန် ဘာဝနာပွားများအားထုတ်လေ့ရှိသည်။ သို့သော်လည်း ထိုညက ကျွန်ုပ်လုပ်နေကျ ဘာဝနာပွားများသည့် အလုပ်ကိုပင် မလုပ်နိုင်ပေ။ နက်ဖြန်နံနက်ကျလျှင် ကျွန်ုပ် ဘုရားသခင်ကို တွေ့မြင်ရမည်မှာ ကျိန်းသေနေသည်။ ဘာဝနာပွားများနေစရာ ဘာလိုသေးသနည်း။ ကျွန်ုပ်စိတ်လှုပ်ရှားပြီး ဂနာမငြိမ်ဖြစ်နေသဖြင့် ထိုညတစ်ညလုံး အိပ်၍မပျော်ပေ။

နောက်တစ်နေ့နံနက်အစောကြီး ကျွန်ုပ်ဆရာ ဂုရုထံ ရောက်သွားသည်။ နံနက်ရေချိုးနေကျ အလုပ်ကိုပင် မလုပ်ခဲ့ပေ။ ဆရာဂုရုက ဘုရားသခင်ပြတော့မလို လုပ်နေချိန်မှာ အဘယ်ကြောင့် ရေချိုးပြီး အချိန်ကြန့်ကြာအောင် လုပ်နေမည်နည်းဟု ကျွန်ုပ် စဉ်းစားမိလေသည်။ မျက်နှာကို လက်ဝါးဖြင့် ပွတ်ရုံပွတ်လျက် ဆံပင်ကို သပ်ပြီးလျှင် ကျွန်ုပ်ဆရာ ဂုရုရှေ့ရောက်သွားလိုက်သည်။

ဆရာဂုရုက "ထိုင်"ဟု ဆိုသည်။

"ဆရာဂုရုက ငါ့ကို ဘုရားသခင်ပြတော့မယ်"ဟု ကျွန်တော် တွေးမိလေသည်။

ကျွန်ုပ်သည် ရိုရိုကျိုးကျိုးရှိသူတစ်ယောက်မဟုတ်ပေ။ သို့ရာတွင် ထိုနေ့နံနက်က ကျွန်ုပ် ထူးထူးခြားခြား အပိုးကျိုးနေသည်။ ဆရာဂုရုရှေ့တွင် ကျွန်ုပ် အကြိမ်ကြိမ် ဦးညွှတ်လိုက်လေသည်။ ဆရာဂုရုက ကျွန်ုပ်ကိုကြည့်ပြီး "မင်း ဘယ်လိုဖြစ်နေတာလဲ။ ဘာဖြစ်လို့ အခုလို ရယ်စရာအဖြစ်မျိုး ရောက်နေတာလဲ။ ဘာဖြစ်လို့ အခုလို အရူးလိုလို၊ အနှမ်းလိုလို ပျာယာခတ်နေရတာလဲ"ဟု ပြောလေ သည်။

"ဆွာမိဂျီ မေ့သွားပြီလား။ ကျွန်တော့်ကို ဘုရားသခင်ပြမယ်လို့ ဆွာမိဂျီ ကတိပေးထားတယ်လေ"

"ကောင်းပြီ။ မင်းဘယ်လို ဘုရားသခင်မျိုးကို တွေ့ဖို့ မျှော်မှန်းထားတယ်ဆိုတာ ငါ့ကိုပြောပြစမ်း"

"ပုံစံအမျိုးမျိုး ရှိတယ် မဟုတ်လား ဆွာမိဂျီ"

"ဘုရားသခင်နှင့် ပတ်သက်ပြီး မင်းဘယ်လိုအမိပ္ပာယ်ဖွင့်ထားသလဲ။ ငါ မင်းကို မင်းမျှော်လင့်ထားတဲ့၊ မင်းအဓိပ္ပာယ်ဖွင့်ထားတဲ့ ဘုရားသခင်နဲ့ တစ်ပုံတည်းဖြစ်တဲ့ ဘုရားသခင်ကို ပြမယ်။ လူတွေအားလုံးဟာ မိမိတို့ရဲ့ စိတ်ထဲမှာ၊ မိမိတို့ရဲ့ နှလုံးထဲမှာ ဘုရားသခင်နဲ့ပတ်သက်ပြီး ခိုင်မြဲတဲ့ယုံကြည်ချက်မရှိဘဲနှင့် ဘုရားသခင်ကို ကြည့်ချင်နေကြတယ်။ တကယ်လို့ မင်း အရာဝတ္ထုတစ်ခုကို ရှာနေ တယ်ဆိုပါစို့။ အဲဒီ မင်းရှာနေတဲ့အရာဝတ္ထုနဲ့ ပတ်သက်ပြီး ခိုင်မြဲတဲ့ ယုံကြည် စိတ်ချမှုမရှိဘူးဆိုရင် အဲဒီ

mgyoe.com

mgyoe.com


အရာဝတ္ထုကို မင်းဘယ်မှာ ရှာလို့တွေ့မှာလဲ။ မင်းမြင်ရတဲ့ အရာဝတ္ထုဟာ ဘုရားသခင်လို့ ငါပြောလိုက်ရင် မင်းကျေနပ်မှာ မဟုတ်ဘူး။ မင်းအတွင်းသန္တာန်မှာ ဘုရားသခင်ရှိတယ်ဆိုရင်လည်း မင်းကျေနပ်သွားမှာ မဟုတ်ဘူး။ မင်းကို ငါဘုရားသခင် ပြရင်လည်း 'အဲဒါ ဘုရားသခင်မဟုတ်ဘူး' လို့ မင်းပြောမှာပဲ။ အဲဒီလို အခြေအနေ မျိုးမှာ မင်းအနေနှင့် ဘာလုပ်ပြနိုင်မှာလဲ။ ဘုရားသခင်နှင့် ပတ်သက်ပြီး မင်းထင်ထားတာတွေကိုပဲ ငါ့ကိုပြောပြပါ။ အဲဒီ ဘုရားသခင်ကိုပဲ ငါ မင်းကိုပြမယ်"

ကျွန်ုပ်က ပြောလိုက်သည်။

"အဲဒီလိုဆိုရင် ခဏဆိုင်းပါ။ ကျွန်တော် စဉ်းစားပါရစေဦး"

ဆရာဂုရုပြောသည်။

"မင်းစဉ်းစားဉာဏ်ထဲမှာ ဘုရားသခင်မရှိဘူး။ မင်း ဘာဝနာပွားများနေကျဖြစ်တဲ့ ကိုယ့်နေရာကိုပဲ ပြန်သွား။ မင်းအနေနှင့် အဆင်သင့်ဖြစ်ပြီဆိုတဲ့အခါကျတော့ ငါ့ကို အကြောင်းကြား။ မင်းအနေနှင့် ဘယ်လိုပုံစံ ဘုရားသခင်မျိုးကြည့်ချင်တယ်ဆိုတာကို ဆုံးဖြတ်ပြီးတဲ့အခါကျတော့ ဘယ်အချိန်မဆို ငါ့ကို လာတွေ့ပါ။ ငါ လိမ်ညာမပြောဘူး။ မင်းကို ဘုရားသခင်ပြဖို့က ငါ့တာဝန် ဖြစ်တယ်"

ဘုရားသခင်ဆိုသည်မှာ မည်သည့်အရာမျိုးဖြစ်သနည်းဟု ကျွန်ုပ် အစွမ်းကုန်စဉ်းစားဆင်ခြင်ကြည့်သည်။ သို့ရာတွင် ကျွန်ုပ်၏ စဉ်းစားဉာဏ်သည် ဘုရားသခင်၏ လူသားပုံစံကကျော်၍ မသွားပေ။ ကျွန်ုပ်၏စိတ်နှလုံးသည် ရုက္ခလောကတွင်လည်းကောင်း၊ တိရစ္ဆာန်လောကတွင်လည်းကောင်း၊ မနုဿလောကတွင်လည်းကောင်း လှည့်လည်ရှာဖွေသည်။ ထိုအခါ ပညာလည်းရှိသော၊ လှလည်း လှသော၊ ခွန်အားဗလလည်းကောင်းသော၊ တန်ခိုးသတ္တိလည်းရှိသော လူသားတစ်ဦးကို ဆင်ခြင်စဉ်းစားမိလေသည်။ "ဘုရားသခင်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်မည်"ဟူ၍ ကျွန်ုပ်တွေးမိလေသည်။ ဤတွင် ကျွန်ုပ် အဓိပ္ပာယ် မရှိသည့် လိုလားတောင်းဆိုချက်ကို ပြုလုပ်ရပါကလားဟူ၍ နားလည် သဘောပေါက်သွားပေသည်။ မိမိအနေနှင့် စိတ်နှလုံးကြည်လင်သန့်စင်မှု မရှိလျှင် ကျွန်ုပ်မည်သည့်အရာကို တွေ့ရှိနိုင်မည်နည်း။

အပြီးသတ်တွင် ကျွန်ုပ်၏ဆရာ ဂုရုသွားပြီးလျှင် "ဆွာမိဂျီ ကျွန်ုပ်တို့အား ဒုက္ခကင်းဝေးအောင် လုပ်ပေးနိုင်တဲ့၊ ကျွန်ုပ်တို့အား သုခပေးနိုင်တဲ့ ဘုရားသခင်ကိုပဲ ကျွန်တော့်ကို ပြပါတော့"ဟု ပြောလိုက်လေသည်။

ဆရာဂုရုက ပြန်ပြောသည်။

"မင်းအခုပြောတဲ့ ဘုရားသခင်ဆိုတာကတော့ တခြားမဟုတ်ဘူး။ စိတ်

mgyoe.com

mgyoe.com


ချိန်ခွင်ညှာ တစ်ဖက်စောင်းနင်းမဖြစ်ဘဲ တည့်မတ်မျှတနေခြင်းနှင့် သမာဓိရရှိနေခြင်း ဖြစ်တယ်။ အဲဒီအခြေအနေမျိုးဖြစ်အောင် ကိုယ့်ဟာကို ် လုပ်ယူရလိမ့်မယ်"

စိတ်နှလုံး ဖြူစင်သန့်ရှင်းခြင်းမရှိဘဲနှင့် ဘုရားသခင်ကို ကြည့်လိုခြင်းသက်သက်သည် အမှောင်ထဲတွင် စမ်းတဝါးဝါးသွားခြင်းနှင့် ဘာမှမထူးပေ။ လူ့စိတ်နှလုံးအတွက် သတ်မှတ်ပိုင်းခြားထားသော နယ်နိမိတ်ရှိသည်ဟူ၍လည်းကောင်း၊ ယင်းနယ်နိမိတ်ပိုင်းခြား သတ်မှတ်ချက်အရသာလျှင် သိမြင်သဘောပေါက်နိုင်သည်ဟူ၍လည်းကောင်း ကျွန်ုပ်နားလည်သွားသည်။ ဘုရားသခင်ဟူသည်မှာ မည်သည့်အရာဖြစ်သည်ဟူ၍လည်းကောင်း၊ စိတ်ထဲက သိနေသော ဘုရားသခင်ကိုလည်းကောင်း မည်သူမျှရှင်းလင်းပြောမပြနိုင်ပေ။ ဘုရားသခင်သည် အမှန်တရားဖြစ်သည်။ မေတ္တာတရား စမ်းရေကြည်ဖြစ်သည်။ ပရမတ္တတရားဖြစ်သည် သို့မဟုတ် စကြဝဠာကို သရုပ်ဖော်ပြသူဖြစ်သည်။ ယင်းသို့သာလျှင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ပြောပြနိုင်သည်။ သို့ရာတွင် ယင်းတို့မှာ ဘုရားသခင်ကို ကြည့်မြင်လိုသောဆန္ဒကို ကျေနပ်သွားအောင် ပြုနိုင်သော စိတ္တဇအတွေးများသာ ဖြစ်သည်။ ယင်းသို့ဖြစ်လျှင် မည်သည့်အရာကို မြင်တွေ့ရမည်နည်း။ ဘုရားသခင်သည် လူသားတစ်ဦးဖြစ်သည်ဟု ယုံကြည်ယူဆသူများသည် စဉ်းစားစိတ်ကူးဉာဏ်ဖြင့် အာရုံထဲတွင် တွေ့မြင်ကြရသည်။ သို့ရာတွင် အမှန်စင်စစ်မှာမူ မံသစက္ခုဖြင့် ဘုရားသခင်ကို မတွေ့မြင်နိုင်ပေ။ စစ်မှန်သော မိမိ၏အတ္တကိုလည်းကောင်း ထို့နောက် အားလုံး၏အတ္တကိုလည်းကောင်း၊ သိမြင်သဘောပေါက်ခြင်းအားဖြင့်သာလျှင် ဘုရားသခင်ကို သိမြင်သဘောပေါက်နိုင်ပေသည်။

ထို့ကြောင့် တပည့်တပန်းတစ်ဦးဦးသည် "ငါဘုရားသခင်ကို ကြည့်ချင်သည်။ ငါ့ဆရာက ငါ့ကို ဘုရားသခင်မပြ။ ငါလိုသောအရာကို ငါ့ဆရာက မပေး" ဟူသော အယူအဆမျိုးရှိသည်ဆိုလျှင် ထိုတပည့်သည် ယင်းကိစ္စမှာ ဆရာ၏တာဝန်မဟုတ်ဟူ၍ နောက်ဆုံး သဘောပေါက်လာရလိမ့်မည်။ အဓိပ္ပာယ်မရှိသော လိုလားတောင်းဆိုခြင်းကို ပြုလုပ်နေသည်ဆိုသည့် အကြောင်းကို သိမြင်နားလည် လာအောင် လုပ်ရမည်။ ဆရာသမားထံမှ တောင်းဆိုနေမည့်အစား မိမိ၏အတွင်းသန္တာန်သို့ အာရုံပြောင်းပစ်ရမည်။

ဘုရားသခင်သည် အတွင်းသန္တာန်၌ရှိသည်။ မိမိ၏အတွင်းသန္တာန် ရှိသော အရာသည် မိမိကိုယ်တိုင် နားလည်သဘောပေါက်အောင်လုပ်ရသည့်အရာ ဖြစ်သည်။ မည်သူမှ မည်သူ့ကို ဘုရားသခင်မပြနိုင်ပေ။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် မိမိ၏

mgyoe.com

mgyoe.com


စစ်မှန်သောအတ္တကို လွတ်လပ်စွာ နားလည်သဘောပေါက်အောင် လုပ်ရမည်။ ထိုမှတစ်ဆင့် ဘုရားသခင်ဟုခေါ်သော အားလုံး၏အတ္တကို နားလည်သဘောပေါက်လာလိမ့်မည်။ မောဟဖုံးလွှမ်းနေသော အခြေအနေ၌ တပည့်ယောဂီသည် ဘုရားသခင်ဟူသည်မှာ ပုဂ္ဂိုလ်တစ်စုံတစ်ဦး ဖြစ်သည်ဟု ထင်မှတ်ပြီးလျှင် ပြင်ပကမ္ဘာလောက၌ မိမိမြင်တွေ့ရသော ပုဂ္ဂိုလ်တစ်စုံတစ်ဦးနှင့် တစ်ပုံစံတည်း ဖြစ်သော ထိုပုဂ္ဂိုလ်ကို တွေ့မြင်လိုသည့်ဆန္ဒ ရှိသည်။ မည်သည့်အခါမှ ယင်းသို့ မဖြစ်နိုင်ပေ။ သို့ရာတွင် ဘုရားသခင်သည် အမှန်တရားဖြစ်သည် ဟူ၍လည်းကောင်း၊ အမှန်တရားကို ကာယကံ၊ ဝစီကံဖြင့် ကျင့်သုံးဆောက်တည်လျှင်သော်လည်းကောင်း၊ ဘုရားသခင်၏သဘာဝနှင့် ပတ်သက်သော ထိုပုဂ္ဂိုလ်၏မောဟသည် ကွာကျသွားပြီးလျှင် မိမိကိုယ်မိမိ သိမြင်သဘောပေါက်ခြင်း ဖြစ်ပေါ်လာပေလိမ့်မည်။

❖

mgyoe.com

mgyoe.com

# ခန္ဓာကိုယ်အပြောင်းအလဲ

အာသံပြည်နယ်ရှိ ဗြိတိသျှစစ်တပ်၊ တပ်ရင်းတစ်ရင်းမှ ဗြိတိသျှလူမျိုးတပ်ရင်းမှူး တစ်ယောက်သည် သူ့အလွန်လေးစားသော ကျွန်ုပ်ဆရာအရှင်၏ ညွှန်ကြားချက် အောက်တွင် ယောဂအကျင့်စီးဖြန်းအားထုတ်သူဖြစ်သည်။ ဗြိတိသျှတပ်မှူးသည် ရိုရှိကေရှမှ မိုင် ၄၀ အကွာအဝေးတွင် ရှိသော ရိုကီအမည်ရှိနေရာ၌ ၁၉၃၈ ခုနှစ်တွင် ကျွန်ုပ်၏ဆရာအရှင်နှင့် စတွေ့သည်။ အိန္ဒိလူမျိုး စစ်အရာရှိများထဲကတစ်ယောက် သည် ကျွန်ုပ်၏ဆရာအရှင်နှင့်ပတ်သက်ပြီး ချီးကျူးစကား ပြောကြားသည်ဖြစ်၍ ဗြိတိသျှလူမျိုးတပ်ရင်းမှူးသည် ဂင်္ဂါမြစ်ကမ်းပါး၌ရှိသော ကျွန်ုပ်ဆရာအရှင်ကို တွေ့ရန် အိန္ဒိယစစ်အရာရှိနှင့် လိုက်ပါလာခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ဗြိတိသျှတပ်ရင်းမှူးသည် ကျွန်ုပ်၏ဆရာအရှင်ထံသို့ မကြာ ခဏလာလေ့ရှိပြီး ကျွန်ုပ်၏ ဆရာအရှင်နှင့် နေလိုသောကြောင့် စစ်တပ်က အငြိမ်းစား ယူရန်ပင် စိတ်ကူးနေသည်။

ဗြိတိသျှစစ်အရာရှိသည် ကျွန်ုပ်နှင့်လည်း ခင်မင်ရင်းနှီးသွားသည်ဖြစ်၍ အာသံပြည်နယ်သို့ အလည်လာရန် ကျွန်ုပ်ကို ဖိတ်မန္တက ပြုသည်။ သို့ရာတွင် ကျွန်ုပ် သည် မြို့ပြများသို့ အလည်အပတ်သွားရောက်ခြင်းထက် တောင်ပေါ်၌သာ နေရသည် ကို ပိုမိုနှစ်သက်သည်။

၁၆ နှစ်သားအရွယ်၌ ကျွန်ုပ်သည် နာဂတောင်၌နေသော ဗိုသိဗာဗာ အမည်ရှိ

mgyoe.com

mgyoe.com


ထူးထူးခြားခြား အဘိုးအိုတစ်ယောက်နှင့် တွေ့သည်။ ဗိုသိဇာဇာသည် အာသံပြည်နယ် သို့အသွား မြို့နှင့်၅မိုင် ၆မိုင်အကွာတွင်ရှိသော ဂုပ္ပတကာရှိ လိုဏ်ဂူထဲတွင်နေသည်။ ကျွန်ုပ်၏ဆရာအရှင်ကို တွေ့ရန်အတွက် ခရီးတစ်ထောက် ခေတ္တနားသည်။ ယင်း အဘိုးအိုသည် ပိန်ပိန်သေးသေးဖြစ်သည်။ ဆံပင်နှင့်မုတ်ဆိတ်ဖြူနေပြီး အဝတ်ဖြူ ကိုလည်းဝတ်ထားသည်။ သူ့ကိုယ်သူ သယ်ဆောင်သွားသည်မှာ အလွန်တရာပင် သွက်လက်ဖျတ်လတ်သည်။ သူ့ကိုကြည့်ရသည်မှာ ဖြောင့်တန်းနေသော ဝါးလုံးတစ် ချောင်းနှင့်တူသည်။

အဘိုးအိုသည် ကျွန်ုပ်၏ဆရာအရှင်ထံ မကြာခဏသွားပြီး အဆင့်မြင့်ယောဂ ကျင့်စဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးသည်။ အဘိုးအိုသည် ကျွန်ုပ်၏ဆရာအရှင် အား ကိုယ်ခန္ဓာအပြောင်းအလဲနှင့် ပတ်သက်ပြီး ထပ်ခါထပ်ခါ ပြောကြားသည်ကို တွေ့ရသည်။ ထိုအချိန်က ကျွန်ုပ်၏အရွယ်မှာ ငယ်သေးသောကြောင့် 'ပရကာယပရ ဗေရှ' ခေါ် ထူးခြားသည့် ယောဂအလေ့အကျင့်ကို နားလည်နိုင်စွမ်းမရှိပေ။ 'ပရ ကာယ ပရဗေရှ'၏အဓိပ္ပာယ်မှာ သူတစ်ပါးတို့၏ကိုယ်အတွင်းဝင်ရောက်ခြင်းဟု ဆိုလိုသည်။ မည်သူကမှလည်း ယင်းယောဂအကျင့်နှင့် ပတ်သက်ပြီး ကျွန်ုပ်ကို အသေအချာပြောပြ ခြင်း မရှိပေ။

ဆယ်ရက်လောက်ကြာသွားသောအခါ အဘိုးအိုနှင့်အတူ ကျွန်ုပ်သည် အာသံပြည်နယ်သို့လိုက်သွားသည်။ မီးရထားဖြင့် အာသံပြည်နယ်သို့ သွားပြီး 'ပရကာ ယာမ' နှင့် 'ယောဂ' အကျင့်အချိန်မှန်မှန် ကျင့်ကြံအားထုတ်နေသော ဗြိတိသျှတပ်ရင်း မှူးထံသွားရန် ခရီးတစ်ထောက်နားကြသည်။ တခြားစစ်အရာရှိများသည် သူတို့၏ တပ်မှူးအကြောင်းကို သိရှိနားလည်ခြင်းမရှိကြပေ။ သူတို့၏တပ်မှူးသည် ဆန်းဆန်း ပြားပြားအလုပ်များကို ပြုလုပ်နေသည်ဟူ၍လည်းကောင်း၊ ထူးခြားသောအလေ့အကျင့် တစ်မျိုးကို လေ့ကျင့်ပြုလုပ်နေသည်ဟူ၍ လည်းကောင်း၊ ထင်မှတ်နေကြသည်။ ယင်း တပ်ရင်းမှူး၏လက်အောက်တွင် အမှုထမ်းနေသော အိန္ဒိယဗိုလ်မှူးတစ်ယောက်က ကျွန်ုပ်ကို တပ်ရင်းမှူးကြီးအကြောင်းကို ပြောပြသည်။ တပ်မှူးကြီးက ကျုပ်ကိုကုလား ထိုင်ယူလာဖို့ပြောပြီး ကုလားထိုင်ပေါ်မှာ ထိုင်မယ်။ အဲဒီနောက် သူ့အောက်မှာရှိတဲ့ ကုလားထိုင်ကို တခြားဆွဲယူသွားလို့ ပြောလိမ့်မယ်။ သူ့အောက်က ကုလားထိုင်ကို ဆွဲယူသွားပေမယ့် သူကတော့ ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့အတိုင်း မရွေ့မရှားဘဲ ထိုင်နေလိမ့်မယ်။

တပ်မှူးကြီးသည် သူ၏ ရုံးခန်းထဲတွင် အောက်က ခုံတစ်ခုခု ခံမထားဘဲ

mgyoe.com

mgyoe.com

ကုလားထိုင်ပေါ်မှာ ထိုင်နေသည့်အတိုင်း ထိုင်နေလိမ့်မည်။ တပ်မှူးကြီးနှင့်အတူ အချိန်ကြာမြင့်စွာနေလာခဲ့သော တခြားဗိုလ်မှူးတစ်ယောက်ကလည်း "လွန်ခဲ့သော သုံးနှစ်က ယောဂီဖြစ်လာတဲ့ အချိန်ကစပြီး တပ်မှူးကြီး၏ သဘောသဘာဝ အမြဲမပြတ် ပြောင်းလဲလာသည်" ဟူ၍ ပြောရင်း "တပ်မှူးကြီး ဘယ်တော့မှ ဒေါသထွက်တာ မတွေ့ရတော့ဘူး၊ သူတစ်ပါးအပေါ်မှာ သက်ညှာထောက်ထားမှု ရှိလာပြီး ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံခြင်းမရှိတော့ဘဲ သိမ်သိမ်မွေ့မွေ့သာ ဆက်ဆံတယ်" ဟု အသိပေးသည်။

သုရာမေရိယ သိက္ခာပုဒ်ထိန်းသိမ်းသူတစ်ဦးလည်းဖြစ်လာသော တပ်မှူးကြီးသည် ဟိန္ဒီဘာသာစကားကိုလည်း ကောင်းကောင်းနားလည်သည်။ ကရစ်ဘာသာကိုလည်း လေ့လာအားထုတ်နေသည်။ တပ်မှူးကြီးနှင့်အတူ နေထိုင်စဉ် ကျွန်ုပ်နှင့်အတူပါလာသော ဗိုသီဗာဗာသည် ၉ ရက်အတောအတွင်း သူတခြား ကိုယ်ခန္ဓာအသွင်ပြောင်းတော့မည် ဆိုသည့်အကြောင်း တပ်မှူးကြီးအား ပြောပြသည်ကို ကြားရသည်။

မကြာမီရက်အတွင်း ဗိုသီဗာဗာနှင့် ကျွန်ုပ်သည် တပ်စခန်းမှ ထွက်ခွာလာပြီး နာဂတောင်တန်းသို့ သွားကြသည်။ ခြင်များ၊ မြွေများ၊ ကျားနှင့်ဆင် အပါအဝင် သားရဲတိရစ္ဆာန်များ ပေါများသောကြောင့် ယင်းဒေသတွင် အရေအတွက်အနည်းငယ်မျှလောက်သော ယောဂီများသာနေကြသည်။ ကျွန်ုပ်တို့နေသော လိုဏ်ဂူသည် ကွယ်လွန်သူ နိဂမာနန္ဒဆွာမိနေသွားသော လိုဏ်ဂူဖြစ်သည်။ နိဂမာနန္ဒဆွာမိသည် သူ့အတွေ့အကြုံနှင့်ပတ်သက်သည့် စာအုပ် ၃ အုပ် ရေးသွားသော ဆွာမိဖြစ်သည်။ ကျွန်ုပ်အတွက် အလွန်ကျေးဇူးများသော စာအုပ်များ ဖြစ်သည်။ ထိုအချိန်အတွင်း ကျွန်ုပ်တို့သည် အတူတကွနေကြသည်။ ကျွန်ုပ်တို့ နှစ်ဦးသည် မကြာခဏလေးနက်သော အကြောင်းအရာများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားကြသည်။ ထိုအချိန်၌ ကျွန်ုပ်သည် မိမိ၏ ကြွက်သား(မာဆယ်) များမာကျောနေအောင် အလေ့အကျင့်လုပ်နေသည့်အချိန်ဖြစ်သည်။ ကျွန်ုပ်က "ကျုပ် ကြွက်သားတွေ သိပ်မာကြောတယ်" ဟု ပြောလိုက်သောအခါ ဗိုသီဗာဗာက "ဆွာမိလေး ကြွက်သားမာမမာ မကြာခင် စမ်းကြည့်ရမယ်" ဟုပြောလိုက်သည်။

❖

mgyoe.com

mgyoe.com

# ခန္ဓာဝန်စွန့်နည်း

မိတ်ဆွေနှစ်ယောက်နှင့် အတူနေသော ကျွန်ုပ်သည် ဂံဂုတ္တရီမှ ဗဒရီနတ်သို့ ခရီး ထွက်ခွာသွားသည်။ အချိန်မှာ ဇူလိုင်လဖြစ်၍ မိုးတိမ်များခရီးဖြန့်ကြသော ရာသီဥတုဖြစ်သည်။ ကျွန်ုပ်တို့သည် ကျဉ်းမြောင်းပြီးကွေ့ပတ်သွားရသော လမ်းကို သွားနေကြရသည်။ ယင်းလမ်းမှာ ယောဂီအချို့နှင့် သူတော်စင်အချို့သာသိသော သွားနေကျလမ်းမဟုတ်ပေ။ ဂံဂုတ္တရီမှ ဗဒရီနတ်သို့သွားသော ယင်းလမ်းမှာ ၂၅ မိုင်ရှိသည်ဖြစ်၍ ၄ ရက်ကြာမျှ ခရီးသွားနေရသည်။ ယင်းလမ်းထက်ရှည်လျားသော သွားနေကျလမ်းအတိုင်းသွားမည်ဆိုလျှင် ၄ ရက်မျှမက ရက်ပေါင်းများစွာ သွားရပေလိမ့်မည်။ ပေ ၁၂၀၀၀ အမြင့်၌ရှိသော ရေခဲဖုံးလွှမ်းခြုံထားသည့် တောင်ထွတ်ကို ဖြတ်သွားစဉ် မိမိယခင်က တစ်ခါမှ မကြုံဖူးသော ရက်စက်ကြမ်းကြုတ်သည်ဟုထင်ရသော်လည်း ဟိမဝန္တာ၏ သဘာဝအလှကို တွေ့မြင်နေရသည်။

ကျွန်ုပ်တို့သည် ဂံဂုတ္တရီမှ ၉ မိုင်အဝေး၌ တစ်ညနားကြသည်။ ယင်းနေရာမှ ကြည့်လျှင် ဂင်္ဂါမြစ်ကမ်းတစ်ဖက်တွင် ဘောဇဗသနေရာကို တွေ့မြင်ရသည်။ ယင်းနေရာ၌ ကျမ်းစာများကို ရေးသားရန်အတွက် အသုံးပြုသော အခေါက်များရှိသည့် သစ်ပင်များပေါက်နေကြသည်။ နောက်တစ်နေ့နံနက် ဂေါမုခ (ဂင်္ဂါမြစ်၏ မြစ်ဖျားခံရာ) သို့ ယင်းလူသိ မများသော သွားနေကျမဟုတ်သည့် လမ်းအတိုင်းတောင်တန်းများကို ဖြတ်လျက် ဗဒရီနတ်သို့ထွက်ခွာမသွားခင် ဂင်္ဂါမြစ်တစ်ဖက်ကမ်း၌နေသော မဒရပ်ပြည်နယ်မှ ဆွာမိရွှယ်ရွှယ်တစ်ယောက် ကျွန်ုပ်တို့ကို လာတွေ့သည်။ အိန္ဒိယတောင်ပိုင်း၌

mgyoe.com

mgyoe.com


ပြောဆိုကြသော တမိလ်ဘာသာ စကားကို ပြောသူဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့နှင့် စကားပြောသောအခါ မတတ်တတတ် ဟိန္ဒီစကားဖြင့်ပြောသည်။ ထိုဆွာမိသည် ဟိမဝန္တာ၌နေသော ပညာတတ်ဆွာမိတစ်ပါးဖြစ်သော တပေါဒနံဂျီထံတွင် အချိန်ကြာမြင့်စွာ ပညာသင်ကြားခဲ့သူဖြစ်သည်။ ကျွန်ုပ်တို့လေးဦးသည် ဂင်္ဂါမြစ်စီးဆင်းနေသော ရေခဲ တောင်၏အောက်ခြေ၌ ဂေါမုခသို့ ခရီးဆက်လက်သွားနေကြသည်။ ကျွန်ုပ်တို့ထံတွင် ရွက်ဖျင်တဲအသေးစားနှင့် စားစရာဘီစကစ်မုန့်၊ ပေါက်ပေါက်များပါလာသည်။ ဂေါမုခတွင် ဟန်ဆဂျီအမည်ရှိဆွာမိတစ်ပါးကို တွေ့ရပြီး ယင်းဆွာမိသည် ကျွန်ုပ်တို့နှင့် အတူ လာပေါင်းသည်။ ယင်းနေရာမှ လွန်သွားသောအခါ ယောဂီသို့မဟုတ် ဆွာမိတစ်ဦးတစ်ယောက်မျှမရှိပေ။ ဟန်ဆဂျီသည် နွေဥတုရောက်လာသည့်အခါတိုင်း ထိုနေရာသို့ လာရောက်နေထိုင်သည်။ ထိုဆွာမိသည် ယခင်က ရေတပ်အရာရှိတစ်ဦးဖြစ်သည်။ သဘော်သားဘဝကို စိတ်ပျက်ငြီးငွေ့လာသည်ဖြစ်၍ ဟိမဝန္တာတောင်၌နေကြသော ယောဂီများနှင့် သူတော်စင်များကို လာရောက်ရှာခဲ့သူဖြစ်သည်။ သုံးဆယ့်ငါးနှစ်အရွယ်မျှသာ ရှိသေးသော ထိုလူငယ်သည် ရသေ့သူတော်စင်ဖြစ်လာပြီး သူ၏ ငြိမ်သက်အေးချမ်းသော၊ နူးညံ့သော၊ ကြည်ညိုဖွယ်ကောင်းသော သဘောသဘာဝကြောင့် ထိုနေရာ၌ လူသိများလာသူဖြစ်သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ဟန်ဆဂျီကို နှုတ်ဆက်ပြီး ရှေ့ခရီးဆက်သွားကြသည်။ အမှန်က ဟန်ဆဂျီသည် ယင်းသွားနေကျမဟုတ်သောလမ်းက ဗဒရီနတ်သို့ စွန့်စားသော ကျွန်ုပ်တို့နှင့် လိုက်ပါလိုသောဆန္ဒမရှိပေ။ ကျွန်ုပ်တို့သည် ထိုနေ့၌ ပေ၁၆၀၀၀ အမြင့်တွင် စခန်းချပြီး နောက်တစ်နေ့တွင် ပေ ၁၈၀၀၀ အမြင့်၌ စခန်းချကြသည်။ လေရှူကိရိယာမပါလာဘဲနှင့် ခရီးသွားရသည်မှာ အခက်အခဲအကျပ်အတည်းတွေ့နေရသည်။ ထိုမျှလောက် မြင့်သောနေရာ၌ လေသည် ပါးပါးကလေးသာတိုက်သည်။ သုံးရက်ကြာမျှ ကျွန်ုပ်တို့ ခရီးသွားနေသည်မှာ ကမ္ဘာ၏အမိုးပေါ်ကနေရာတွင် လျှောက်သွားနေရသည်နှင့် တူနေသည်။ ထိုနေရာမှာ မှိတ်တုတ်မှိတ်တုတ်နှင့်တောက်နေသော ကြယ်များရှိသည်။ ကြည်လင်သန့်စင်သော ကောင်းကင်ပြာကိုတွေ့မြင်ရနေသည်။ ကျွန်ုပ်တို့၏ ရွက်ဖျင်တဲမှာ အလွန်တရာသေးငယ်သည်။ အနွေးထည်နှင့် ကိုယ်ငွေ့၏ အကူအညီဖြင့် အေးလည်းအေး လေကလည်းတိုက်၊ ဆီးနှင်းများလည်းကျနေသော ယင်း ရက်စက်ကြမ်းကြုတ်သည့်ညကို အသက်မဝတဝ ရှူပြီး ကုန်ဆုံးကျော်လွန်သွားအောင် ကြိုးစားနေရသည်။ ညဥ့်နက်သန်းခေါင်အချိန်ရောက်သောအခါ လမ်းခရီး၌ ကျွန်ုပ်တို့နှင့်လာပေါင်းသော ဆွာမိ ငယ်ငယ်ရွယ်ရွယ်

mgyoe.com

mgyoe.com

တစ်ပါးသည် ယင်းဟိမဝန္တာတောင်ထိပ်၌ ခန္ဓာဝန်စွန့်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ယင်းသို့ ဆုံးဖြတ်ခြင်းမှာ စိတ်ပျက်အားလျော့သွားသည့်အတွက်ကြောင့် မဟုတ်ပေ။ လူ့လောကတွင် သူနေရသည့်အချိန်ကုန်ဆုံးသွားပြီဟု သိရသည့်အတွက်ကြောင့် ဖြစ်သည်။ ဆီးနှင်းအလွန်တရာထူထပ်သောနေရာ၌ ဝတ်ထားသောအဝတ်ကို တဖြည်းဖြည်းချွတ်လိုက်မည်ဆိုလျှင် ကိုယ်ခန္ဓာတစ်ခုလုံး နာကျင်ကိုက်ခဲခြင်းမရှိဘဲ ဆုံးသွားသည့် အခြေအနေမျိုး ရောက်ရှိလာနိုင်သည်။

ဆီးနှင်းတရကြမ်းကျနေသော ဟိမဝန္တာတောင်ထိပ်၌ ရောက်နေသူတစ်ဦးသည် ကိုယ်ခန္ဓာထုံထိုင်းလာတတ်သည်မှာ အမှန်ပင် ဖြစ်သည်။ ကျမ်းစာအမျိုးမျိုး၌ ရေးထားသော အထောက်အထားများအရ လည်းကောင်း၊ သူတော်စင်များ ပြောကြားချက်အရလည်းကောင်း၊ ဟိမဝန္တာတောင်ထိပ် တက်ကြသော အနောက်တိုင်းရင်းသားတောင်တက်များ ရေးသားချက်အရလည်းကောင်း ယင်းအချက်ကို ကျွန်ုပ်သိနေခြင်းဖြစ်သည်။ သို့ရာတွင် ယောဂအကျင့် ကျင့်ကြံအားထုတ်သောနည်းဖြင့်လည်း ခန္ဓာဝန်ကို စွန့်လွှတ်၍ရသည်။ သမာဓိရအောင် ယောဂအကျင့်ကျင့်ကြံအားထုတ်နေစဉ် မိမိကိုယ်ခန္ဓာကို ထုံသွားအောင် သေွးခဲသွားအောင် ပြုလုပ်ခြင်းသည် အသက်ဇီဝိန်ချုပ်သွားရန်အတွက် ဟိမဝန္တာယောဂီ တချို့ ပြုလုပ်လေ့ရှိသော အစဉ်အလာနည်း တစ်နည်းဖြစ်သည်။ သမာဓိ ဟူသော ဝေါဟာရစကားလုံးသည် စိတ်တည်ငြိမ်မှု အမြင့်ဆုံး အဆင့်ရောက်ရှိရန်အတွက် ပတဉ္စလီယောဂနည်း၌ အသုံးပြုသော ဝေါဟာရစကားလုံးဖြစ်သည်။ သို့ရာတွင် ဟိမဝန္တာ ဓလေ့ထုံးစံအရ ခန္ဓာဝန်ကို အသိစိတ်နှင့် စွန့်လွှတ်ရန်အတွက် အသုံးပြုကြသော နည်း အမျိုးမျိုးကိုလည်း သမာဓိဟုခေါ်သည်။ ယောဂီအချို့နှင့် သူတော်စင်အချို့သည် ယင်းဝေါဟာရစကားလုံးကို မဟာသမာဓိ (ခန္ဓာဝန်ကို စွန့်လွှတ်ခြင်း) ဟူသော အနက်အဓိပ္ပာယ်မျိုးဖြင့် သုံးနှုန်းကြသည်။

ကျွန်ုပ်တို့သည် ယင်းလုလင်ဆွာမိကို ထိုနေရာ၌ တစ်ဦးတည်း ထားမပစ်ခဲ့လိုသောကြောင့် မိမိတို့နှင့် အတူလိုက်ခဲ့ရန် နားချကြသည်။ သို့ရာတွင် တမိလ်စကားကောင်းကောင်း မပြောတတ်သောကြောင့် ကျွန်ုပ်တို့သည် သူ့ကို နားလည်သဘောပေါက်အောင်မပြောနိုင်ကြပေ။ ကျွန်ုပ်တို့သည် ညွှန်ကြားခြင်းနှင့် နားချခြင်းသည် အရာမရောက်ဖြစ်နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ၏ကိုယ်ခန္ဓာကို ဒေဝတို့၏နယ်မြေ၌ ထားပစ်ခဲ့ဖို့ ဆုံးဖြတ်ပြီးလျှင် ထိုနေရာ၌ သူ့ကို ထားပစ်ခဲ့ပြီး ဆက်လက်ထွက်ခွာသွားကြရာ နှစ်ရက်ကြာသောအခါ ဗဒရီနတ်သို့ ရောက်သွားကြသည်။ မဟာဘာရတထဲက အဓိကဇာတ်ဆောင်တစ်ဦးဖြစ် သော ယုဓိဋ္ဌိရသည်လည်း သူ၏နောက်ဆုံးနေ့

mgyoe.com

mgyoe.com


များ၌ ဟိမဝန္တာသို့ သွားရောက်ခဲ့ သည်။ နတ်ဒေဝတာများနှင့် တွေ့ဆုံရန်သွားတော့မည်ဟု သူ၏ကြင်ယာဇနီးအား ပြောကြားပြီးလျှင် သူ၏နောက်ဆုံးနေရာသို့ သွားသည်။

ခန္ဓာဝန်ကိုစွန့်သော ယင်းနည်းလမ်းသည် ရှေးရှေးက ပုဂ္ဂိုလ်ပေါင်းများစွာ လိုလိုလားလား လက်ခံလာခဲ့ကြသော နည်းလမ်းတစ်ခု ဖြစ်သည်။ ဇလသမာဓိဟု ခေါ်သော နည်းလမ်းတစ်လမ်းရှိသည်။ ယင်းနည်းလမ်းကို ဟိမဝန္တာရှိမြစ်များ၏ ရေနက်ထဲတွင် အသက်ရှူရပ်ပြီး ပြုလုပ်ကြသည်။ ယောဂီများအသုံးပြုသော သေနည်းများသည် စနစ်လည်းကျသည်။ နာကျင်ခံစားခြင်းလည်းမရှိပေ။ သတိလည်း လစ်မသွားပေ။ ယင်းသေနည်းများသည် အနောက်နိုင်ငံများ၌ကား အဆန်းသဖွယ်ဖြစ်နေနိုင်သော်လည်း ဟိမဝန္တာ၌မူ အဆန်းမဟုတ်ပေ။ ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းမျိုးနှင့်လည်း မတူပေ။ ဉာဏ်အလင်းရရှိဖို့အတွက် အသုံးပြုစရာ ကိရိယာတန်ဆာပလာအဖြစ် အသုံးပြု၍ မရတော့သော ကိုယ်ခန္ဓာကို စွန့်လွှတ်လိုက်သောနည်းဖြစ်သည်။ ယင်းကဲ့သို့သော ကိုယ်ခန္ဓာကို ဝန်ထုပ်ဝန်ပိုး သို့မဟုတ် အနှောင့်အယှက်အဟန့်အတားအဖြစ် စဉ်းစားကြသည်။ ယင်းဝန်ထုပ်ဝန်ပိုး သို့မဟုတ် အနှောင့်အယှက်အဟန့်အတားသည် သေမျိုးဖြစ်သူ တစ်ဦးတစ်ယောက်အတွက် အမှန်တရားဆီသို့ လျှောက်သွားသော လမ်းခရီးကို ပိတ်ပင်တားဆီးနိုင်သည်။ အဆင့်မြင့်နည်းလမ်းကို နားမလည်သော မိမိတို့၏ ယောဂအကျင့်ကို စိတ်ချယုံကြည်မှုမရှိသော ပုဂ္ဂိုလ်များသည် သာလျှင် ယောဂနည်းထက် နိမ့်ကျသော ရိုးရိုးသေနည်းများကို ပြုကျင့်နိုင်ကြသည်။

ခန္ဓာဝန်စွန့်သော အခြားရှားရှားပါးပါးနည်းတစ်နည်းရှိသေးသည်။ အကြောစုအကြောထုံးကို အာရုံပြုလျက် ယောဂအကျင့် ကျင့်ကြံအားထုတ်ခြင်းအားဖြင့် အတွင်းသန္တာန်ထဲက မီးလုံးသည် စက္ကန့်အတောအတွင်း၌ပင် ကိုယ်ခန္ဓာကို လောင်ကျွမ်းသွားပြီးလျှင် အင်္ဂါအစိတ်အပိုင်းအားလုံး ပြာဖြစ်သွားသည်။ ယင်းနည်းလမ်းများသည် ကတောပါနိသျှဒ်၌ မရဏမင်းယာမက သူ့တပည့် နစိကေတကိုပေးသော နည်းဖြစ်သည်။ ကမ္ဘာပေါ်၌ ရှောင်တခင်မီးထတောက်ပြီး လောင်ကျွမ်းသွားသော အဖြစ်အပျက်များကို မကြာခဏ ကြားရသည်။ ယင်းအဖြစ်အပျက်များကို လူတွေအံ့သြကြသည်။ သို့ရာတွင် မဟာကလနိမိစသောရှေးဟောင်း ကျမ်းစာများ၌ ယင်းနည်းလမ်းမျိုးကို စနစ်တကျ ရှင်းလင်းပြောပြထားသည်။

ဟိမဝန္တာ၌ရှိသော ယောဂီများ၊ ရသေ့များ၏အလိုအရ ဇာတိနှင့် မရဏသည် ဘဝ၌ ဘာမှမပြောပလောက်သော အဖြစ်အပျက် နှစ်ခုဖြစ်သည်။ ခေတ်လူများသည်

mgyoe.com

mgyoe.com

ဇာတိ၏လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန်အတွက် အစွမ်းကုန် ကြိုးစားအားထုတ်ကြသည်။ ယင်းကဲ့သို့ ကြိုးစားအားထုတ်ကြပြီးလျှင် ယခုအခါ၌ ယင်း ပျော်ရွှင်စရာအဖြစ်အပျက်အတွက် ပြုလုပ်နိုင်သည့်အခြေအနေသို့ ရောက်ရှိလာကြသည်။ သို့ရာတွင် ဘဝ၏နောက်ကွယ်၌ရှိသော ဒဿနအမှတ်ကို မသိနားမလည်ကြသည့်အတွက် သေနည်းကို မသိမမြင်ဘဲ ဖြစ်နေကြပြီး မိမိတို့ကိုယ်တိုင် သေဖို့အတွက် မပြင်ဆင်နိုင်ဖြစ်နေကြခြင်း ဖြစ်သည်။ မရဏတရားသည် ယောဂီတစ်ဦးတစ်ယောက်အတွက် ကိုယ်ခန္ဓာ၏ အလေ့အကျင့်တစ်ခုဖြစ်သည့်အပြင် တိုးတက်မှုရှိလာသည့် အစုအစဉ်၌ အခြား အပြောင်းအလဲများနှင့်တူသော အပြောင်းအလဲတစ်ခုဖြစ်သည်။ ခေတ်လူများသည် ယင်းအလေ့အကျင့်ကို လက်ခံကျင့်သုံးကြမည်ဆိုလျှင် အသက်အရွယ်အိုမင်းရင့်ရော်လာပြီး ပတ်ဝန်းကျင်၏ အသိအမှတ်ပြုမခံရဘဲ သီးခြားနေရသည့်အခါမျိုး၌ ဝမ်းနည်းပက်လက် သည်လောက်ဖြစ်စရာမလိုတော့ပေ။ ခေတ်သစ်လူများသည် မရဏဟုခေါ်သည့် အကြောက်တရားမှ ကင်းလွတ်မှုရရှိစေနိုင်သော နေရာနှင့်နည်းလမ်းများဆီသို့ ရောက်အောင် အဘယ်ကြောင့် မသွားကြသနည်းဟု ကျွန်ုပ် စဉ်းစားနေမိသည်။ အနောက်နိုင်ငံများ၌ ယင်းအကြောင်းအရာနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ လုံလုံလောက်လောက် ရှိသော်လည်း အဖြေတစ်ခုရှာနေကြတုန်းပင် ရှိသေးသည်။ သို့ပင်ဖြစ်စေကာမူ ယင်းအကြောင်းအရာနှင့် ပတ်သက်ပြီး လူတို့သည် စကားပြောစပြုလာကြပြီ။ သို့သော်လည်း မည်သည့်စာအုပ်ကမှ သေ၍ ရသော နည်းလမ်းများကို ရှင်းလင်းပြောကြခြင်း မရှိကြပေ။ ဘာသာတရားလည်း မဟုတ်သော၊ ယဉ်ကျေးမှုလည်းမဟုတ်သော ယောဂစာပေနှင့် ယောဂအလေ့အကျင့်သည် သိပ္ပံနည်းနှင့်လည်း အစမ်းအသပ်ခံနိုင်ပြီး သေမည့်ဆဲဆဲ ဒုက္ခကြုံနေကြရသော လူများစိတ်သက်သာမှု ရရှိလာစေရန် စွမ်းဆောင်နိုင်ပေလိမ့်မည်။

❖

mgyoe.com

mgyoe.com

# ဂါထာမန္တရား

မန္တြသို့မဟုတ် မန္တန်သည် ဘာဝနာ၏ နက်ရှိုင်းသော အခြေအနေ၌ မဟာယောဂီတို့ တွေ့မြင်သိရှိသည့် အက္ခရာစာလုံး ဖြစ်သည်။ အသံဖြစ်သည်။ စကားလုံးတစ်စုံ ဖြစ်သည်။ လူသားပြောဆိုသော ဘာသာစကား မဟုတ်ပေ။ အဆင့်မြင့် အသိစိတ်မှ ရရှိသော ယင်းအသံများသည် ရှာမှီးသူအား ပရိပုဏ္ဏ တုဏှိဘာဝသို့ ရောက်သည့် အထိ မြင့်သည်ထက်မြင့်သောအဆင့်ကို ခေါ်ဆောင်သွားကြသည်။ သတိတရား တိုးတက်ကြီးမားလာလေလေ မန္တန်သည် အနက်အဓိပ္ပာယ်အသစ်ကို ဖော်ထုတ် လေလေ ဖြစ်သည်။ မန္တန်သည် ပုဂ္ဂိုလ်တစ်စုံတစ်ဦးအား အသိစိတ်၏ မြင့်မား ကြီးကျယ်သောပမာဏကို သိအောင်ပြုလုပ်သည်။ ဈေးကွက်၌ မန္တန်များကို ရောင်း ချခြင်းအားဖြင့် မြင့်မြတ်သော အစဉ်အလာကို ကိုယ်ကျိုးကိုယ်စီးပွားအတွက် အသုံး ချခြင်းသည် မသင့်လျော်မရှိပေ။

မန္တန်သည် အမြွေး၊ အဖတ်၊ အထပ်အလွှာ များစွာရှိသော လူနှင့် ချွတ်စွပ်တူသည်။ ယင်းအမြွေး၊ အဖတ်၊ အထပ်အလွှာများကား ခက်မာသော၊ နူးညံ့ သိမ်မွေ့သော ပို၍နူးညံ့သိမ်မွေ့သောအမြွေး၊ အဖတ်၊ အထပ်အလွှာများဖြစ်သည်။ သာဓကအားဖြင့် 'ဦး' ကိုကြည့်ပါ။ ယင်းစာသုံးလုံး၊ စကားသုံးလုံးသည် အခြေအနေ သုံးရပ် (နိုးကြားခြင်း၊ အိပ်မက်မက်ခြင်း၊ အိပ်ပျော်ခြင်း) ကို ကိုယ်စားပြုနေသည်။ သို့ရာတွင် မန္တန်၏ စတုတ္ထအခြေအနေ သို့မဟုတ် အမွန်မြတ်ဆုံးသော ကိုယ်ထည်

mgyoe.com

mgyoe.com


သည် ပုံသဏ္ဍာန်မဲ့ဖြစ်သည်။ အသံမဲ့ဖြစ်သည်။ အနက်အဓိပ္ပာယ်ဖွင့်၍ မရသော အရာဖြစ်သည်။ ယောဂီပုဂ္ဂိုလ်တစ်ဦးသည် အကယ်၍ လယယောဂ (စစ်ယူခြင်း)၏ အစုအစဉ်ကို သိရှိနားလည်လျှင် မန္တန်၏ပုံသဏ္ဍာန်မဲ့ ကိုယ်ထည်နှင့် အဆင့်မြင့် အသိစိတ်ကို သိရှိနားလည်နိုင်သည်။ မန္တန်သည် ကြီးမားသော အားအစွမ်းနှင့် ပြည့်စုံသည်။ မရှိမဖြစ်၊ မလုပ်မဖြစ်သော အရာဖြစ်သည်။ ဆုတောင်းခြင်း၏ ပဋိညာဉ်စာချုပ် ဖြစ်သည်။ အမြဲမပြတ် သတိရနေလျှင် မန္တန်သည် လမ်းညွှန်ဖြစ်လာနိုင်သည်။

မိမိတွင် ရှိနေပြီးဖြစ်သော မန္တန်များထက်သာသော မန္တန်များကို ရရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ကျွန်ုပ်သည် ပစ္စည်းဝတ္ထုများကို စုဆောင်းနေသည့် လူများကဲ့သို့ မန္တန်များကို စုဆောင်းလေ့ရှိသည်။ တစ်ခါတစ်ရံ ကျွန်ုပ်သည် မိမိကိုယ်ကိုယ် အခြား ယောဂီများနှင့် နှိုင်းယှဉ်ကြည့်ပြီးလျှင် 'မိမိ၏ မန္တန်က သူတို့၏မန္တန်ထက်သာသည်' ဟု တွေးတောမိတတ်သည်။ ကျွန်ုပ်သည် မနူးမနပ် မရင့်ကျက်သောသူတစ်ယောက်ဖြစ်သည်။ ယင်းသည် မန္တန်နှင့်ပတ်သက်၍ မိမိကိုယ်မိမိ အထင်ကြီးခြင်းအား စိတ်ပိုင်းဆိုင်ရာ ဦးနှောက်ချောင်ခြင်း ဟူ၍ ကျွန်ုပ် အမည်တပ်သည်။

ဥတ္တရကာရှီနှင့် မာရဆိလ် အကြားရှိ ဟိမဝန္တာ၌ ဓာတစာကျင့်နေသော ဆွာမိ တစ်ပါးရှိသည်။ ကျွန်ုပ်သည် သူနှင့် တွေ့ရအောင် သွားသည်။ သူ့ထံ ကျွန်ုပ်ရောက်သွားသောအခါ သူက "ဘာကိစ္စရှိလို့လဲ" ဟုမေးသည်။

ကျွန်ုပ်သည် "မန္တန်ရလိုတဲ့အတွက် လာတာပါ"ဟု ပြောလိုက်သည်။

ထိုအခါ ဆွာမိက"စောင့်ရလိမ့်မယ်" ဟုပြန်ပြောသည်။

အနောက်နိုင်ငံသားတို့သည် ပုဂ္ဂိုလ်တစ်ဦးဦးထံ မန္တန်ရလိုသည့်အတွက် ချဉ်းကပ်ကြသောအခါ ငွေကြေးအမြောက်အမြား အသုံးပြုရန် အဆင်သင့်ရှိနေကြသည်။ သို့ရာတွင် အချိန်မစောင့်နိုင်ကြပေ။ ကျွန်ုပ်လည်း ထိုနည်းအတူပင်ဖြစ်သည်။ "ဆွာမိ ကျွန်ုပ် အရေးတကြီးကိစ္စရှိနေလို့ပါ" ဟုပြောလိုက်လေသည်။

"ဒီလိုဆိုရင် နောက်နှစ်ကျမှ လာခဲ့"

"ဒီမှာနေပြီး ဘယ်နှစ်ရက်လောက်စောင့်ရမှာလဲ"

"ငါစောင့်စေချင်သလောက် စောင့်ရမယ်"

ကျွန်ုပ် သည်းခံပြီး စောင့်ဆိုင်းနေသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်။ သို့သော်လည်း ဆွာမိဂျီသည် ကျွန်ုပ်ကို မန္တန်မပေးသေးပေ။ စတုတ္ထနေ့ရောက်လာသော အခါ ဆွာမိဂျီက ပြောသည်။

"ငါမင်းကို မန္တန်တစ်ပုဒ်ပေးမယ်၊ ဒါပေမဲ့ အဲဒီမန္တန်ကို အချိန်ရှိနေသရွေ့

mgyoe.com

mgyoe.com

သတိရနေပါမယ်လို့ ကတိပေးရလိမ့်မယ်"

ကျွန်ုပ်ကတိပေးလိုက်သည်။

ဆွာမိဂျီက "ကောင်းပြီ၊ဂင်္ဂါမြစ်ကို သွားကြမယ်" ဟုပြောလေသည်။ မရေမတွက်နိုင်သော တပသီများသည် မြင့်မြတ်သော ဂင်္ဂါဆိပ်ကမ်း၌ တရားအကျင့်ကျင့်ကြံအားထုတ်ကြပြီးလျှင် သိက္ခာတင်ကြသည်။

မြစ်ကမ်းဘေး၌ ရပ်လျက် "ကျွန်ုပ်သည် ဤမန္တန်ကို သတိရနေမည်ဟု ကတိပေးပါ၏" ဟူ၍ ကျွန်ုပ်ပြောလိုက်သည်။ ယင်းကတိစကားကို ကျွန်ုပ်သည် အကြိမ်များစွာ ထပ်ခါထပ်ခါရွတ်သည်။ သို့ရာတွင် ဆွာမိဂျီသည် နှောင့်နှေးတုန်းပင် ရှိသေးသည်။

နောက်ဆုံးကျမှ ဆွာမိဂျီကပြောသည်။

"မင်း ဘယ်နေရာမှာနေနေ စိတ်ရွှင်လန်းချမ်းမြေ့စွာနေရမယ်၊ အဲဒါ မန္တန်ပဲ၊ တရားသူကြီးရှေ့က ဝက်ခြံထဲရောက်နေရောက်နေ၊ ဘယ်အချိန်မဆို ရွှင်လန်းချမ်းမြေ့စွာနေပါ။ ဘယ်နေရာရောက်နေရောက်နေ ငရဲလိုနေရာမျိုး ရောက်နေရောက်နေ နတ်ပြည်ဖြစ်အောင် ဖန်တီးပါ။ ရွှင်လန်းချမ်းမြေ့ခြင်းဟာ မိမိရဲ့ ကိုယ်ပိုင်ကြိုးပမ်း အားထုတ်မှုဆိုတဲ့အကြောင်း ဘယ်တော့မှ မမေ့နှင့်။ ရွှင်လန်းချမ်းမြေ့မှုအတွက် မိမိကိုယ်တိုင်ရဲ့ ကြိုးပမ်းအားထုတ်မှုလိုတယ်။ မိမိအတွက် ရွှင်လန်းချမ်းမြေ့မှုကို မိမိကိုယ်တိုင် ဖန်တီးပြုလုပ်ရမယ်။ အဲဒါ ငါရဲ့ မန္တန်ဖြစ်တယ်ဆိုတဲ့အကြောင်း ဘယ်တော့မှ မမေ့နှင့်"

ကျွန်ုပ်သည် ဝမ်းသာဝမ်းနည်းဖြစ်မိသည်။ ထပ်ခါထပ်ခါ ရွတ်ဖတ်သရဇ္ဈာယ်ရမည့် ထူးခြားသော မန္တန်၊ ထူးခြားသောအသံကို ပေးလိမ့်မည်ဟု မျှော်လင့်ထားသည့်အတွက်ကြောင့် ဖြစ်လေသည်။ သို့သော်လည်း ဆာမိဂျီသည် ပို၍ လက်တွေ့ကျသော ပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်ုပ်သည် ယင်း'မန္တန်'ကို မိမိဘဝ၌ အသုံးချကြည့်သည်။ မည်သည့်နေရာ၌မဆို အောင်မြင်သည်ကို တွေ့ရသည်။ သူ၏စိတ်ပိုင်းဆိုင်ရာ ဆေးညွှန်းသည် သမားတော်များ၏အကောင်းဆုံး ဆေးညွှန်းနှင့်တူသည်။ မိမိကိုယ်ကိုယ်ကုစားရန်အတွက် တကယ်မှန်ကန်သည့် သော့ဖြစ်သည်။

အမတခေါ်သော မန္တန်တစ်မျိုးရှိသည်။ ယင်းမန္တန်သည် ဝိသေသဖြစ်သော တပသီတို့၏ မန္တန်ဖြစ်သည်။ အမတမန္တန်ကို ယင်းတပသီများကသာ ပေးလေ့ ပေးထရှိသည်။ ယင်းမန္တန်နှင့်ပတ်သက်သော အတွေ့အကြုံတစ်ခုကို ကျွန်ုပ် ပြောပြလိုသည်။

တစ်ခါတုန်းက ရိရှိကေရှ်မှ စီးဆင်းလာသော မြစ်တစ်ဖက်ကမ်းပါးရှိ တဲငယ်တစ်ခုတွင် နေထိုင်သော ဆွာမိတစ်ပါးရှိသည်။ ထိုနေရာသို့ ရောက်ရှိရန်အတွက် ယိမ်းထိုးနေသော ကြိုးတံတားပေါ်မှ ဂင်္ဂါမြစ်ကို ဖြတ်ကူးရသည်။ ထိုအချိန်က ရိရှိ

mgyoe.com

mgyoe.com


ကောရှ်သည် လူနေမထူထပ်သေးပေ။ တောဆင်ရိုင်းတို့သည် ညဥ့်အချိန်ရောက်လာကြပြီး ကျွန်ုပ်တို့တဲများ၏ နံရံနှင့် အမိုးများမှ ကောက်ရိုးများကို စားကြသည်။ တဲအတွင်း၌ ကျွန်ုပ်တို့ထိုင်နေစဉ် တောဆင်ရိုင်းများသည် အကောင်သုံးဆယ်၊ လေးဆယ်ခန့် အုပ်ဖွဲ့လာကြပြီးလျှင် တစ်ခါတစ်ရံ တဲတစ်ဝက်လောက်ကို စားပစ်ကြလေသည်။ ကျားများလည်း လှည့်လည်သွားလာနေကြသည်။ တကယ့်ကမ္ဘာဦးခေတ်ကလို ဖြစ်နေသည်။

ဆရာဂုရု၏ ညွှန်ကြားချက်အရ ကျွန်ုပ်သည် ဂင်္ဂါမြစ်ကို ဖြတ်လျက် ထိုဆွာမိထံ သွားရောက်နေထိုင်သည်။ နံနက်စောစောအချိန်၌ ဆွာမိဂျီသည် ဂင်္ဂါမြစ်ထဲကို သွားပြီး ရေချိုးလေ့ရှိသည်။ ကျွန်ုပ်လည်းသူနဲ့အတူ လိုက်ပါသွားလေ့ရှိသည်။ မိမိရောက်ရှိနေသည့် နေရာ၏ဓလေ့ထုံးစံအတိုင်း လိုက်နာကျင့်သုံးရသည်မှာ မိမိတို့အတွက် အလေ့အထဖြစ်နေသည်။ ရေမိုးချိုးပြီးသောအခါ ကျွန်ုပ်တို့သည် သစ်ပင်တစ်ပင်မှ တစ်ခက်ချိုးပြီးလျှင် သစ်ခက်၏ထိပ်ကို ဖွာအောင်ပြုလုပ်လျက် တံပူအဖြစ်ဖြင့် သွားတိုက်ကြသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ ကျွန်ုပ်တို့ ၏နေ့စဉ်အလုပ်ဖြစ်သည်။ ဆွာမိဂျီ၏တပည့်သည် သစ်ပင်မြင့်မြင့်တစ်ပင် တက်ပြီး တံပူလုပ်ရန် သစ်ကိုင်းချိုးလေ့ရှိသည်။

တစ်နေ့သောအခါ ဆွာမိဂျီကိုယ်တိုင် သစ်ပင်ပေါ်သွားခနဲ တက်သွားသည်။ ယခင်က သူကိုယ်တိုင် သစ်ပင်ပေါ်တက်လေ့ မရှိပေ။ သို့ရာတွင် ထိုတစ်ကြိမ်၌ကား သူ ကျွန်ုပ်ကို တစ်ခုခုလုပ်ပြချင်နေသည်။ ဂုရုဂျီ အသက် ၇၀ ကျော်နေပြီ။ သို့သော်လည်း သစ်ပင်ပေါ် ပေါ့ပေါ့ပါးပါးကလေးတက်သွားသည်။ ထိုသစ်ပင်ပေါ်၌ ပျားအုံကြီးတစ်အုံရှိသည်။ သို့သော်လည်း ဆွာမိဂျီသည် ထိုပျားအုံကို ရှောင်ကွင်းမသွားပေ။ ရှောင်ကွင်းမသွားသည့်အပြင် ပျားအုံရှိသည့် သစ်ကိုင်းသို့ တက်သွားပြီး ပျားများကို တွတ်တွတ်တွတ်တွတ်နှင့် စကားပြောနေသည်။ သစ်ပင်အောက်က ကျွန်ုပ်က "ဆွာမိဂျီ၊ ပျားအုံကို သွားမဆွပါနှင့်" ဟု အော်ပြောလိုက်လေသည်။ 'ပျားအုံကို ဆွာမိဂျီသွားတို့လျှင် ပျားတွေက ငါ့ကိုလည်း ချမ်းသာပေးမှာ မဟုတ်ဘူး' ဟု တွေးမိသည့်အတွက်ကြောင့် ဖြစ်သည်။ ပျားများမှာ အကောင်ကြီးကြီးများဖြစ်၍ အလွန်ကြောက်စရာကောင်းသည်။ မည်မျှ ကြောက်စရာကောင်းသနည်းဆိုလျှင် ပျားဆယ်ကောင်၊ အကောင်နှစ်ဆယ်၊ အတုပ်ခံရလျှင် အသက်ရှင်ဖို့ရန်ပင် မလွယ်ပေ။

ဆွာမိဂျီသည် ပျားအုံနားက အကိုင်းတစ်ကိုင်းကို ချိုးလိုက်သည်။ သို့သော်လည်း ပျားများသည် တုတ်တုတ်မျှပင် မလှုပ်ကြပေ။ ဆေးမသိရန်မခဘဲ ပြန်ဆင်းလာပြီးလျှင် ဆွာမိဂျီက "ကဲ... မင်း ကိုယ့်အတွက် ကိုယ်ကိုယ်တိုင် သစ်ခက်တစ်ခက်

mgyoe.com

mgyoe.com


တက်ချိုးပါ"ဟု ပြောလေသည်။

ကျွန်ုပ်က "ကျွန်ုပ်အတွက် မလိုပါဘူး။ သစ်ခက်မရရင်လည်း နေလို့ရပါတယ်"ဟု ပြန်ပြောလိုက်လေသည်။ ထို့နောက် ကျွန်ုပ်က ဆက်ပြောသည်။

"ဆွာမိဂျီ၊ ကျွန်ုပ်ကို သစ်ပင်ပေါ်တက်စေချင်ရင် ဆွာမိဂျီကို အကာအကွယ်ပေးတဲ့ မန္တန် ကျွန်ုပ်ကို အရင်ပြောပြပါ"

ထိုအချိန်က ကျွန်ုပ်သည် မန္တန်ရူး ရူးနေသူဖြစ်သည်။ လူများကို အစွမ်းပြလိုသည်ဖြစ်၍ သူ့မန္တန်ကို ရွတ်တတ်ချင်နေသည်။

ကျွန်ုပ်သစ်ပင်ပေါ်တက်လျှင် မန္တန်သင်ပေးမည်ဟု ဆွာမိဂျီက ပြောသည်ဖြစ်၍ ကျွန်ုပ် ပျားအုံရှိသည့် သစ်ကိုင်းရောက်အောင် တက်သွားသည်။

ဆွာမိဂျီကလည်း ပြောသည်။

"ပျားအုံ အနီးကပ်သွားပြီး ပျားတွေနှင့် မျက်နှာချင်းဆိုင် စကားပြောပါ။ 'ယခု ငါ မင်းတို့အနား ရောက်နေပြီ။ ဒါပေမဲ့ ငါ မင်းတို့ကို ရန်မမူဘူး။ မင်းတို့ကလည်း ငါ့ကို ရန်မမူကြနှင့်'လို့ ပျားတွေကို ပြော"

ကျွန်ုပ်က ဆွာမိဂျီကို ပြောလိုက်သည်။

"အဲဒါ မန္တန်မှ မဟုတ်ဘဲ"

"ငါပြောသလိုသာ ပျားတွေကို ပြောပါ။ ပျားတွေ ကြားရုံလောက် တိုးတိုးကလေးပြောကြည့်"

"သူတို့က ဟိန္ဒီစကား ဘယ်နားလည်ပါ့မလဲ"

"နှလုံးသားနဲ့ပြောတဲ့ ဘာသာစကားကိုနားလည်တဲ့အတွက် ဘာသာစကားအားလုံးကို သူတို့ နားလည်ကြတယ်။ မင်း သူတို့ကို စကားပြောကြည့်ပါလား"

ကျွန်ုပ်သည် သူများပြောတိုင်း ယုံသူမဟုတ်ပေ။ သို့ရာတွင် သူပြောသည့်အတိုင်း လုပ်ကြည့်လိုက်လေသည်။ ထိုအခါ ပျားများ ကျွန်ုပ်ကို ရန်ပြုသည်ကို မတွေ့ရ၍ ကျွန်ုပ် အလွန်တရာ အံ့သြသွားလေသည်။ ကျွန်ုပ်က ဆွာမိဂျီအား

"ဆွာမိဂျီ၊ ပျားတွေက ယဉ်နေကြတယ်ထင်တယ်"

ဟု ပြောလေသည်။

ဆွာမိဂျီက ရယ်ပြီး ပြန်ပြောသည်။

"အဲဒီ မန္တန်ကို ဘယ်သူ့ကိုမှ မဖြန့်ဖြူးနှင့်၊ ဘာဖြစ်လို့လဲဆိုရင် အဲဒီမန္တန်ဟာ မင်းတစ်ယောက်အတွက်သာ အလုပ်လုပ်မှာ ဖြစ်တယ်။ မင်းကို ငါ ပြောတာဘယ်တော့မှ မမေ့နဲ့"

mgyoe.com

mgyoe.com


နောက်ပိုင်းအချိန်များ၌ လူနေအိမ်ခြေထူထပ် ပေါများသော နေရာများသို့ လှည့်လည်သွားလာသောအခါ ကျွန်ုပ်သည် ထုံးစံအတိုင်း မြို့အပြင်ဘက် ခြံဥယျာဉ် တစ်ခုခု၌ နေထိုင်လေ့ရှိသည်။ ထိုအခါ ကျွန်ုပ်နှင့်တွေ့ဆုံရန် လူပေါင်းများစွာ လာရောက်ကြသည်။ ရင့်ကျက်မှုမရှိသေးသော လူငယ်အရွယ်မျှသာ ရှိသေးသည့် ကျွန်ုပ်သည် ခြေဖျားထောက်ချင်သည်။ ကင်းမြီးကောက် ထောင်ပြချင်နေသည်။ ထို့ကြောင့် သစ်ပင်ပေါ်တက်ပြီးလျှင် ပျားတစ်ကောင်မှ အတုပ်မခံရဘဲနှင့် ပျားလဘို့က ပျားရည်ယူပြလေ့ရှိသည်။ ကျွန်ုပ်၏အစွမ်းသည် လူပေါင်းများတို့အား အံ့သြငေးမောစေခဲ့သည်။

ပန်ဂျပ်ပြည်နယ် ဘီဗာနီတွင်ရှိစဉ်က ကျွန်ုပ်နှင့် အကျွမ်းဝင်သော ပန်းထိမ်ဆရာတစ်ယောက်သည် ကျွန်ုပ်အား ထိုမန္တန်များကို တောင်းသည်။

ယင်းမန္တန်သည် ကျွန်ုပ်မှတစ်ပါး အခြားလူများအတွက် အလုပ်လုပ်လိမ့်မည် မဟုတ်ဟူသော ဆွာမိဂျီ၏ သတိပေးချက်ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီးလျှင် ကျွန်ုပ်သည် ထိုပန်းထိမ်ဆရာအား ပျားများကို စကားပြောနည်း သင်ပေးလိုက်လေသည်။ ပန်းထိမ်ဆရာသည် ပျားအုံရှိသည့် သစ်ပင်ပေါ်တက်ပြီးလျှင် ထိုမန္တန်ကို အခေါက်ခေါက် ရွတ်ဆိုသည်။ သို့သော်လည်း မန္တန်က အလုပ်မလုပ်ပေ။ ရာပေါင်းများစွာသော ပျားများသည် ပန်းထိမ်ဆရာအား တစ်ပြိုင်တည်း ဝိုင်းတုပ်ကြသည်။ ပန်းထိမ်ဆရာ သစ်ပင်ပေါ်မှ လိမ့်ကျသည်ဖြစ်၍ ကျွန်ုပ်တို့သည် ပန်းထိမ်ဆရာအား အလျင်အမြန် ဆေးရုံတင်လိုက်ကြရသည်။ ပန်းထိမ်ဆရာသည် ဆေးရုံတွင် သုံးရက်တိတိ မေ့မြောနေလေသည်။ ကျွန်ုပ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးလျှင် "သနားစရာ သူ့ခမျာ ငါ့လက်ချက်နှင့် အသက်ထွက်ရတော့မှာပါကလား" ဟု ပူပန်ကြောင့်ကြဖြစ်နေမိလေသည်။ သူ အသက်ချမ်းသာရပါစေ ဟူ၍လည်း ကျွန်ုပ် အဆက်မပြတ်ဆုတောင်းနေသည်။

တတိယနေ့ရောက်သောအခါ ကျွန်ုပ်အား မန္တန်ပေးသော ဆွာမိဂျီ ဆေးရုံပေါ်ပေါက်ချလာသည်ဖြစ်၍ ကျွန်ုပ် အကြီးအကျယ် အံ့အားသင့်သွားသည်။ ဆွာမိဂျီက ကျွန်ုပ်ကို ပြောသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ။ ကြွားချင်ဝါချင်တဲ့စိတ်ကြောင့် မင်း လူတစ်ယောက်ကို သတ်လိုက်သလို ဖြစ်သွားပါပကော။ မင်းအတွက် နောက်ဆုံး သင်ခန်းစာဖြစ်ပါစေ။ ဒီလူ နက်ဖြန်ခါ မနက်ကျရင် ပြန်ကောင်းလာပါလိမ့်မယ်။ ဒါပေမဲ့ မန္တန်ရဲ့ တန်ခိုးသတ္တိကိုတော့ မင်းဆီက ငါ ပြန်ယူရလိမ့်မယ်။ မင်း ဒီမန္တန်ကို ဘယ်တော့မှ အသုံးချလို့ မရတော့ဘူး"

mgyoe.com

mgyoe.com


ထိုအချိန်မှစ၍ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် သတိထားပြီးနေလာခဲ့လေသည်။

တစ်ခါတစ်ရံ ကြီးမြတ်သော ပုဂ္ဂိုလ်များ၏ စကားသည် ဂါထာမန္တန်တစ်ခု၏ အကျိုးသက်ရောက်မှုမျိုးကို ဖြစ်ပေါ်စေနိုင်သည်။ မည်သည့်အခါမဆို ကြီးမြတ်သော ပုဂ္ဂိုလ်တစ်ဦးဦး စကားပြောလျှင် ယင်းစကားကို ဂါထာမန္တန်ကဲ့သို့ မှတ်သားနာယူပြီးလျှင် လက်တွေ့ကျင့်သုံးသင့်ပေသည်။

❖

mgyoe.com

mgyoe.com

# ဂါထာမန္တရားကို အလွဲသုံးစားပြုခြင်း

မည်သူ့ကိုမျှ လာခွင့်မပြုဘဲ သွားလမ်းလာလမ်း ပိတ်ထားသော ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ပေပုရပိုက်များရှိသည်။ ကျောင်းထိုင်ဘုန်းကြီးမှတစ်ပါး အခြား မည်သူမျှ ယင်းပေပုရပိုက်များကို ဖတ်ခွင့်မရှိပေ။ ပယောဂသျှတ္တရကျမ်းဂန်ဟု ခေါ်သော ယင်းပေရပိုက်များ၌ အဆင့်မြင့်တရားကျင့်ကြံအားထုတ်နည်းများကို ရေးသားဖော်ပြထားသည်။

ကျွန်ုပ်၏ ဆရာ ဂုရုက "အဲဒီပေပုရပိုက်တွေကို မင်း ဖတ်ဖို့ မကြိုးစားနှင့်" ဟု ကျွန်ုပ်ကို ပြောလေ့ရှိသည်။ သို့ရာတွင် ကျွန်ုပ်သည် ခေါင်းမာသူတစ်ဦးဖြစ်၍ မဖတ်ရဘူးဟု ပိတ်ပင်တားမြစ်ထားသည့် ယင်းပေပုရပိုက်များကို ဖတ်ကြည့်လိုသည့် အာသာဆန္ဒ ပြင်းပြနေသည်။ ကျွန်ုပ်သည် အသက် ၁၈ နှစ်အရွယ် အကြောက်အလန့်ကင်းသူတစ်ယောက်ဖြစ်သည်။ သို့သော်လည်း တာဝန်မဲ့ လုပ်တတ်သည်။

"ငါ အတောင်အလက်စုံနေပြီ။ ယင်းပေပုရပိုက်များကို မည်သူ့ကိုမျှ ဖတ်ခွင့်မပြုဘူးဆိုလျှင် ဘာကြောင့်ရေးသားထားခဲ့သနည်း။ ယင်းပေပုရပိုက်များကို ငါ မဖြစ်ဖြစ်သည့်နည်းဖြင့် လေ့လာဖတ်ရှုရအောင် လုပ်မည်။ ငါ၏ ဆရာဂုရုသည် တန်ခိုးအစွမ်းနှင့် ပြည့်စုံသူဖြစ်သည်။ ငါတစ်ခုခုမှားသွားလျှင် သူ ငါ့ကို မကာကွယ်ဘဲ နေမည်မဟုတ်" ဟူ၍ စိတ်ကူးမိလေသည်။

ကျွန်ုပ်၏ ဆရာဂုရုသည် ယင်းပေပုရပိုက်များထဲက ပေပုရပိုက်တစ်ခုကို နေရာတစ်နေရာသို့ ခရီးထွက်ခွာအသွားတွင် သူအသုံးပြုရန်အတွက် ကျွန်ုပ်အား

mgyoe.com

mgyoe.com


သယ်ယူလာခိုင်းသည်။ "အဲဒီ ပေပုရပိုက်ကို ယောင်လို့တောင် ဖွင့်မကြည့်နှင့်" ဟူ၍ ဆရာဂုရုက ကျွန်ုပ်ကို အထပ်ထပ်မှာကြားထားသည်။ ကျွန်ုပ်မရိုးမရွဖြစ်နေ သည်။ ယင်းပေပုရပိုက်များတွင် ဘာများရေးသားထားသနည်းဟု သိချင်လွန်းအား ကြီးနေသည်ဖြစ်၍ "ငါ့ကို ပေးအပ်ထားတဲ့ ဒီပေပုရပိုက်ကို လူလစ်တဲ့အခါ ငါ ဖွင့်ဖတ်မည်"ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

တစ်ညနေတွင် ကျွန်ုပ်တို့သည် ဂင်္ဂါမြစ်ကမ်းပါးရှိ တဲကလေးတစ်တဲတွင် စခန်းချနေကြသည်။ ကျွန်ုပ်၏ ဆရာဂုရုသည် တဲအတွင်း၌ လှဲလျောင်းနေသည်။ "ပေပုရပိုက်ကို ဖတ်ရှုလေ့လာဖို့ အခွင့်ပေါ်ပြီ"ဟု ကျွန်ုပ်တွေးမိသည်။ တဲကလေး တွင် ပြတင်းပေါက်များ မရှိပေ။ သိရအောင် ငါ တစ်ညလုံးဖတ်ကြည့်မည်ဟု စိတ်ကူးကြည့်လိုက်သည်။ လသာသောညဖြစ်၍ လရောင်အောက်၌ ပေပုရပိုက်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဖတ်၍ရနိုင်သည်။ ပေပုရပိုက်ကို အဝတ်ဖြင့်ထုပ်ပြီး ကြိုးနှင့် စည်းထားသည်။ ပေပုရပိုက်ထုပ်ကို ဖွင့်ပြီး ဖတ်ကြည့်လိုက်လေသည်။ ပေပုရပိုက် ထဲတွင် ယောဂအကျင့်အချို့နှင့် ယင်းအကျင့်များ၏အကျိုးအာနိသင်များကို ရေးသားဖော်ပြထားသည်။

တစ်နာရီလောက် ဖတ်ကြည့်ပြီးသောအခါ "ဒီယောဂအကျင့်ကို ငါ ဘာဖြစ်လို့ စမ်းသပ်ကျင့်မကြည့်ရမှာနည်း" ဟု တွေးမိလေသည်။ ပေပုရပိုက်များကို ဘေးချထားလိုက်လေသည်။ ပေပုရပိုက်ထဲတွင် "ဝါရင့်သမ္ဘာရင့် ယောဂီများသာလျှင် ယင်းယောဂကျင့်နည်းကို ကျင့်ကြံအားထုတ်သင့်၏။ စနစ်တကျ မကျင့်သုံးတတ်ပါက အလွန်အန္တရာယ်များ၏ "ဟု ရေးသားထားသည်။ ယင်းလုလင်အရွယ်၌ ဝါရင့်ယောဂီတစ်ယောက်ဖြစ်နေပြီဟု ကိုယ့်ကိုယ်ကိုယ် စဉ်းစားပြီးလျှင် ကျွန်ုပ်သည် ယင်းယောဂအကျင့်ကို စတင်အားထုတ်ကြည့်လေသည်။ ယင်းယောဂအကျင့်၌ အထူးမန္တန်တစ်ခုကို ဓလေ့ထုံးတမ်းနှင့် လျော်ညီစွာ ထပ်ခါထပ်ခါ ရွတ်ဆိုရသည့် ကဏ္ဍတစ်ခု ပါဝင်သည်။ ယင်းမန္တန်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အတွင်းနှင့်အပြင် တန်ခိုးစွမ်းအားကို နှိုးဆော်ထားသည့်မန္တန်ဖြစ်သည်။

ယင်းမန္တန်ကို အခေါက်ပေါင်းတစ်ထောင်နှင့် တစ်ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ရမည်ဟု ပေပုရပိုက်တွင် ရေးသားထားသည်။ ကျွန်ုပ်အခေါက်ပေါင်း ကိုးရာတိတိ ရွတ်ဆိုလိုက်သည်။ သို့ရာတွင် ဘာမျှဖြစ်မလာသလို ထင်နေရသည်။ ဘာမှ အကျိုးအာနိသင် ဖြစ်လာမှာမဟုတ်ပါဘူးဟု ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်သည်။ သို့ရာတွင် အခေါက်ပေါင်း ကိုးရာနှင့် လေးဆယ် ရွတ်ဆိုပြီးသောအခါ မိမိအပါး၌ မိန်းမကြီးကြီး

mgyoe.com

mgyoe.com


မားမားကြီးတစ်ယောက် ရောက်လာသည်ကို တွေ့ရသည်။ ထိုမိန်းမကြီးသည် ထင်းခြောက်ကိုင်းများကို စုပြီး မီးဖိုသည်။ ထို့နောက် ရေအိုးကြီးတစ်ခုထဲတွင် ရေထည့်ပြီး ရေနွေးဆူအောင် မီးဖိုထဲတွင် ကျိုသည်။ ထိုအချိန်၌ ကျွန်ုပ်သည် မန္တန်ကိုးရာနှင့် ခြောက်ဆယ့်သုံးကြိမ် ရွတ်ပြီးလေပြီ။ နောက်ဆုံးအကြိမ် ကျွန်ုပ် ရေတွက်ထားသည်မှာ ကိုးရာခုနစ်ဆယ်မြောက်အကြိမ် ဖြစ်သည်။ ထို့နောက် ရေတွက်ဖို့ မေ့သွားသည်။ အကြောင်းမူကား ထိုနေရာမှာပင် ယောကျ်ားကြီးကြီးမားမားကြီးတစ်ယောက် လာနေသည့်အတွက်ကြောင့် ဖြစ်သည်။ ပထမတွင် "ဤယောကျ်ားကြီးသည် မန္တန်၏တန်ခိုးအာနိသင် ဖြစ်ရမည်။ ငါသူ့ကိုမကြည့်ဘူး။ တစ်ထောင်နှင့် တစ်ခေါက်ပြည့် အောင်ရွတ် မည်" ဟု ကျွန်ုပ် စိတ်ကူးထားသည်။ သို့သော်လည်း ထိုယောကျ်ားကြီးသည် ကျွန်ုပ်ထံ ချဉ်းကပ်လာသည်။ ထိုမျှ တုတ်ခိုင်ကြီးမားသော ယောကျ်ားကြီးမျိုးကို ယခင်က မတွေ့ဖူးပေ။ စိတ်ကူးထဲတွင်ပင် ထည့်မကြည့်ခဲ့ဖူးပေ။ ယောကျ်ားကြီးမှာ အဝတ်မပါ ဗလာကိုယ်တည်း ဖြစ်သည်။

ယောကျ်ားကြီးက မိန်းမကြီးကို မေးလိုက်သည်။

"ငါ့ဖို့ ဘာချက်ထားသလဲ"

မိန်းမကြီးက ပြန်ပြောသည်။

"ဘာမှ မချက်ရသေးဘူး။ ချက်စရာ တစ်ခုခုပေးပါလား၊ ကျွန်မ ချက်ပေးမှာပေါ့"

ယောကျ်ားကြီးက ကျွန်ုပ်ဘက် လက်ညှိုးညွှန်ပြီး ပြောလိုက်လေသည်။

"ဟိုမှာ ထိုင်နေတဲ့သူကို မတွေ့ဘူးလား။ သူ့ကို အတုံးအတစ် ခုတ်ထစ်ပြီး ဘာဖြစ်လို့ မချက်သလဲ"

ယောကျ်ားကြီး၏ လှမ်းပြောလိုက်သည်ကို ကြားရသောအခါ ကျွန်ုပ် ခေါင်းနားပန်းကြီးသွားပြီး စိပ်နေသောပုတီး လက်ထဲကလွတ်ကျသွားသည်။ ကျွန်ုပ် မူးဝေသွားပြီးလျှင် ဘယ်လောက် အချိန်ကြာကြာသတိမေ့နေသည်ဆိုသည်ကို မသိပေ။ ကျွန်ုပ် သတိပြန်ရလာသောအခါ ကျွန်ုပ်ရှေ့တွင် ကျွန်ုပ်၏ဆရာဂုရု ရပ်နေသည်ကို တွေ့ရလေ သည်။ ဆရာဂုရုက ကျွန်ုပ်၏ပါးကို တစ်ချက်လှမ်းပုတ်ပြီးလျှင် "ဟေ့.... ထလေ" ဟု ပြောလေသည်။ ကျွန်ုပ်သတိပြန်ရလာပြီး "ဟိုလူကြီး ကျွန်ုပ်ကို အတုံးတုံး အတစ်တစ် ခုတ်ထစ်တော့မယ်" ဟု အော်ပြောလျက် တစ်ဖန်သတိမေ့သွားပြန်လေသည်။ သုံးကြိမ် လေးကြိမ် ယင်းသို့ ထပ်ခါထပ်ခါဖြစ်နေသည်မှာ ဆရာဂုရုက ကျွန်ုပ်ကို ခြေထောက်ဖြင့် ကန်ပစ်လိုက်သည်အထိ ဖြစ်လေသည်။ ဆရာဂုရုက စိတ်မရှည်

mgyoe.com

mgyoe.com


နိုင်တော့သည့် အမူအရာဖြင့်" ဟော့…ထ၊ ခုချက်ချင်းထ။ မင်းဘာဖြစ်လို့ အခုလိုလုပ်ရတာလဲ။ ဒီမန္တန်တွေကို အလေ့အကျင့် မလုပ်ရဘူးလို့ ငါ မင်းကို ပြောထားတယ်မဟုတ်လား။ မင်းငါ့ကို ဒုက္ခတော်တော်ပေးတယ်။ မင်းတော်တော်ဆိုးတဲ့ အကောင်ပဲ" ဟု ပြောလေ သည်။

ယင်းအတွေ့အကြုံအရ ကျွန်ုပ်သည် မန္တန်၏တန်ခိုးသတ္တိအကြောင်းကို နားလည်သဘောပေါက်သွားလေသည်။ ဆရာဂုရုပေးသော မန္တန်ကို အလေ့အကျင့်လုပ်ပြီးလျှင် ယင်းမန္တန်ကို မပြောပလောက်သည့်ကိစ္စများအတွက်ပင် ကျွန်ုပ်အလေးအနက်ထားသည်။ ကျွန်ုပ် ငယ်ရွယ်စဉ်က မိုက်မိုက်ကန်းကန်း အတော်များများလုပ်ခဲ့သည်။ သို့ရာတွင် ကျွန်ုပ်အတွက် သတိတရားဖန်တီးပေးသော ကျွန်ုပ်၏ မန္တန်သည် ယင်းအခြေအနေမျိုးမှ လွတ်ထွက်လာစေရန်အတွက် အခါခပ်သိမ်း အကူအညီပေးလေသည်။

အကယ်၍ စိတ်ပိုင်းဆိုင်ရာကျင့်ဝတ်သီလဖြင့် နည်းစနစ်ကျစွာ အသုံးမပြုလျှင် မန္တန်သည် ကျွန်ုပ်ကိစ္စ၌ ဖြစ်လာသကဲ့သို့ပင် မောဟတရား၊ ဝိပ္ပလ္လာသတရားများကို ဖြစ်ပွားပေါ်ပေါက်စေသည်။ မောဟတရား၊ ဝိပ္ပလ္လာသတရားများသည် မစင်ကြယ်သော၊ အပိုးမကျိုးသော စိတ်နှလုံးမှ ပေါက်ဖွားလာသော သားသမီးများ ဖြစ်ကြသည်။ အကယ်၍ စိတ်နှလုံးသည် စင်ကြယ်သန့်ရှင်းပြီးအတွင်း သန္တန်ဘက် ရှေးရှုလျှင် မန္တန်သည်အကူအညီဖြစ်လာနိုင်သည်။ မန္တန်၏အနက်အဓိပ္ပာယ်ကို မသိနားမလည်လျှင် နည်းစနစ်ကျသော အသိတရားဖြစ်ပေါ်မလာနိုင်ပေ။ နည်းစနစ်ကျသော အသိတရားမရှိလျှင် မန္တန်နှင့် မန္တန်ကို အထပ်ထပ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည်အကျိုးများစွာ မဖြစ်ထွန်းနိုင်ပေ။

တစ်ရံရောအခါ မိမိ၏ အဇ္ဈတ္တအသိတရားကို ရှုမြင်ရန်နှင့် မိမိ၏အပြုအမူများကို သုံးသပ်ရန်အတွက် ကျွန်ုပ်သည် စကားမပြောဘဲ နှုတ်ပိတ် ရေငုံနေလေသည်။ ထိုအချိန်က ကျွန်ုပ်သည် ရာမ၏ ဇာတိ အယုဒ္ဓယ အပြင်ဘက်က သရယု (ဆရယု) မြစ်ကမ်းနားအား၌ နေသည်။ ကျွန်ုပ် တုံဏှိဘာဝအကျင့်ကျင့်နေပြီး နှုတ်ဖြင့် ထုတ်ဖော်ပြောပြ၍ ဆွမ်း၊ ခဲဖွယ်ဘောဇဉ် အလှူမခံဟု သိရှိကြသည်ဖြစ်၍ အနီးအနား ပတ်ဝန်းကျင်မှလူများသည် တစ်နေ့တစ်ကြိမ် ကျွန်ုပ်အတွက် စားဖွယ်သောက်ဖွယ် ယူလာပေးကြသည်။ ထိုအချိန်က နွေရာသီဖြစ်သည်။ ကျွန်ုပ်အတွက် အမိုးအကာနှင့်နေစရာဟူ၍ မရှိပေ။ တစ်ခုသော ညချမ်းအချိန်၌ မိုးသားတိမ်လိပ်များ တစ်ခဲနက် တက်လာပြီးလျှင် ပြင်းပြင်းထန်ထန် မိုးထစ်ချုန်းရွာချလေသည်။ ကျွန်ုပ်တွင် ခြုံစရာစောင်ရှည်ကြီး တစ်

mgyoe.com